www.burmeseclassic.com

တိုးယက်

စီစဉ်သည့်

# ကုန်းဘောင်ဆက်လူဝင်စားများ

နှင့်

# ဂမ္ဘီရဖြစ်ရပ်ဆန်းများ



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၄၈၂/၂၀၀၂(၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၉၁/၂၀၀၂(၇)

❐

မျက်နှာဖုံးပန်းချီ
ကျော်မြစ်

❐

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးတင်မောင်ဝင်း
(သင်းလွဲ့ဝင်းပုံနှိပ်တိုက်)
၁၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

❐

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၂-ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ-၁၀၀၀

❐

စာအုပ်ချုပ်
ဖောင်မြင့်

❐

ထုတ်ဝေသူ
ဦးမောင်ကလေး (၀၀၆၅)၊ သောကြာ အုပ်တိုက်
အမှတ် ၁၅၊ ဩဘာလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

❐

တန်ဖိုး -၆၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


- စိစဉ်သူ၏အမှာစကား — ၇
- စိတ်နှင့်ရုပ် — ရွှေဥဒေါင်း — ၉
- ဆရာရှိန်အောင်နှင့် ထူးဆန်းသောစိတ်အသိ — တိုးထက် — ၁၉
- ဆရာရှိန်အောင်နှင့် မေတ္တာတန်ခိုး — တိုးထက် — ၂၇
- ဆရာရှိန်အောင်နှင့် ဆန်းကြယ်သောအိပ်မက် — တိုးထက် — ၃၇
- ကိုယ်တွေ့တောခြောက်ခံရသောညဉ့်တစ်ညဉ့်– အမျိုးသားစာပေပထမဆုရညွှန့်ဝင်း — ၄၆
- ကျွန်ုပ်နှင့်ဒေါ်ကြည် — မောင်မြင့်မား(ဘိုကလေး) — ၅၉
- အိမ်ပြောင်းအကြိုနှစ်ခု — သုသုက — ၇၁
- ကျေးရွာသိသောမြွေတစ်ကောင် — သုသုက — ၈၆
- အစွမ်းထက်သောစက်ကြီးတစ်ဆယ့်သုံးပါးဂါထာ — သုသုက — ၉၈
- မြွေ(သို့မဟုတ်)အန္တရာယ် — သန်းမြင့်ဦး — ၁၀၇
- သူ့နယ်သူ့မြေ — တိုးတိုး — ၁၂၄
- ဒေါ်မြို့ချစ်နှင့်ဆုံခဲ့သောည — မောင်ညိုမှိုင်း(သန်လျင်) — ၁၄၂


### လူဝင်စားဖြစ်ရပ်ဆန်းများ


- ကိုယ်တွေ့ကြုံဖူးသော လူဝင်စားဆိန်းကလေးတစ်ဦး — ဦးငွေအောင်မွန် — ၁၅၇
- အသုဘရှုမည့်နေ့က လိုက်လာခဲ့သည့်လူဝင်စား — တင်တင်ဝင်း(ဗိုလ်ချိုမြေ) — ၁၆၇
- ကျွန်းဘောင်ဆက်လူဝင်စားများ — မောင်သန်းဆွေ(ထားဝယ်) — ၁၇၈


www.burmeseclassic.com

www.burmeseclassic.com

# စီစဉ်သူ၏အမှာစကား

ဤစာအုပ်စီစဉ်သူ၏ဖခင်ကြီး ကွယ်လွန်သူ စာရေးဆရာကြီးဦးအေးမောင် (တသေမိမာန်)က ပြောဖူးပါသည်။ သူသည် ငယ်ရွယ်စဉ်ကပင် စာဖတ်ဝါသနာပါ၍ စာအတော်များများဖတ်ရှုခဲ့ကြောင်း၊ သူငယ်စဉ်က "အထူးစိတ်ဝင်စားသော အကြောင်းအရာမှာ တစ္ဆေပုံပြင်များဖြစ်ခဲ့ကြောင်း၊ ထိုခေတ်အခါက နာမည်ကျော် စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးမှာ အထူးထင်ရှား၍ ဒဂုန်မဂ္ဂဇင်း၌ လစဉ် ပါရှိသော ဆရာမကြီး၏ မှော်ဆရာမှတ်တမ်းမှာ လူကြီးလူငယ် ကျား-မ,မရွေး စာဖတ်ပရိသတ်များ အားလုံး၏ အသည်းစွဲဖြစ်ခဲ့သည်ဟုဆိုပါသည်။

မြန်မာနိုင်ငံသားများကဲ့သို့ပင် ကမ္ဘာ့အခြားလူမျိုးများသည်လည်း လောက၌ တစ္ဆေ မုချရှိသည်ဟု ယုံကြည်ကြပါသည်။ တစ်နည်းဆိုရသော် တစ္ဆေသည် အခြားသတ္တဝါများနည်းတူ ရုပ်နာမ်တရားနှစ်ပါး ပေါင်းစပ်ထားခြင်းဖြစ်သည်ဟု မှတ်ထားကြ၏။ သို့ရာတွင် ယင်းတစ္ဆေသည် ရုတ်တရက်ပေါ်လာ၍ ရုတ်တရက် ပျောက်ကွယ်သွားတတ်၏။ တစ္ဆေကိုလူတိုင်းကိုင်တွယ်စမ်းသပ်၍မရအပ်။ ယင်းကို ဓာတ်ပုံရိုက်၍မရအပ်။ ယင်းပြောသောစကားများကို အသံသွင်း၍လည်း မရအပ်ချေ။ ဤအချက်မှာ တစ္ဆေအကြောင်းကိုကာလတာရှည်စူးစမ်းလေ့လာခဲ့ကြသော စိတ် ဝိညာဉ်သုတေသနပညာရှင်တို့၏လေ့လာတွေ့ရှိချက်များဖြစ်၍ ယင်းတို့နှင့် ပတ်သက်သော အခြားဆင်ခြင်သုံးသပ်ဖွယ်ရာများကိုလည်း ကျွန်ုပ်တို့မမေ့အပ်ပါချေ။

တစ္ဆေသည် အတိတ်ကာလက သက်ရှိထင်ရှားရှိခဲ့သော ကွယ်လွန်သူ တစ်ဦး၏ သက်မဲ့ဝိညာဉ်ဖြစ်၏။ ထို့ကြောင့် တစ္ဆေသည် မှီးကပ်နေသော ပရ ဝိညာဉ်၏ ရောင်ပြန်ဟပ်မှုဖြစ်ချေသည်ဟု ရှေးအခါကယူဆခဲ့ကြသည်။ စင်စစ် မှာကား တစ္ဆေဟူသည် ရှေးအခါက ကွယ်လွန်ခဲ့ပြီးသော သတ္တဝါတစ်ဦး၏ ရုပ်နာမ်တရားနှစ်ပါးလုံးချုပ်ငြိမ်းပြီးနောက် ပေါ်ပေါက်လာသော အခြားပရဝိညာဉ် ၏ အရိပ်နိမိတ်လက္ခဏာဖြစ်၏။ ပရဝိညာဉ်စိတ်ပညာဆရာတို့သည် တစ္ဆေ၏ အကြောင်းကို ဓမ္မဓိဋ္ဌာန်ကျကျ စူးစမ်းလေ့လာခဲ့ကြရာ သူတို့၏ တွေ့ရှိရချက်မှာ လူအများ၏ယုံကြည်ချက်နှင့် ကွဲပြားခြားနားနေကြောင်း တွေ့ကြရသည်။ ဤနေ ရာတွင် မြန်မာနိုင်ငံရောက် အင်္ဂလိပ်အရာရှိတစ်ဦး၏အတွေ့အကြုံတစ်ခုကို သာဓကအဖြစ် တင်ပြပါရစေ။

တစ်ရံရောအခါက အထက်မြန်မာပြည်တစ်နေရာ၏ တောထဲဝယ် ခရီးရက်စွဲဖြင့် အင်္ဂလိပ်အရာရှိသည် စခန်းချနေစဉ် နံနက်အရုဏ်တက်ချိန်တွင် ထူးခြားသောဖြစ်ရပ်တစ်ခုနှင့်ကြုံတွေ့ရ၏။ လူအများ အုပ်စုလိုက် ဟစ်အော် တားပြောသံ၊ ကလေးများငိုကြွေးသံ၊ မောင်းထောင်းသံ၊ ခွေးဟောင်သံ စသော ရပ်ရွာ၏အသံဗလံများကို ပြတ်ပြတ်သားသားကြီး ကြားသိနေရ၏။ တကယ်တော့ ထိုအရာရှိစခန်းချရာ ပတ်ဝန်းကျင်၌ ရွာလုံးဝမရှိဟုသိထားပြီးဖြစ်ရာ အံ့သွန်မတန်မှ



www.burmeseclassic.com

www.burmeseclassic.com

အုံညြစရာဖြစ်နေပါတော့သည်။ နောင်သောအခါ စုံစမ်းထောက်လှမ်းကြည့်ရာတွင် သူစခန်းချရာအနီး၌ ရှေးတုန်းက ရွာတစ်ရွာ အမှန်ရှိခဲ့ဖူးသည်ဆို၏။ ဝမ်းရောဂါဖြစ် ရွာလုံးကျွတ်မျှပျက်စီးခဲ့ရာမှ ရွာပါတိမ်ကော ပျောက်ပျက်သွားခဲ့ရခြင်းဖြစ်ကြောင်း သိရှိရတော့၏။

အချို့လူများ အနာဂတ်ကို ကြိုတင်သိမြင်ခြင်း၊ ဝေးအနှံ့ရာယ် အဝေးမှ ရှောင်ကြည့်နိုင်ခြင်းနှင့် အခြားအံ့ဖွယ်သရဲအမှုများတို့ကို ပြုလုပ်နိုင်ခြင်းသည် ကွယ်လွန်သူတို့၏ ပရဝိညာဉ်စွမ်းအင်ကို အထိုက်အလျောက်ခံစားရမှုဖြစ်သည် စိတ်ဝိညာဉ်သုတေသီဆရာအချို့တို့က ယုံကြည်ကြ၏။ ပရဝိညာဉ်တွေ့ရှိချက်များ အနက် အချို့တို့မှာ ကျွန်ုပ်တို့အဖို့ အံ့ဖွယ်သရဲဖြစ်သည်နှင့်အမျှ ဝမ်းနည်းဖွယ် ရာလည်းဖြစ်၏။ ဥပမာ အချို့သောကလေးသူငယ်များသည် ရှည်လျားသော ကိန်းဂဏန်းများပါဝင်သည့် အပေါင်း၊အနုတ်၊အမြှောက်၊အစားပုစ္ဆာများကို ရေး လိုက်ပါက အဖြေများကိုအားလုံးမှန်ကန်စွာ ချက်ချင်းပြောပြနိုင်ကြ၏။ ယ ဘဝတွင် သင်္ချာဘာသာကို ထူးချွန်ပေါက်မြောက်သော လူငယ်တစ်ယောက်သည် ရှေးဘဝက သင်္ချာပါမောက္ခဖြစ်ခဲ့သည်ဟုဆို၏။ တစ်ချိန်က ကလေးသူငယ် တစ်ယောက်မှာ အဘိဓမ္မာတရားများကို ဟောပြောတတ်သဖြင့် ပိဋကတ် မော ထွန်းကြိုင်အမည်ဖြင့် ကျော်ကြားခဲ့ဖူး၏။ ဤလူရည် ချွန်သူငယ်သည်လည် ရှေးက စာတတ်ပေတတ် ကျောင်းထိုင်ဘုန်းကြီးဖြစ်ခဲ့ကြောင်း ကြားသိကြရ စွဲလမ်းသောစိတ်စွမ်းအင်၏ ရလဒ်များဖြစ်သည်ဟု မှတ်ချက်ချရပါတော့သည်

ဤသည်တို့ကိုထောက်ရှုခြင်းအားဖြင့် အတိတ်ဘဝဟူသည်ရှိ၏။ နော ကျင်လည်ရဦးမည့်သံသရာဟူသည်ရှိ၏။ ကောင်းမှုကုသိုလ်ပြုသူသည် ကောင် ကျိုးချမ်းသာ လူနတ်ပြဟ္မာအဖြစ်ကို ခံစားနိုင်မည်။ မကောင်းမှုအကုသိုလ်ပြုမှ မိခဲ့လျှင်ကား ဆိုးကျိုးအထွေထွေ၊ ပြိတ္တာတစ္ဆေ၊ ငရဲတိရစ္ဆာန်၊ အသုရကာ စသော အပါယ်လေးရွာသားအဖြစ် ကျရောက်ခံစားကြရလိမ့်မည်ဟူသော မြတ်စွာဟောကြားမိန့်မြွက်ရာကို ထောက်ခံနေကြောင်းထင်ရှား၏။ ယခု စာ သူ စီစဉ်ထားသည့် ကုန်းဘောင်ဆက်လူဝင်စားများနှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းမျ စာအုပ်သည်လည်း စာဖတ်သူတို့အဖို့ သုတ၊ရသအဖြာဖြာခံစားရကာ တရ သံဝေဂရကြစေလိမ့်မည်ဟု မျှော်လင့်ပါသည်။ အထူးသဖြင့် ယခုစာအုပ်အတွ စာမူအသစ်များ ရေးသားချီးမြှင့်ပေးပို့သော စာရေးဆရာများနှင့် မဂ္ဂဇင်းမျ ဖော်ပြပြီးသော စာမူများကို ပြန်လည်အသုံးချခွင့်ပြုသော စာရေးဆရာ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း အမှာစကားပြောကြားရင်း စာဖတ် များအားလုံး ဒါနသီလဘာဝနာ၊ ဝိပဿနာသို့ ဦးတည်ခြည်ကျင့်နိုင်စေရေးအ ဤစာအုပ်ငယ်က တစ်စိတ်တစ်ဒေသ တွန်းအား ပေးလိမ့်မည်ဟု ယုံကြည်ပါသည်



www.burmeseclassic.com

www.burmeseclassic.com



စိတ်နှင့်ရုပ်

ရွှေဥဒေါင်း

ပင်။ စိတ်၊ စေတသိက်နဲ့ ရုပ်အကြောင်းကို ဆွေးနွေးမယ်လို့ ခင်ဗျားပြောတယ်၊ ဒီကနေ့ဆွေးနွေးကြစို့ဗျာ။

နုပ်။ ခင်ဗျားသိချင်တာမေးစမ်းဗျာ၊ ကျုပ်သိသလောက် ဖြေမှာပေါ့။ သို့သော် အခြားလူများနဲ့ အယူအဆကို ပုတ်ခတ်ဖို့ဖြေရှင်းဖို့ကတော့ တာဝန်မယူဘူးဗျာ။

ပင်။ ဟုတ်ပါပြီဗျာ၊ သတ္တဝါတွေမှာ ရုပ်နဲ့စိတ် ဘယ်ဒင်းက အလျှင်ဖြစ်သလဲဗျာ။

နုပ်။ စကြဝဠာအနန္တ လို့ဆိုတယ်။ စကြဝဠာဆိုတာ လွယ်လွယ် ဖြေရလျှင် ကမ္ဘာလို့ပဲခေါ်ကြပါစို့ဗျာ၊ ယင်းကမ္ဘာများ သည်လည်း ဖြစ်ချည်ပျက်ချည်ရှိနေကြတယ်လို့ ယုံကြည် လက်ခံထားကြတယ်။ ကမ္ဘာတစ်ခုပျက်ပြီး နောက် တစ်ဖန်ပြန်တည်တဲ့အခါမှာ ရုပ်တရားတွေက လ[illegible]ဦး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာရတယ်ဆိုတာကတော့ ရှင်းပါတယ်၊ ငြင်းနေစရာမရှိပါဘူး။

ပင်။ တည်စရာမြေကြီးဖြစ်ပေါ်ပြီးမှ သတ္တဝါက နောက်မှဖြစ်ပေါ်ရတာပေါ့ဗျာနော်၊ ထိုကဲ့သို့ဖြစ်ပေါ်လာတဲ့ သတ္တဝါများသည် အသစ်ချပ်ချွတ်တွေလားဗျာ။

နုပ်။ ယင်းတို့ကို ပုဂ္ဂိုလ်ကြီးတစ်ဦးတစ်ယောက်ကဖန်ဆင်းတယ်လို့ ယုံကြည်တဲ့သူများလဲရှိတယ်၊ ဗုဒ္ဓဝါဒနဲ့ ဟိန္ဒူဘာသာအရကတော့ ဟိုအလျင် ပျက်စီးသွားတဲ့ ကမ္ဘာမှ ကျန်ရစ်ခဲ့တဲ့ သတ္တဝါများဖြစ်တယ်လို့ဆိုကြတယ်၊

ပင်။ ကမ္ဘာပျက်တုန်းမှာ သတ္တဝါတွေက ဘယ်မှာနေကြသလဲဗျာ။

နုပ်။ အခြားသော ကမ္ဘာတစ်ခုခုမှာ ရွှေ့ပြောင်းပြီး သတ္တဝါတစ်မျိုးမျိုးဖြစ်နေကြတယ်လို့ဆိုကြတယ်။ တစ်နည်းကလဲ နေစရာကမ္ဘာမရှိသော်လဲ ကိန်းနေတဲ့သဘောနဲ့ တည်ရှိနေနိုင်တယ်လို့ တွေးဆနိုင်တယ်။

ပင်။ ကိန်းနေတယ်ဆိုတာ ဘယ်လိုပါလဲဗျာ၊ ဥဒါဟရုဏ်ဆောင်စမ်းပါ။

နုပ်။ အီဂျစ်ပြည်မှာ တူဘက်တမန်ဆိုတဲ့ ဘုရင်အလောင်းကို တူးဖော်ကြစဉ်အခါက မုယောစပါးအချို့ကို တွေ့ကြတယ်တဲ့ဗျ၊ တူဘက်တမန်ဘုရင်နဲ့ အလောင်းမြှုပ်နှံခဲ့တဲ့ခုနှစ်သက္ကရာဇ်က နှစ်ပေါင်းသုံးထောင်ကျော်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ယင်းမှယောစပါးများဟာလဲ နှစ်ပေါင်း သုံးထောင်ကျော်ပဲဖြစ်ရမယ်။ နို့ပေမယ့် မုယောစပါး တွေကို မြေကြီးမှာ ချစိုက်တော့ အပင်ပေါက်ကြတယ်တဲ့ဗျ။

ပင်။ တယ်အသက်ပြင်းပါကလားဗျာ။

နုပ်။ ကျုပ်ကတော့ အသက်ရှည်လို့ မခေါ်ချင်ပါဘူးဗျာ၊ မျိုးသဘောနဲ့ ကိန်းနေတယ်လို့ ခေါ်ချင်တယ်။

ပင်။ ဘာကြောင့် အသက်လို့မခေါ်ချင်သလဲဗျာ။

နုပ်။ အသက်ဆိုတာမျိုးဟာ 'ကြီးထွားမှု'ရှိရတယ်ဗျ၊ ကြီးထွားခြင်းမရှိဘဲ မပျက်မစီးတည်ရှိနေခြင်းကိုတော့ 'မျိုး' အဖြစ်နဲ့ 'ကိန်း'နေတယ်လို့ ကျုပ်ကဆိုချင်တယ်။

ပင်။ ကမ္ဘာပျက်သွားတဲ့အခါမှာ သတ္တဝါတွေက ဘယ်လိုနေရာမှာ ကိန်းနေကြသလဲဗျာ။

နုပ်။ အချိန်ကာလတို့၊ နေရာဒေသတို့ (Time and Space) ဆိုတာတွေဟာ ပညတ်တွေပဲဗျ၊ ပရမတ်တရားမဟုတ်ဘူး၊ အတိအကျလိုက်လို့ရတဲ့ သဘာဝတွေ မဟုတ်ဘူးဗျ။

ပင်။ နက်တယ်ဗျာ၊ ကျုပ်နားမလည်ဘူး။

နုပ်။ ကျုပ်လဲ ဒါလောက်ပဲပြောတတ်တယ်ဗျ၊ ကိုယ့်ဟာကိုယ် ကြံဆယူပေတော့။

ပင်။ ဒီလိုပဲ ပြီးရတော့မှာလားဗျာ။

နုပ်။ ခင်ဗျား ဉာဏ်မမီတာကို ကျုပ်ရှင်းမပြတတ်တော့ဘူး ဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ပင်။ ဘာကြောင့် ကျုပ်နားလည်အောင် ခင်ဗျားက မရှင်းနိုင်ရတာလဲဗျာ။

နုပ်။ ကမ္ဘာကျော်ဆရာကြီး အိုင်စတိုင်းရဲ့ ရီလေးတစ်ဗီတိကို ခင်ဗျား ဖတ်ဖူးသလား။

ပင်။ ဖတ်တော့ဖတ်ဖူးတယ်ဗျာ၊ ကောင်းကောင်း သဘောမပေါက်ဘူး။

နုပ်။ ဘာကြောင့်လဲဗျာ၊ သူက မရှင်းတတ်လို့လား၊ ခင်ဗျားက ဉာဏ်မမီလို့လား။

ပင်။ သူက မရှင်းတတ်လို့ဖြစ်နိုင်တာပေါ့ဗျာ။

နုပ်။ ဒါဖြင့် တချို့လူတွေကတော့ ဘာကြောင့် နားလည်ကြသလဲဗျာ။

ပင်။ ဟုတ်ပေတယ်ဗျို့၊ ကျုပ်က ဉာဏ်မမီလို့ထင်ပါရဲ့ဗျာ။

နုပ်။ ဒီလိုပဲ လူသာမန်တွေ ဉာဏ်မမီတဲ့ကိစ္စမျိုးတွေ ရှိတယ်ဗျ။

ပင်။ ကမ္ဘာတစ်ခုမှာတော့ ရုပ်တရားက အရင်ဖြစ်ပေါ်တာတော့ နားလည်ပါပြီ၊ ကမ္ဘာအဆက်ဆက်တွေကို နောက်ပြန်ကြည့်လိုက်ရင် ရုပ်နဲ့စိတ် ဘယ်ဒင်းက အရင်ဆုံးဖြစ်သလဲဗျာ။

နုပ်။ ရုပ်တို့ စိတ်တို့ ဆိုတာတွေက အလိုအလျောက်ကိုပဲအသိရ အလွန်ခက်တဲ့တရားတွေပါ၊ ကြက်ဥနဲ့ကြက်ကိုပဲ မေးပါဦး။



www.burmeseclassic.com

www.burmeseclassic.com



ာင်။ ဘယ်လိုလဲဗျာ။

ပ် ကြက်သည် ကြက်ဥမှပေါက်တယ်၊ ကြက်ဥသည် ကြက်မှ ပေါက်တယ်။ ဒါဖြင့် ကြက်ဥနှင့်ကြက် ဘယ်ဒင်းက အရင်ဖြစ်သလဲဗျာ။

ာင်။ ဟုတ်တာပဲဗျို့၊ ချာလပတ်လည်နေမှာပဲ။

နပ် ခင်ဗျား လောကဓာတ်ဆရာတွေကကော ဘယ်လို ဆုံဖြတ်သလဲဗျာ။

ာင်။ ကျုပ်တော့ မတွေ့ဖူးပါဘူးဗျာ။

ပ်။ သူတို့လဲဆုံးဖြတ်နိုင်မှာ မဟုတ်ပါဘူး၊ အလွန်ထင်ရှားတဲ့ ကြက်ကောင်နဲ့ ကြက်ဥကိုတောင် ဘယ်ဒင်းက အရင်ဖြစ်တယ်လို့ မဆုံးဖြတ်တက်ရင် အလွန်အသိရ ခက်တဲ့ ရုပ်တရားနဲ့ စိတ်စေတသိက်တရားတို့၏ အစကို ဘယ်သူက ဘယ့်နှယ်လုပ်ပြီး ဆုံးဖြတ်နိုင်မလဲဗျာ။

ာင်။ ကိုင်း...ရှေးဦးအစခြင်းအကြောင်းကို ထားလိုက်ပါတော့ ဗျာ၊ လူ့လောကကြီးမှာ စိတ်နဲ့ရုပ် ဘယ်ဒင်းက အရေးကြီးသလဲဗျို့။

ပ်။ ပထမအချက်က အနောက်တိုင်းပညာရှိများသည် လူ့ရဲ့ ခန္ဓာကိုယ်အကြောင်း ကိုဖြစ်စေ၊ ရုပ်ကလာပ်အကြောင်း ကိုဖြစ်စေ အသေးစိတ်လေ့လာသိရှိလာခဲ့တာဟာ အချိန် ကာလအတန်ကြာခဲ့ပြီး စိတ်အကြောင်းကို သူတို့ တော်တော်နှိုက်နှိုက်ချွတ်ချွတ် လေ့လာခဲ့ကြတာက



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်း ၅၀ ကျော်ပဲရှိသေးတယ်လို့ဆိုတယ်။ အရှေ့တိုင်းပညာရှိများကတော့ စိတ်အကြောင်းကို ဂေါတမဗုဒ္ဓလက်ထက်တော်လောက်ကတည်းက အိန္ဒိယပြည်၊ သီဟိုဠ်ကျွန်း၊ တိဗက်ပြည် အစရှိတဲ့ တိုင်းပြည်များမှ လေ့လာခဲ့ကြတယ်လို့ဆိုတယ်။

ပင်။ စိတ်ကိုလေ့လာရာမှာ သူတို့အနောက်တိုင်းပြည်များမှာကတော့ လက်တွေ့သံဘောတွေ ပါတယ်ဗျ၊ စိတ်ညှို့ပညာတို့ ဘာတို့ပေါ့ဗျာ။

နုပ်။ ကျုပ်တို့အရှေ့တိုင်းမှာလဲ ရှေးပဝေသဏီကတည်းက ဒိဗ္ဗစက္ခု–ဒိဗ္ဗသောတလို့ဆိုတာမျိုးတွေကို အိန္ဒိယနိုင်ငံမှာ လေ့လာခဲ့ကြတာပါပဲ၊ ဒီခေတ်မှာတောင် တိဗက်ပြည်မှာ မဟာယာနဂိုဏ်း၊ ဗုဒ္ဓဘာသာရဟန်းတော်ကြီးများဟာ ဈာန်အဘိညာဉ်ဘက်မှာ လေ့လာလိုက်စားကြတယ်ဆိုလို့ ဂျပန်ပြည်မှ ပရော်ဖက်ဆာကြီးတွေ သွားရောက်အားထုတ်ကြတယ်လို့ ကျုပ်ဖတ်ရဖူးတယ်၊ ဂျပန်ပြည်မှာလဲ ဆရာကြီး ဆူဇူကီးတို့ ဈာန်ဂိုဏ်းရှိတယ်လို့ ဖတ်ရဖူးတယ်။

ပင်။ ဒါကြောင့် စိတ်အကြောင်းနဲ့ပတ်သက်လာရင် အရှေ့တိုင်းပညာရှိများက အနောက်တိုင်းပြည်ရှိ ပညာရှိများထက် ပိုပြီးတတ်သိနားလည်မှုရှိတယ်လို့ ခင်ဗျား ယူဆတယ်ပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



နုပ်။ ကျုပ်ကတော့ ဒီလိုပဲယုံကြည်တယ်၊ သို့သော် ကမ္ဘာက အသိနည်းသေးတဲ့ ပညာရပ်တစ်ခု အနောက်တိုင်းမှာ ထွန်းကားစပြုနေတာကိုလဲ ကျုပ်ဖတ်ရဖူးတယ်။

ပင်။ ဘာလဲဗျ။

နုပ်။ ဝိညာဉ်သိပ္ပံ (Spiritual Science) ဆိုတဲ့ ပညာပေါ့ ဗျာ၊ ဒါကလဲ အခြေနဲ့အမြစ်နဲ့ အကြောင်းနဲ့အကျိုးနဲ့ ပြေပြေပြစ်ပြစ်ဖြစ်ပေါ်လာတဲ့ ပညာရပ်တစ်ခုပဲဗျ၊ ကျုပ်တို့မြန်မာပြည်က ဒီအကြောင်းကို တော်တော်တော့ အသိနည်းသေးတယ်။

ပင်။ ဝါဒတစ်ခုမဟုတ်ဘူးလားဗျာ။

နုပ်။ သူတို့အဆိုကတော့ ယုံကြည်မှုသက်သက်ဖြစ်တဲ့ ဝါဒ လို့တောင် မခေါ်ဘူး၊ သိပ္ပံပညာရပ်တစ်ခုလို့တောင် ဆိုထားတယ်။

ပင်။ ကျုပ်တို့တော့ မကြားဖူးသေးဘူးဗျာ။

နုပ်။ ဒီပညာကတော့ ရှာရှာဖွေဖွေ ဗဟုသုတလေ့လာတဲ့ လူများလောက်သာသိကြပါတယ်၊ သို့သော် ဒီပညာနဲ့ ပတ်သက်လို့ ထူးဆန်းချက်တစ်ခုရှိတယ်ဗျ။

ပင်။ ဘယ်လိုလဲဗျာ။

နုပ်။ ရုပ်ဝါဒဆရာကြီး ကားလ်မတ်စ်ရဲ့ ဝါဒရေးရာ ကြေညာ ချက်ဟာ ၁၈၄၈–ခုနှစ်မှ စတင်ကြေညာတယ်ဆို မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဝိညာဉ်သိပ္ပံပညာရပ်ဟာလဲ ၁၈၄၈–ခုနှစ်မှာပဲ စတင်ပေါ်ထွန်းလာတယ်ဗျ။

ပင်။ ဘယ်ပြည်မှာ စပြီး ပေါ်သတဲ့လဲဗျာ။

နုပ်။ အမေရိကန်ပြည်မှာ စပြီးပေါ်ပေါက်လာတယ်ဗျ။

ပင်။ ကျုပ်တို့တော့ မကြားဖူးပေါင်ဗျာ။

နုပ်။ ဒါတွင်မကသေးဘူး၊ အင်္ဂလန်ပြည်၊ ပြင်သစ်ပြည်၊ ဂျာမနီပြည်မှစ၍ ဥရောပတိုက်ရှိ တိုင်းပြည်တော်တော်များများမှာ ယုံကြည်လက်ခံထားကြသတဲ့ဗျ။

ပင်။ တစ်ပြည်တစ်ပြည်မှာ နည်းနည်းပါးပါးစီလောက် ထင်ပါလားဗျာ။

နုပ်။ ဘယ်ကမလဲဗျာ၊ အမေရိကန်ပြည်မှာဆိုရင်သန်းနဲ့ချီပြီး ယုံကြည်လက်ခံတဲ့လူတွေရှိတယ်ဆိုပဲ၊ အင်္ဂလန်တို့ ပြင်သစ်တို့မှာလဲ အများကြီးပဲတဲ့ဗျ။

ပင်။ သူတို့ဟာလဲ ကျမ်းဂန်စာပေတွေ ဘာတွေနဲ့လားဗျာ။

နုပ်။ သူတို့ပညာရပ်နဲ့ပတ်သက်လို့ စာအုပ်ပေါင်း နှစ်ထောင်ကျော် သုံးထောင်ထက်မနည်းရှိနေတယ်ဗျ။

ပင်။ တောက်တီးတောက်တဲ့လူတွေက လက်ခံယုံကြည်ကြတာလားဗျာ။

နုပ်။ မဟုတ်ဘူးဆရာရေ့၊ အင်္ဂလိပ်စုံထောက်ဝတ္ထုတွေမှာ ကမ္ဘာလွှမ်းတဲ့ စာရေးဆရာကြီး ကိုနင်ဒွိုင်းလ်တို့၊ လောကဓာတ်ပညာမှာ ကမ္ဘာကျော်တဲ့ ဆာအော်လီဗာလော့ဂျ်တို့



www.burmeseclassic.com

www.burmeseclassic.com



အပြင် နိုင်ငံကျော်ကြားတဲ့ပညာရှိပုဂ္ဂိုလ်ကြီးတွေ အမြောက်အမြားက လက်ခံယုံကြည်နေကြတယ်ဗျာ။

ပင်။ သူတို့စာအုပ်တွေကို ခင်ဗျားဖတ်ကြည့်ဖူးလား။

နုပ်။ စုံထောက်ဝတ္ထုရေးခြင်းအတတ်မှာ ကျုပ်ဆရာသမား ဖြစ်တဲ့ ကိုနင်ဒွိုင်းလ်ပါဝင်နေတော့ ကျမ်းစာအုပ် ၂၀ လောက် ဖတ်ဖူးပါတယ်။

ပင်။ ခင်ဗျားနားလည်တဲ့ ဗုဒ္ဓဝါဒစေတသိက်နဲ့ သူတို့ရဲ့ ဝိညာဉ်ပညာနဲ့ ဘယ်လိုခြားနားသလဲဗျ။

နုပ်။ ကွဲလွဲချက်တွေတော့ ရှိတာပဲ၊ သို့သော် ပရလောက ရှိပုံရယ်၊ လူသတ္တဝါတွေမှာ အနာဂတ်ဘဝ ရှိပုံတွေ ကတော့ တူတယ်ဗျို့။

ပင်။ ဘယ်ဒင်းကွဲလွဲသလဲဗျာ။

နုပ်။ အနတ္တတို့၊ နိဗ္ဗာန်တို့ ဆိုတာတွေကတော့ သူတို့ နားမလည်ရှာကြဘူး။

ပင်။ ရုပ်နဲ့စိတ်၊ စေတသိက် ဘယ်ဒင်းက ပိုအရေးကြီးတယ် လို့ ခင်ဗျား နားလည်ထားသလဲ။

နုပ်။ ကိုးကွယ်တဲ့ဘာသာအယူဝါဒရှိသူအပေါင်းကတော့ စိတ် ကအရေးကြီးတယ်လို့ဆိုကြတယ်။ နောက်ဘဝရှိတယ် လို့ မယုံကြည်တဲ့လူတွေကတော့ ရုပ်သာလျှင်အရေးကြီး သယောင် ယူဆကြတာပါပဲ။

ပင်။ နောက်ဘဝမရှိဘူးဆိုတော့ သေပြီးပျောက်ကရောပေါ့ဗျ၊



www.burmeseclassic.com

www.burmeseclassic.com



ရုပ်အလောင်းမြေမြှုပ်လိုက်၊ စိတ်ဆိုတာ ရုပ်မရှိတော့ ပျောက်သွားရော၊ ပြီးဆုံးသွားရောကိုးဗျ၊ ဘာသာရေး သမားအပေါင်းကတော့ ရုပ်အလောင်းကို မြေမြှုပ်လိုက် ပေမယ့် စိတ်(ဝိညာဉ်)က ဘဝသစ်တစ်ခုရောက်သွား လို့မို့ အဲဒီစိတ်ကလေးအတွက် ကြောင့်ကြစိုက်ရသေး တယ်လို့ နားလည်ရတာကိုးဗျ။

နုပ်။ မှန်ပါတယ်။ သို့သော် ကျုပ်ပြောချင်တာက နောက်ဘဝ အတွက်၊ မဟုတ်ဘူး၊ အသက်ရှင်လျက်ရှိတဲ့ ဤဘဝ အဖို့မှာ ရုပ်နဲ့စိတ် စေတသိက် ဘယ်ဒင်းကကို ဘယ်ပုံ အရေးကြီးတယ်ဆိုတာကို ဆွေးနွေးချင်တယ်ဗျာ။

ပင်။ ကိုင်း...ဒါဖြင့် နောက်တစ်ခေါက်မှ လုပ်ကြစို့ဗျာ၊ လာခဲ့ပါဦးမယ်။

(လုပ်သားသတင်းစာပါ မုဒ္ဒဝါဒရှုထောင့်ဆောင်းပါး အမှတ်စဉ် ၉ မှ ပြန်လည်ဖော်ပြပါသည်။)

ရွှေဥဒေါင်း



www.burmeseclassic.com

www.burmeseclassic.com

# ဆရာရန်အောင်နှင့် ထူးဆန်းသော စိတ်အသိ

တိုးထက်

"စိတ္တေန နီယတေ လောကော–စိတ်သည် လောကကို ဆောင်တတ်၏"ဟု ဗုဒ္ဓဘာသာ ကျမ်းဂန်ထွက်စကားရှိ၏။ စိတ်၏ အစွမ်းထက်ပုံကိုပြခြင်းတည်း။

စိတ်၏ တန်ခိုး၊ စိတ်၏ သတ္တိ၊ စိတ်၏ အာနိသင်ကြီးမားပုံကို ပြောကြ၏။ ရေးကြ၏။ လေ့လာကြ၏။ ရုပ်ဒြပ်အကောင်အထည်မရှိသော စိတ်တွင် သတ္တိစွမ်းအားရှိသည်ဆိုခြင်းမှာ အယုံရခက်၏။ ယခုခေတ်သည် သိပ္ပံပညာထွန်းကားနေသော ခေတ်ဖြစ်ရကား သိပ္ပံနည်းကျကျ လက်တွေ့စမ်းသပ်၍ပြနိုင်မှ ယုံကြည်သောခေတ်ဖြစ်၏။

အကောင်အထည်မရှိသောစိတ်ကို လက်တွေ့စမ်းသပ်ပြရန်မှာ ခက်ခဲလှပါဘိတောင်း၊ သို့သော် ထူးဆန်းသော စိတ်အသိကို လူတိုင်းလိုလိုပင် တစ်ခါတစ်ရံ တွေ့ဖူးကြုံဖူးကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပ်ဝေးတွင်နေသည့် မိတ်ဆွေတစ်ယောက်ကို တစ်ခါတစ်ရံ ရေးကထက် ပိုကာသတိရ၏။ ထိုသူ၏မျက်နှာကို တရေးရေး မြင်ယောင်နေ၏။ မကြာလှပါချေ။ ထိုသူရောက်လာတတ်၏။ သို့မဟုတ် ထိုသူ့ထံမှ အရေးကြီးသော စာတစ်စောင် ရောက်လာ တတ်၏။

တစ်ခါတစ်ရံတွင် ကြုံတွေ့ရတတ်ပုံမှာ ရပ်ဝေးမိတ်ဆွေ တစ်ဦးထံသို့ အမှတ်တရ စာတစ်စောင်ရေးလိုက်၏။ မကြာမီ ရက်အတွင်း "ထိုသူ့ထံမှလည်း စာရောက်လာ၏။ ထူးခြား သည်မှာကား မိမိပို့လိုက်သည့်စာနှင့် ထိုသူ့ထံမှ ရောက်လာ သည့်စာမှာ ရက်စွဲချင်း အတူတူပင်ဖြစ်နေလေသည်။

ယင်းသို့ဖြစ်ရသည်မှာ တစ်ယောက်နှင့်တစ်ယောက် ဝေးလံ သောအရပ်တွင် ရောက်နေကြပါလျက် တစ်ယောက်၏စိတ်ကို တစ်ယောက်က သိခြင်းပင်တည်း။

ဆယ့်သုံးနှစ်အရွယ်ရှိ ကျောင်းသူလေးတစ်ဦး နေ့လယ် ကျောင်းလွှတ်ချိန်တွင် နေ့လယ်စာ စားနေသည်။ ထိုစဉ် ညီမ ဖြစ်သူ၏ အော်ဟစ်သံကိုကြားလာရသဖြင့် အိမ်သို့ချက်ချင်း ပြန်ပြေးသည်။ လက်တွင် ဒဏ်ရာအကြီးအကျယ်ရထားသော ညီမငယ်ကိုတွေ့ရ၏။ ဆရာဝန်ကို အပြေးခေါ်ကာ ညီမငယ်အား အချိန်မီ ကယ်တင်နိုင်ခဲ့သည်။

ဆရာရန်အောင်တွင် ထိုအသိမျိုး မကြာခဏပေါ်လာ တတ်၏။ တစ်စုံတစ်ခု ထူးထူးခြားခြားဖြစ်တော့မည်ဆိုလျှင် တင်ကြို၍ သိနေသည်ကိုမကြာခဏ ကိုယ်တွေ့ကြုံရဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



## ကောင်းကင်က မီးလျှံတွေ

ဆရာရန်အောင် ငါးနှစ်သားအရွယ်က ဆရာ့ဇာတိ ဆင်ပေါင်ဝဲ၏ အရှေ့မြောက်ဘက် ဆယ်မိုင်မျှဝေးသော သပွတ်ကျောခေါ် ရွာတွင် မိဘများနှင့်အတူရောက်နေ၏။

မိုးဥတုညနေပိုင်းဖြစ်ရာ မိုးကလေးတဖွဲဖွဲရွာနေ၏။ ရန်အောင်၏စိတ်ထဲတွင် တစ်စုံတစ်ခုထူးထူးခြားခြား ဖြစ်ရတော့မည်။ တွေ့ရတော့မည်ဟုထင်ကာ အနောက်တောင်ဘက်အရပ်ဆီသို့ ငေးကြည့်နေမိ၏။

မကြာလှပါချေ။ အတော်ဝေးသည့်အရပ်ဆီတွင် ကောင်းကင်မှ မီးတောက် မီးလျှံတွေ အောက်သို့ကျလာ၏။

"ဟော ဟိုမှာ မီးတွေ . . .မီးတွေ၊ မိုးပေါ်ကကျလာတယ်" ဟု ရန်အောင်က အော်ပြောရာ လူကြီးများလာရောက်ကြည့်ရှုကြသော်လည်း ထိုမီးတောက်မီးလျှံများကို သူတို့မမြင်ကြရတော့ချေ။ သူတို့အရောက်နောက်ကျခြင်းကြောင့်ဖြစ်၏။

"အလကား အရူးကလေး၊ အရူးထပြီး အော်ချင်တာတွေ လျှောက်အော်နေတယ်" ဟု လူကြီးများက ရန်အောင်ကိုပြစ်တင်အော်ဟစ် ကြသည်။

နောက်နေ့တွင်ကား သတင်းထူးတစ်ခုကြားရတော့၏။ ရန်အောင်ရောက်နေသည့် သပွတ်ကျောရွာ၏ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာရှိ ခိုင်းရွာတွင် အိမ်တစ်အိမ်ပေါ်သို့ လောင်မီးကျကာ ထိုအိမ်ပြာကျသွားသည်ဟူသော သတင်းထူး ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



လှောင်မိုးကျခြင်းဆိုသည်မှာ ကောင်းကင်မှ မိုးတွေကျလာကာ လှောင်ကျွမ်းခြင်းဖြစ်၏။ ထိုလှောင်မိုးကား "လှောင်မိုးကျလျက်၊ နတ်တို့ စက်"ဟူသော ဝေါဟာရအရ နတ်များက မိုးတွေရွာ့ခြင်း မဟုတ်ပါပေ။ ကောင်းကင်တိမ်တိုက်အတွင်းမှ လျှပ်စစ်ဓာတ်များ ရောနှောမိုးဖြစ်ကာ အောက်သို့ကျလာခြင်းသာ ဖြစ်သည်။

## ဆန်းကြယ်သောစိတ်

၁၉၃၀-ပြည့်နှစ် ရန်အောင် အသက်(၂၆)နှစ်သားအရွယ်တွင် ရန်ကုန်တစ်ဖက်ကမ်း၊ ဒလမြို့အနီးရှိ ၆-နံပါတ်ရွာတွင် ရန်အောင် ကျောင်းဆရာလုပ်နေ၏။ တစ်ညနေတွင် ရန်အောင်သည် အိမ်ထဲတွင် နေလိုစိတ်မရှိသောကြောင့် အိမ်ရှေ့လမ်းပေါ်သို့ ထွက်လာကာ ထိုင်နေ၏။

"ဆရာလေး၊ လာလေ အိမ်ထဲ ဝင်ပါလား"ဟု အိမ်ထဲက လူများက ရန်အောင်ကို လှမ်းခေါ်ကြ၏။

ရန်အောင်သည် အိမ်ထဲသို့ ဝင်မည်ပြုပြီးမှ အိမ်ထဲသို့ ဝင်ရမည်မှာစိတ်ထဲတွင် လေးတေးတေးကြီးဖြစ်နေသောကြောင့် မဝင်ဘဲ လမ်းမပေါ်တွင်သာ ထိုင်နေမိ၏။

ရန်အောင်ထိုင်နေသည်မှာ အတော်ကြီးကြာ၏။ ညနေစောင်းအချိန်မှ နေဝင်ရီတရောအချိန်ထိဖြစ်၏။ အဘယ်ကြောင့် အိမ်ထဲသို့ မဝင်လိုဘဲ လမ်းပေါ်တွင်သာ ထိုင်နေချင်စိတ်ပေါ်ကာ သည်ကိုတော့ ရန်အောင်တစ်ယောက်အကြောင်းရှာ၍ မရပေ။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီတွင်ပင် အကြောင်းရင်းပေါ်လာတော့၏။ တော်လဲ သံကြိုးနှင့်အတူ မြေကြီးတွေသွက်သွက်ခါအောင် လှုပ်ယမ်းလေတော့ရာ ရန်အောင်နေသည့် အိမ်ရှိ ဗီရိုများ လဲကျသံ၊ ပန်းကန်ခွက်ယောက်များ ကျကွဲသံ၊ အော်သံ၊ ဟစ်သံ၊ မာန်သံများ ဆူညံသွားလေတော့သည်။

ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီကြီးပင်လျှင် ပြိုပျက်ရသော ငလျင်ကြီးလှုပ်သည့်ကာလတည်း။

အကယ်၍ ထိုအချိန်ကသာ ရန်အောင်အိမ်ထဲတွင်ရှိနေပါက တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရမည်မှာ သေချာလှ၏။ အကြောင်းမူကား ရန်အောင် အမြဲထိုင်နေကျ ပက်လက်ကုလားထိုင်ပေါ်သို့ ဗီရိုကြီးတစ်လုံး လဲကျကာ ကုလားထိုင်မှာ စိစိညက်ညက်ကြေသွားသောကြောင့်တည်း။

ရန်အောင်သည် ငလျင်လှုပ်မည်ကိုကား တင်ကြို၍သိခြင်းမျိုးတော့မဟုတ်။ သို့သော် မိမိအဖို့ အိမ်ထဲတွင်နေက ဘေးအန္တရာယ်တစ်စုံတစ်ခုဖြစ်မည်ကို သိသည့်သဖွယ် အိမ်ထဲတွင် မနေချင်သည့် အသိစိတ်ကား ဆန်းကြယ်လှပါတော့သည်။

## အမေ့အတွက် အန္တရာယ်

၁၉၆၇-ခုနှစ် ဩဂုတ်လခန့်ကဖြစ်၏။ ထိုအချိန်ကလည်း ရန်အောင်စိတ်ထဲတွင် တစ်စုံတစ်ခုဖြစ်တော့မည်၊ ဖြစ်လိမ့်မည်ဟု ထင်နေ၏။ မိမိအတွက် စိုးရိမ်ခြင်းမဟုတ်ဘဲ အသက်(၈၀) အရွယ်ရှိ ရန်အောင်၏ အမေအိုအတွက်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ၊ အစစအရာရာ သတိထားနော်၊ အစ်မ အသက်ကြီးလှပြီ"

ရန်အောင်သည် အညာဒေသ အခေါ်အတိုင်း အမေကို အစ်မဟုသာဆို၏။

ရန်အောင်၏အမေက "ဘာ သတိထားရမှာလဲဟဲ့၊ ငါ ကျန်းမာသားပဲ၊ တွေးပူမနေစမ်းပါနဲ့ဟယ်၊ သတ္တဝါတစ်ခု ကံတစ်ခုပေါ့" ဟု အမေက ဆို၏။

တစ်နေ့တွင် အမေသည် ရေနွေးအိုးကြီးကိုဆွဲကာ အိမ်အောက်ထပ်မှ အပေါ်ထပ်သို့တက်လာသည်ကို မြင်သဖြင့် ရန်အောင်သည် သမီးကိုအော်၍ခေါ်ကာ အမေ့လက်မှ ရေနွေးအိုးကို အယူခိုင်းရသည်။

မကြာလှပါချေ။ တစ်နေ့တွင် ရန်အောင် မြို့ထဲမှ အိမ်သို့ပြန်အရောက်တွင် အမေ့ကို ရေနွေးပူဒဏ်ရာတွေနှင့် တွေ့ရလေတော့သည်။

အမေသည် ထိုနေ့က လုပ်သလိုပင် ရေနွေးအိုးကြီးကို ကိုင်ဆွဲကာ အောက်ထပ်မှ အပေါ်ထပ်သို့အတက်တွင် ရုတ်တရက် လဲကျသွားသည်ဆို၏။ ယင်းသို့ လဲရာတွင် အမေ့လက်တစ်ဖက်သည် ကျိုက်ကျိုက်ဆူနေသော ရေနွေးအိုးထဲသို့ ရောက်သွား၏။ တစ်လခန့်ကုသနေသော်ငြားလည်း အမေ့လက်မှ ဒဏ်ရာကြီးက မပျောက်သေးပေ။

အမေ တစ်ခုခုဖြစ်တော့မည်ကိုသိသော ရန်အောင်၏ စိတ်ကား ဆန်းကြယ်သည်ဟုဆိုရချေမည်။



www.burmeseclassic.com

www.burmeseclassic.com



## အထူးအာရုံသိမှု

လောကတွင် အာရုံငါးပါးနှင့် သိတွေ့ခံစားနိုင်မှသာ 'အစစ်အမှန်'ဖြစ်သည်ဟူ၍ နှစ်ပေါင်းများစွာတိုင်အောင် ကျွန်ုပ်တို့ တစ်ထစ်ချ စွဲထင်မှတ်ယူခဲ့ကြသည်။

ယခုအခါတွင်မူ အထူးအာရုံသိမှုပညာသည် ကျွန်ုပ်တို့ လက်တွေ့လေ့လာစူးစမ်းရမည့် ပညာရပ်နယ်ပယ်တစ်ခုဖြစ်ကြောင်း သိပ္ပံပညာရှင်များက အသိအမှတ်ပြုလာရပြီဖြစ်သည်။ နေ့စဉ် ဖြစ်ရပ်များတွင်လည်းကောင်း၊ အရေးတကြီးသတိပေးစရာ ကိစ္စများပေါ်ပေါက်လာလျှင်လည်းကောင်း အဝေးမှ စိတ်ချင်း ဆက်သွယ်၍ သတင်းပေးပို့ကြကြောင်း လေ့လာတွေ့ရှိရသည်။ လူတစ်ဦးနှင့်တစ်ဦး တယ်လီပသီခေါ် အဝေးမှ စိတ်ချင်းဆက် သွယ်ခြင်းနည်းဖြင့် ဆက်သွယ်နိုင်သည်ကို စိတ်နယ်လွန်ပညာ ရပ်တစ်ခုအဖြစ် လက်ခံလျက် စူးစမ်းလေ့လာနေကြပြီဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့် ကွယ်လွန်သွားရှာပြီဖြစ်သော ဆရာကြီးဦးရန်အောင်၏ ထူးဆန်းသော ကိုယ်တွေ့စိတ်အသိ ကလည်း ကျွန်ုပ်တို့ စူးစမ်းလေ့လာသင့်သော စိတ်နယ်လွန် လောကထဲမှ အထူးအာရုံသိမှုပညာတစ်ရပ်ဖြစ်ပေတော့သတည်း။

တိုးထက်



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ထူးနှင့် တွေ့သည်ဆိုသော ဆရာကြီးဦးရန်အောင်

www.burmeseclassic.com

www.burmeseclassic.com

# ဆရာရန်အောင်နှင့် မေတ္တာတန်ခိုး

တိုးထက်

(၁)

ရန်အောင်(၉)နှစ်သားအရွယ် ငယ်စဉ်က ဘွားအေကြီးနှင့်အတူ ဝတ်ကျောင်းသို့လိုက်၍ ညစဉ်ဝတ်တက်ရသည်။

နောက်ဆုံးဝတ်ရွတ်စဉ်မှာ မေတ္တာခံနှင့် မေတ္တာပို့ဖြစ်၏။

မေတ္တာခံမှာ ဗုဒ္ဓဿမြတ်စွာဘုရား၏ သီဝံ–အလွန်ချမ်းမြေ့လှစွာသော၊ မေတ္တံ–မေတ္တာတော်မြတ်ကို၊ အဟံ–အကျွန်ုပ်သည်၊ ဂဏှာမိ–ခံယူပါ၏။

ထို့အတူပင် ဓမ္မဿ–တရားတော်မြတ်၏၊ သံဃဿ–သံဃာတော်မြတ်၏၊ မာတာပိတုနံ–အမိအဖတို့၏၊ အာစရိယာနံ–ဆရာတို့၏၊ ဉာတကာနံ–အဆွေမျိုးတို့၏၊ သဗ္ဗတံ–ခပ်သိမ်းကုန်သော သူတော်ကောင်းတို့၏၊ သီဝံ–အလွန်ချမ်းမြေ့လှစွာသော၊ မေတ္တံ–မေတ္တာတော်မြတ်ကို၊ အဟံ–ကျွန်ုပ်သည်၊ ဂဏှာမိ–ခံယူပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ရန်အောင်သည့် ထိုမေတ္တာခံကို မရွတ်မီ ပရိတ်မွမ်းရွတ်ရပါသေးသည်။ ပရိတ်မွမ်းမှာ မေတ္တာပို့ခြင်းအတွက် အကျိုးထူး (၁၁) ပါး ခံစားရကြောင်း ဖော်ပြရွတ်ဆိုခြင်း ဖြစ်ပါသည်။ ၎င်းတို့မှာ–

ချမ်းသာစွာအိပ်ရခြင်း၊ ချမ်းသာစွာနိုးရခြင်း၊ ဆိုးရွားယုတ်မာ၊ မကောင်းစွာသော၊ မင်္ဂလာပျက်၊ အိပ်မက်နိမိတ်တို့ကို မမြင်မမက်ရခြင်း၊ ရှစ်ရပ်မျက်နှာ၊ ရောက်လေရာ၌၊ ကလျာဏမိတ္တ၊ ဖြစ်ကြသကဲ့သို့၊ မြင်သမျှလူ၊ ကြည်ဖြူစုံမက်၊ နှစ်သက်လေးမြတ်၊ နတ်လဲနာလို၊ အချစ်ပိုခြင်း၊ မတွေ့မဝေဘဲ၊ သေလွန်စုတေရခြင်း၊ ဈာန်သမာပတ်၊ ရတုံလတ်က၊ အမြတ်ဗြဟ္မာ၊ ဆယ့်ခြောက်ရွာသို့၊ ကောင်းစွာလားရခြင်းတည်းဟူသော အကျိုးအာနိသင်၊ ဆယ့်တစ်အင်ကို၊ လျင်လျင်ကြီး ပေးတတ်သော ဗုဒ္ဓတ္တပဋိပဒါ၊ ပါရမီအဝင်၊ မန္တရားအထွတ်တင်၊ အောင်သိဒ္ဓိဘုရင်ကို ကြည်ရွှင်ပြန့်ပြော၊ သဒ္ဓါဇောဖြင့်၊ ဘောသာစုဇနာအို–သူတော်ကောင်းအပေါင်းတို့၊ ဣဒါနိ–ယခုအခါ၌၊ ဘာဝနာမ–မေတ္တာပွားတော်မူကြပါကုန်လော့။

(၂)

ရန်အောင် (၁၀)နှစ်သားအရွယ် ငယ်စဉ်က ဘိုးအေကြီးနှင့်အတူနေရရာ ဘိုးအေကြီးထံသို့ ဓမ္မမိတ်ဆွေအဘိုးကြီးများလာရောက်ကြပြီး တရားဓမ္မနှင့်ဆိုင်သော စကားများပြောကြသည်ကို ရန်အောင် သေချာစွာ နာယူမှတ်သား ကျင့်ကြံအားထုတ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မစကားဝိုင်းတွင် အဘိုးကြီးတစ်ယောက်က ပြောသည်။

"သတ္တဝါ အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေလို့ နှုတ်က ရွတ်၍ဖြစ်စေ၊ စိတ်ကရွတ်၍ဖြစ်စေ မေတ္တာပို့နေရင် အလွန် စိတ်ချမ်းသာရတယ်၊ ကုသိုလ်လဲ အင်မတန်ဖြစ်တယ်"

အခြားအဘိုးကြီးတစ်ယောက်က ပြောပြန်၏။

"အဲဒီလို မေတ္တာပို့ကို ထွက်သက်ဝင်သက်(အာနာပါန) နဲ့တွဲပြီး အားထုတ်ရင် ပိုပြီးတောင်ကောင်းသေးတယ်၊ အားထုတ် နည်းကတော့ ဝင်သက်ရှူရင် သတ္တဝါအားလုံးလို့ စိတ်ကရွတ်။ ထွက်သက်ထုတ်ရင် 'ချမ်းသာပါစေ'လို့ စိတ်ကရွတ်။ အဲဒီအတိုင်း ပဲ ဝင်သက် 'သတ္တဝါအားလုံး' ထွက်သက် 'ချမ်းသာပါစေ'လို့ အမြဲရွတ်ဆိုပြီး မေတ္တာပို့နေရင် အလွန်ကောင်းတယ်၊ အလွန် စိတ်ချမ်းသာရတယ်၊ အလွန်ကုသိုလ်ဖြစ်တယ်"

ယင်းသို့ အဘိုးကြီးများ ပြောဆိုညွှန်ကြားသည့်အတိုင်း ရန်အောင်ငယ်စဉ်ကစ၍ အသက်အရွယ်ရသည့်အထိ(ဝါ) ဇရာ အရွယ်ရောက်သည့်တိုင်အောင် မေတ္တာပို့ခြင်း၊ တစ်နည်းပြောရ လျှင် မေတ္တာဘာဝနာ မေတ္တာသမထလုပ်ငန်းကို နေ့စဉ်အားထုတ် ကျင့်ကြံလုပ်ဆောင်လာခဲ့ရာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ သည့် အကျိုးထူးများ ကိုယ်တွေ့ရရှိခံစားရပါသည်။

(၃)

"စေတနာသည် ကံဖြစ်သည်"

"မိမိ၏ စိတ်စေတနာအတိုင်း အကျိုးပေးသည်"



www.burmeseclassic.com

www.burmeseclassic.com



ဤပြဒါဝါဒ အေသနာအတိုင်း ကံကောင်းလိုလျှင် အကျိုးထူး ခံစားလိုလျှင် စိတ်ကောင်း စေတနာကောင်းထားရမည်ဟု ရန်အောင် ယုံကြည်ခဲ့သည်။

စိတ်ကောင်း စေတနာကောင်းဟူသည်–

(၁) ချစ်ခြင်းမေတ္တာ၊

(၂) သနားကြင်နာခြင်း ကရုဏာ၊

(၃) ကောင်းစားနေသူအတွက် ဝမ်းမြောက်ခြင်း မုဒိတာ၊

(၄) မမုန်း–မချစ် လျစ်လျူရှုခြင်း ဥပေက္ခာ၊

ဤဗြဟ္မစိုရ်တရားလေးပါးနှင့်အညီ စိတ်ထားနှလုံးထားရှိသူသည် စိတ်ကောင်း စေတနာကောင်းမွေးသူ၊ သူတော်ကောင်းစိတ်ခေတ်မျိုး ရှိသူဖြစ်လျက် လောကီ လောကုတ္တရာနှစ်ဖြာသော အကျိုးထူးတရားများကို ရရှိခံစားရမည်ဖြစ်သည်။

ဤဗြဟ္မစိုရ်တရားလေးပါးတွင် မေတ္တာဟူသော ချစ်ခြင်းသည် အဓိကပင် အရေးအကြီးဆုံး အချက်ဖြစ်၏။

ချစ်ခြင်းမေတ္တာ တကယ်ကိန်းအောင်းတည်နေပါလျှင် ဒုက္ခ ရောက်သူ၊ သောကဖြစ်နေသူများကိုလည်း ကြင်နာသနား လေတော့သည်။

သုခဖြစ်နေသူ၊ စိတ်ချမ်းသာနေကြသူများကိုတွေ့လျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေတော့သည်။

ရန်သူကိုပင်လျှင် မမုန်း၊ တဏှာပေမဖြင့်လည်း မချစ်၊ မမုန်း၊ လျစ်လျူရှုနိုင်လေတော့သည်။

ထို့ကြောင့် မေတ္တာစိတ် 'မေတ္တာဓာတ်အရှင်ခံလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကျန်သော ဗြဟ္မစိုရ်တရား'များလည်း ကိန်းအောင်းတည်နေကာ မိမိအတွက်သော်လည်းကောင်း၊ သူတစ်ပါးအတွက်သော်လည်း ကောင်း ကောင်းကျိုးချမ်းသာ ရလေတော့သည်။

မေတ္တာစိတ်၊ မေတ္တာစေတ် ခေါင်းပါးကင်းပျောက်လျှင်ကား မိမိရော သူတစ်ပါးပါ ဆင်းရဲဒုက္ခအမှန်တွေ့ကြရမည်သာ ဖြစ်လေသည်။

(၄)

လူအပေါင်းတို့သည် တစ်ဦးနှင့်တစ်ဦး မေတ္တာစေတနာထားကြလျှင် တိုက်ခိုက်မှု၊ ညှဉ်းပမ်းနှိပ်စက်မှု၊ အနိုင်ကျင့်မှု၊ အကြမ်းဖက်သတ်ဖြတ်မှု၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲပြုမှု စသည့် မကောင်းမှုမှန်သမျှတို့ ပျောက်ပကင်းရှင်းမည် ဖြစ်သည်။

တစ်တိုင်းပြည်နှင့်တစ်တိုင်းပြည် စစ်မက်ဖြစ်ပွားတိုက်ခိုက်ကြခြင်းမှာ မေတ္တာစေတ်ကင်းမဲ့ပြီး ဒေါသစိတ်ပြင်းထန်ကြသောကြောင့်ဖြစ်ရာ မေတ္တာတရား ကဲပိုးကြပါလျှင် စစ်ပွဲများလည်း ဖြစ်တော့မည်မဟုတ်ပေ။

မေတ္တာ စေတနာထားကြပါလျှင် ခိုးမှု၊ တိုက်မှု၊ လုယက်မှု၊ လိမ်လည်၍ ငွေကြေးပစ္စည်းဥစ္စာယူမှုမှအစ အမြတ်ကြီးစားမှုများပါမကျန်ရှိတော့မည်မဟုတ်ရာ စားဝတ်နေရေး အဆင်ပြေပေလိမ့်မည်။ အေးချမ်းသာယာ ပြည့်ဝဆာလိမ့်မည်။

မေတ္တာစိတ်ရှိကြပါလျှင် သူတစ်ပါးသားမယားကိုပြစ်မှားမှု၊ ကာမသောင်းကျန်းမှုများလည်း ရှိတော့မည်မဟုတ်ပေ။ ချစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာ ရှိကြပါလျှင် မိမိ၏အကျိုးအတွက် မတရားလိမ်လည် ပြောဆိုမှုများ ကင်းရှင်းသွားမည်ဖြစ်၏။

တစ်ဦးနှင့်တစ်ဦး ချစ်ကြခင်ကြလျှင် စိတ်ဝမ်းကွဲ အောင် ကုန်းတိုက်မှုပြုမည် မဟုတ်ပေ။

အချုပ်ဆိုရလျှင် မေတ္တာခြုံမှ လုံမည်။ မေတ္တာကပ်မှ မြတ်သည်။ မေတ္တာဆေးမှ အေးမည်။ မေတ္တာဆောင်မှ အောင်မည်။ မေတ္တာပြုမှ နုမည်ဖြစ်ရာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ခြင်း၊ မေတ္တာစေတနာထားကြမှသာလျှင် လူ့လောက သာယာအေးချမ်းမည် ဖြစ်လေသည်။

စာရေးဆရာကြီး လယ်တီပဏ္ဍိတ ဦးမောင်ကြီးက မေတ္တာ၏ တန်ခိုး၊ မေတ္တာ၏ စွမ်းအင်ကြီးမားထက်မြက်ပုံကို အောက်ပါ အတိုင်း ရေးသားခဲ့လေသည်။

"လောကတစ်ခွင် မဆန့်ကျင်ဘဲ၊ ချစ်ခင်မြတ်လေး၊ ကျွမ်းဝင်ဆေးကား၊ ကြည်အေးမေတ္တာ၊ လက်တွေ့သာတည်း။ ကိုယ်မှာအမြဲ ဆောင်သုံးစွဲက ဘေးလွှဲရန်ကာ၊ စိတ်ချမ်းသာလျက်၊ စိန္တာမဏိ၊ တန်ခိုးရှိသို့၊ သိဒ္ဓိသီးသီး၊ ဘုန်းတန်းကြီးသည်၊ ရှိန်းပြီးမေတ္တာ မန္တာန်တည်း"

မေတ္တာအကျိုး ဆယ့်တစ်မျိုးလင်္ကာမှာ-

"အိပ်သော် ချမ်းသာ၊ နိုးခါသုခ၊ မြတ်လှအိပ်မက်၊ နှစ်သက်လူတို့၊ နတ်တို့ချစ်ခင်၊ နတ်ပင်စောင်မ၊ မကျဘေးရန်၊ ဖြောင့်မှန်တည်ကြည်၊ ရှင်ကြည်မျက်နှာ၊ သေခါမတွေဝေ၊ ဗြဟ္မာပြေ၊ ရောက်လေဆယ့်တစ်မျိုး၊ မေတ္တာတန်ခိုး"



www.burmeseclassic.com

www.burmeseclassic.com



(၅)

မေတ္တာ၏ တန်ခိုးအာနိသင်ထက်မြက်ပုံကို ဆရာရန်အောင်ကိုယ်တိုင် ကိုယ်တွေ့ကြုံခဲ့ဖူးသော အဖြစ်အပျက်တစ်ရပ်ကို တင်ပြလိုပါသည်။

အချိန်မှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းဖြစ်ရာ ရန်ကုန်မြို့တွင် ဗုံးဒဏ်၊ စက်သေနတ်ဒဏ် အကြီးအကျယ်ခံကြရလျက် လူပေါင်း မြောက်မြားစွာ သေဆုံးကြရသည့် အချိန်ကာလတွင် ဖြစ်သည်။

တစ်နေ့သော ညနေအချိန်တွင် ကြောက်မက်ဖွယ်ရာ အ,မင်္ဂလာအသံကြီးကြားကြရ၏။ ရန်သူလေယာဉ်ပျံတွေ လာနေပြီဟု အချက်ပေးသော ခွေးအူသံလိုအသံဆိုးကြီးတည်း။

ရန်အောင်နေထိုင်သည့် ဗဟန်း ကြားတောရလမ်းမှ မယာကျား၊ မိန်းမ၊ လူကြီး၊ လူငယ်များနှင့် ရဟန်းတော်များပါ မကျန် ဗုံးဒဏ်၊ စက်သေနတ်ဒဏ်မှ ကင်းလွတ်လို ကင်းလွတ်ငြား သဘောထားကြကာ မြေအောက်တွင်ရှိသည့် ရောမပိုက်လုံးကြီး အတွင်းသို့ ဝင်ရောက်ပုန်းခိုနေကြသည်။

လေယာဉ်ပျံသံများ ကြားရချေပြီ။ လေယာဉ်ပျံသံများ တဖြည်းဖြည်း နီး၍နီး၍လာကာ ရန်အောင်တို့ပုန်းအောင်းနေသည့် နေရာ၏ အထက်တည့်တည့်ဆီသို့ ရောက်လာကြ၏။

ဝုန်း–ဒိုင်း–ဒက်–ဒက်–အုံး ဟူသော ဗုံးချသံ၊ စက်သေနတ် ပစ်သံကြီးများ အဆက်မပြတ်ကြားကြရလေရာ ပုန်းခိုနေသူ အပေါင်းတို့ အတိုင်းမသိ အကြောက်ကြီးကြောက်ကြသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ငိုသူငို၊ အော်သူအော်၊ ဆောက်တည်ရာမရ လူပ်လူပ်ရှားရှား ထူးထူးခြားခြား ရှုးမှုးသွားကြမလားဟု ထင်မှတ်ရလောက်အောင် အဖြစ်ဆိုးကြီး ဖြစ်နေကြရှာသည်။

မှတ်မှတ်ရရ ရန်အောင် မြင်ကွင်း၌ပင် အချို့မှာ အကြောက်လွန်ကာ သတိလစ်သွား၏။ အချို့ကား အညစ်အကြေးများပင် ပါချကြလေသည်။

ယင်းသို့ဖြင့် သေရမည်ကို အတိုင်းမသိ ကြောက်ကြကာ အရူးသဖွယ်ဖြစ်လျက် ဆောက်တည်ရာမရ တုန်လှုပ်ချောက်ချား နေသူများကို ရန်အောင်ကြည့်ကာ အကြီးအကျယ်သနားသွားမိ၏။

ထိုသို့ ဒုက္ခကြုံတွေ့နေရသူတို့ကို ထူးထူးခြားခြား ရန်အောင် သနားသည့်အတိုင်းပင် ထူးထူးခြားခြားပြုလုပ်လိုက်လေသည်။

ရန်အောင်သည် တင်ပျဉ်ခွေထိုင်လိုက်ကာ မျက်စိများကို မှိတ်ထားပြီး စိတ်အားထက်သန်စွာ မေတ္တာပို့၏၊ ဆန္ဒပြု၏။ ဆုတောင်း၏။

"ကျလာသမျှ ဗုံးတွေ၊ စက်သေနတ်ကျည်ဆံတွေသည် ကျွန်တော့်အပေါ်သို့သာ ကျပြီး အခြားသူများ ဘေးရန်ကင်းကြပါစေ"

ယင်းသို့ရွတ်ဆိုရင်း ရန်အောင် ကြက်သီးတွေ တဖြန်းဖြန်းထလာကာ ပြောမပြနိုင်သော ပီတိသုခခံစားရပါသည်။

ပီတိသုခ ခံစားရလေ ထပ်ကာထပ်ကာ ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာပို့လေ၊ ဆုတောင်း မေတ္တာပို့လေ ပီတိသုခပို၍ပို၍ ခံစားရလေ။

မကြာမီ ဗုံးသံ၊ စက်သေနတ်သံများ စဲ၍သွားပါပြီ။ လေယာဉ်ပျံသံများလည်း ဝေး၍ဝေး၍သွားကာ နောက်ဆုံးတွင် ပျောက်ကွယ်သွားပါပြီ။

အေးကင်းပြီ၊ အေးပြီ၊ ငြိမ်းပြီဟူသော အထိမ်းအမှတ် ဥသြသံများလည်း ထွက်ပေါ်လာပါပြီ။ ကြီးမားသော ကွန်ကရစ် ပိုက်လုံးကြီးထဲတွင် ပုန်းအောင်းနေသူများမှာ စိတ်အေးချမ်းသာ ဖြစ်သွားကြလျက် ပြုံးကာရယ်ကာဖြင့် ပိုက်လုံးကြီးအတွင်းမှ ထွက်လာကြ၏။

သူတို့ဝမ်းသာကြသည်ထက် ရန်အောင်က ပိုပြီးဝမ်းသာ ကြည်နူးရပါသည်။

အံ့ဩဖွယ်ရာထူးခြားပုံမှာကား ထိုအချိန်ကာလ၏ နောက် ပိုင်းတွင် ရန်အောင်တို့မိသားစုနေထိုင်သည့် ကြားတောရလမ်း၌ ဗုံးကျခြင်း၊ စက်သေနတ်ပစ်ခြင်း တစ်ကြိမ်တစ်ခါမျှ မဖြစ်တော့ပါ။

မေတ္တာတန်ခိုး၊ မေတ္တာစွမ်းအားကား အတိုင်းမသိ ကြီးမား လှပါပေသည်တကား။

ကွယ်လွန်သူစာရေးဆရာကြီး(ဦး)ရန်အောင်၏ ကိုယ်တွေ့ မေတ္တာတန်ခိုးအား စာဖတ်ပရိသတ်များခံစားနိုင်ရန်အတွက် မျှဝေ ဖော်ပြလိုက်ရပေသည်။

တိုးသက်



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၃-ခုနှစ် ပထမအကြိမ် စာပေနှင့် စာနယ်ဇင်း ညီလာခံတွင်
ဆရာကြီး ဦးရန်အောင်နှင့်အတူ ဤစာအုပ် စီစဉ်သူတို့ အမှတ်တရ။



www.burmeseclassic.com

www.burmeseclassic.com

# ဆရာရန်အောင်နှင့် ဆန်းကြယ်သော အိပ်မက်

**တိုးထက်**

လူတိုင်းပင် အိပ်ပျော်နေစဉ်တွင် အိပ်မက်မက်တတ်ကြသည်။ အိပ်မက်ထဲ တွင် တွေ့ကြုံဖြစ်ပျက်သည့် အကြောင်းအရာများသည် နောင်အခါတွင် အမှန်တကယ် ဖြစ်ပျက်လာသည်ချည်းကားမဟုတ်ချေ။ သို့သော် တစ်ခါတစ်ရံတွင် အိပ်မက်ထဲက အတိုင်း အံ့ဩဖွယ်ရာ တကယ်ဖြစ်ပျက်လာတတ်သည်ကိုလည်း ကြားဖူးကြပေလိမ့်မည်။ ဤတွင် စာရေးဆရာကြီး ဦးရန်အောင် ကိုယ်တိုင် တွေ့ကြုံဖူးသည့်ဆန်းကြယ်သော အိပ်မက်တချို့ကို ဖော်ပြပါမည်။

* * *

ဆရာရန်အောင် (၃၆)နှစ်သားအရွယ်တွင် မင်းဘူးမြို့အနီးရှိ ရွှေစက်တော်ဘုရားသို့ ဖူးမြော်ရန်သွားခဲ့၏။ ရွှေစက်တော်ဘုရားမှအပြန်တွင် ကျောင်းတော်ရာဘုရားကို ဖူးမြော်ရန် လယ်ကိုင်းမြို့သို့ ရောက်ရာတွင် ဆရာရန်အောင် အကြီးအကျယ် အံ့ဩရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ လယ်ကိုင်းမြို့အနီးရှိ ဘုရားကျောင်းအို စေတီပျက်များသည် တစ်ချိန်က ဆရာရန်အောင် မြင်ဖူး၊ တွေ့ဖူးခဲ့သည်ချည်းဖြစ်နေ၏။ အမှန်မှာကား လယ်ကိုင်းမြို့သို့ ရှေးဦးစွာ ရောက်ဖူးခြင်းသာဖြစ်ရာ ယခုမှတွေ့ရ၊ သိရပါလျက် ဤမြို့၊ ဤဘုရား၊ ဤစေတီများကို အဘယ်ကြောင့် မြင်ဖူး၊ တွေ့ဖူးနေရပါသနည်းဟု စဉ်းစားလိုက်သောအခါတွင်ကား ဆရာရန်အောင် အိပ်မက်ထဲတွင် မြင်ဖူး၊ တွေ့ဖူးခြင်း၊ အိပ်မက်မက်ဖူးခြင်းဖြစ်နေပါတော့သည်။

* * *

တစ်ခါတွင်လည်း ဆရာရန်အောင် အဖြစ်ထူးတစ်ရပ်ကြုံရဖူး၏။ စာရေးဆရာမ ဂျာနယ်ကျော်မမလေးသည် အနော်ရထာလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းထောင့်ရှိ တိုက်အပေါ်ထပ်တွင်နေထိုင်စဉ်ကဖြစ်သည်။ ဂျာနယ်ကျော်မမလေးနှင့် တွေ့လိုသဖြင့် သူနေသည့်တိုက်သို့ ဆရာရန်အောင်ရောက်သွားရာ အံ့သြလွန်းလှသဖြင့် ရုတ်တရက်စကားမပြောနိုင်ဖြစ်ရ၏။ အတန်ကြာမှ ဖြစ်ပုံကို မမလေးအားပြောပြရသည်။

"မမလေးရေ၊ ထူးတော့ဖြင့် တော်တော်ထူးတာပဲ၊ ဟောဒီ မမလေး အခုနေတဲ့တိုက်၊ အိမ်ထောင်ပရိဘောဂထားသိုတာ တွေကလဲ ဒီအတိုင်းပဲ၊ ကုန်ကုန်ပြောလိုက်မယ်၊ စားပွဲပေါ်မှာ တင်ထားတဲ့ ပန်းအိုးထဲက ပန်းတွေကအစ တစ်သွေမတိမ်းဘူး၊ မမလေးကလဲ ဟောဒီကုလားထိုင်ပေါ်မှာ ဒီလိုပဲထိုင်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို အရင်ကတည်းက ကိုယ်မြင်တွေ့နေတာ၊ ခုတော့ မြင်တွေ့ ထားတဲ့အတိုင်း တစ်ပုံစံတည်းပဲ"

"ဘယ်တုန်းက မြင်ဖူးနေတာလဲ"

ဟု မမလေးက မေး၏။

"အိပ်မက်ထဲမှ မြင်ဖူးနေတာ"

"အိပ်မက်ထဲမှာ မက်တာက ဘယ်လောက်ကြာပြီလဲ"

"ကြာလှပါပြီ၊ နှစ်တော်တော်ကြာရော့မယ်"

"ကျွန်မ ဒီတိုက်ကိုပြောင်းလာတာ မကြာသေးပါဘူး"

"ဟုတ်တယ်လေ၊ ဒါကြောင့် အံ့သြရတာပေါ့၊ နောင်မှ ဖြစ်မယ့်၊ တွေ့မယ့်အကြောင်းတွေကို တင်ကြိုပြီး အိပ်မက် မက်ထားတာဟာ တော်တော်ဆန်းတယ်၊ ကိုယ်တိုင်မကြုံဖူးတဲ့လူ ဆိုရင် ဘယ်နည်းနဲ့မှ ယုံမှာမဟုတ်ဘူး"

* * *

တစ်ခါကလည်း ဆရာရန်အောင်အဖို့ အမှတ်တရပြောစရာ ကိစ္စတစ်ရပ်ကြုံဖူး၏။ ၁၉၆၈–ခုနှစ်ကဖြစ်သည်။ ဆရာရန်အောင် သည် တောင်သူလယ်သမားတို့ဘဝကို လေ့လာပြီး စာပေဗိမာန် အတွက် လုံးချင်းဝတ္ထုတစ်ပုဒ်ရေးသားရန်အတွက် ဒေးဒရဲနယ်၊ တော်ချိုက်ရွာသို့ ရောက်သွားသည်။

တော်ချိုက်၏အနီး ပင်လယ်ကမ်းစပ်တွင် တမာတကော ရေကာတာကြီးသည်ပင်လျှင် အင်္ဂလိပ်တော်လှန်ရေးသမိုင်း၏ မှတ်တိုင်ကြီးတစ်ခုဖြစ်သည်။ ၁၉၃၀–ပြည့်မတိုင်မီက ထိုတမာ တကောရေကာတာကြီး မရှိသေးချေ။ ရေကာတာရှိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မိုးရာသီကောက်ပင်တွေ စိုက်ပျိုးဖြစ်ထွန်းနေချိန်တွင် ပင်လယ်ရေ တက်လာကာ ဖုံးလွှမ်းသွားသဖြင့် လယ်သမားများမှာ မျိုးစပါးပင် ပြန်မရသည့်အခြေအနေဆိုးသို့ ရောက်ခဲ့ကြရ၏။

လယ်သမားတွေမှာ လယ်ယာများပျက်စီးကုန်သဖြင့် စပါး မရသော်လည်း အင်္ဂလိပ်အစိုးရက လယ်ခွန်ကိုအတင်းတောင်း၏။ ထိုစဉ်က လယ်ခွန်သာလျှင်မက လူခွန်လည်းပေးရလေရာ လယ် သမားအတွက် ၅–ကျပ်၊ လူပျိုဖြစ်လျှင် ၂–ကျပ်ခွဲ၊ နှစ်စဉ်အခွန် ဆက်ရသည်။

လယ်သမားများစပါးတွေ ပျက်စီးကုန်သဖြင့် လယ်ခွန်၊ လူခွန် မပေးနိုင်ကြသောအခါ ပစ္စည်းတွေကိုသိမ်းတော့သည်။ အင်္ဂလိပ်လက်ပါးစေ ကုလားစစ်ပုလိပ်တို့က လယ်သမားတွေကို နှိပ်စက်ညှဉ်းဆဲသည်။ အချို့လယ်သမားများလည်း ထောင်ကျ သည်။

ဤကဲ့သို့သော အဖြစ်ဆိုးကို လယ်သမားတို့ ကြုံတွေ့ ကြရသောအခါ သာယာဝတီဆရာစံနှင့် အဆက်အသွယ်ပြုကာ သူပုန်ထကြ၏။ တော်ချိုက်၊ ထန်းတော၊ တမာတကော၊ ရှမ်းကန်၊ မရမ်းစသည့်ရွာများမှ တောင်သူလယ်သမားတို့သည် အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန်ကြသည်။

ထန်းတောရွာမှ သူပုန်ခေါင်းဆောင် ဦးအောင်လှနှင့် သား ရှမ်းကန်ရွာမှ ဦးပြားကြီးစသူများကို အင်္ဂလိပ်အစိုးရက ကြိုးပေးသတ်ဖြစ်သည်။ တော်ချိုက်မှ ဦးဘိုးဆုံ(အဘဖုံ) ဦးဖိုးတေနှင့် ထန်းတော၊ တမာတကော၊ ရှမ်းကန်၊ မရမ်းစသည့်



www.burmeseclassic.com

www.burmeseclassic.com



ရွာများမှ လယ်သမားသူပုန်ကြီးများစွာပင် တိုက်ပွဲတွင်ကျဆုံးကြရသည်။ ထိခိုက်ဒဏ်ရာရကြသူများလည်း အမြောက်အမြားပင်။

ထိုတောင်သူလယ်သမားသူပုန်ကြီးထပြီးမှ တမာတကောရောဂါတာကြီးပေါ်ပေါက်ခဲ့ခြင်းဖြစ်ရာ တမာတကော ရောဂါတာကြီးသည် သူပုန်ဖြစ်ရပ်နှင့် ဆက်လျက် သူပုန်မှတ်တိုင်ကြီးတစ်ရပ်အဖြစ် တည်နေခဲ့လေသည်။

ထိုသမိုင်းဝင်နယ်ဖြစ်သော တော်ချိုက်သို့ ဆရာရန်အောင်သွားရောက်ကာ ခေတ်ဟောင်း၊ ခေတ်သစ် တောင်သူလယ်သမားတို့၏ အဖြစ်သနစ်ကို ဝတ္ထုရေး၏။

ဆရာရန်အောင် ဝတ္ထုရေးနေစဉ်တွင်ပင် တော်ချိုက်ရွာအနီးရှိ ပုစွန်ဖောင်မှ ပုစွန်ဖမ်းခြင်းလုပ်ငန်းကိုလေ့လာရန် လှေဖြင့်လာခေါ်သဖြင့် လိုက်သွားရလေသည်။

ပုစွန်ဖောင်တွင် ဆရာရန်အောင်တစ်ညအိပ်ကာ တော်ချိုက်ရွာ အဘဖုံတို့အိမ်ရှိ လှေဖြင့်ပြန်လာခဲ့ရာ ပုစွန်ဖောင်တွင် ဖိနပ်မေ့ကျန်ရစ်ခဲ့ကြောင်း သတိရ၏။

ဖိနပ် မေ့ကျန်ရစ်မှန်းဆရာရန်အောင်သတိရမှ ဤပုစွန်ဖောင်တွင် ဖိနပ်မေ့ကျန်ရစ်ကြောင်း အိပ်မက် မက်ဖူးသည်ကိုသတိရလေ၏။ အဆိုပါမက်ဖူးသော အိပ်မက်ကို ပြန်လည်စဉ်းစားသောအခါတွင်မှ တော်ချိုက်ရွာသည်လည်းကောင်း၊ ရွာတွင်းရှိအိမ်များသည်လည်းကောင်း၊ ဆရာရန်အောင်တည်းခိုနေထိုင်သည့် အဘဖုံတို့၏ အိမ်သည်လည်းကောင်း အိပ်မက်ထဲတွင် တွေ့ဖူး၊ ကြံဖူး၊ မြင်ဖူး၊ မက်ဖူးကြောင်း ဘွားခနဲ ပေါ်လာတော့သည်။

* * *

● ရန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဆရာရန်အောင် တင်ကြိုမြင်မက်ခဲ့သည့် အိပ်မက်သုံးခုမှာ ဖြစ်ပုံတစ်မျိုးစီ ဖြစ်နေ၏။

ဆရာရန်အောင်သည် လယ်ကိုင်းမြို့သို့ရောက်သည်နှင့် တမ်ပြိုင်နက် အိပ်မက်ထဲက လယ်ကိုင်းမြို့ကို ချက်ချင်းသတိရ၏။ အိပ်မက်မက်စဉ်က လယ်ကိုင်းမြို့နှင့်တကယ်တွေ့ရသော လယ်ကိုင်းမြို့မှာ ဝစ်ထပ်တည်း၊ တစ်ပုံစံတည်း ဖြစ်သည်ဆို၏။

ဂျာနယ်ကျော်မမလေးတို့တိုက်ကို ဆရာရန်အောင်ရောက် သောအခါ အိပ်မက်ကိုချက်ချင်းသတိရ၏။ သို့သော် ဆရာ ရန်အောင် အိပ်မက်မက်သည့်အချိန်က ဂျာနယ်ကျော်မမလေး ဤတိုက်သို့မရောက်သေး။ အိမ်ထောင်ပရိဘောဂများလည်း ဤအတိုင်း မဟုတ်သေးပါဘဲလျက် တင်ကြိုကာ ထင်မြင်သိရှိ အိပ်မက်မက်ထားခြင်းဖြစ်၏။ အနာဂတ်ကိုတင်ကြို၍သိထား သော အိပ်မက်ဖြစ်သတည်း။

တော်ချိုက်ရွာသို့ ဆရာရန်အောင်ရောက်စဉ်က အိပ်မက်ကို ချက်ချင်းသတိမရ။ ပုစွန်ဖမ်းသည့်ဖောင်တွင် ဖိနပ်မေ့ကျန်ရစ် သည်ကို သတိရသောအခါမှ အိပ်မက်ကိုပြန်လည်သတိရခြင်း ဖြစ်သည်။ ဤသည်လည်း တစ်မျိုးဆန်းကြယ်ခြင်းပင် ဖြစ်သည်။

အိပ်မက်တိုင်းမှာ အနာဂတ်တွင်ဖြစ်မည့်အကြောင်းအရာ ချည်းမဟုတ်။ အနာဂတ်တွင်ဖြစ်မည့်၊ တွေ့မည့်အကြောင်း အရာကို တစ်ခါတစ်ရံတွင် အဘယ်ကြောင့်တင်ကြိုမြင်



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်မက်တတ်သနည်း။ ဤအချက်ကို သဘာဝကျကျ သိပ္ပံနည်းဖြင့် စဉ်းစားသင့်ပေသည်။

## ထူးဆန်းသော ဖြစ်ရပ်

၁၉၄၁–ခုနှစ်၊ ဒီဇင်ဘာလ ၈–ရက်နေ့တွင် ဂျပန်နှင့် အင်္ဂလိပ်တို့စစ်ကြေညာကြရာ ဆရာရန်အောင်သည် ရန်ကုန်မြို့မှ ဇာတိရပ်မြေ ဆင်ပေါင်ဝဲ သို့ပြန်သွား၏။ ရန်ကုန်မှ ပြည်မြို့သို့ မီးရထားဖြင့်သွား၍ ပြည်မြို့မှ အောင်လံသို့ မော်တော်ကားဖြင့် သွားသည်။

အောင်လံသို့ ရောက်သောအခါ ဆရာရန်အောင် အိမ် တစ်အိမ်၌ တစ်ညအိပ်ရ၏။ ထိုအိမ်၏ အိမ်ဦးခန်းတွင် ဆရာ ရန်အောင်အိပ်ပျော်နေစဉ် ည ၁၂–နာရီခန့်၌ မျက်စိမှိတ်ထားလျက် ပတ်ဝန်းကျင်ကို ထူးထူး ဆန်းဆန်းမြင်နေရ၏။ နိုးခြင်းနှင့် အိပ်မက်မက်ခြင်း၏ ကြား ကာလဟု ဆိုရပေမည်။

ထိုစဉ်အခိုက်တွင် အတွင်းခန်းမှ မိန်းကလေးတစ်ဦး ထွက်လာပြီး ဆရာရန်အောင်၏ အနီးတွင် ချပ်ကာ ဆရာရန်အောင် ကိုသေသေချာချာကြည့်၏။ ဆရာရန်အောင်ကလည်း ထို မိန်းကလေးကိုကြည့်၍ မိန်းက ေး၏ ရုပ်ဆင်းသဏ္ဍာန်ကို သေချာစွာ မှတ်မိသည်။

မိန်းကလေးသည် ဆရာရန်အောင်အိပ်နေသည့်အနီးတွင် ထိုင်ပြီးနောက် ဆရာ၏ လည်ပင်းအောက်သို့ လက်လျှိုသွင်း၍ မ,လေရာ ဆရာရန်အောင်မှာ ထိုင်လျက်ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတွင်မှ ဆရာရန်အောင် တကယ်နိုးလာရာ မျက်စိကိုဖွင့်၍ ကြည့်လိုက်သည်နှင့် ဘာကိုမျှမမြင်ရတော့ချေ။

အိပ်မက် မက်ခြင်းမဟုတ်ကြောင်း ဆရာရန်အောင် နိုးလာသောအခါမှ သိရ၏။ နောက်မှစုံစမ်းသိရှိရသည်မှာကား ထိုအိမ်တွင် လွန်ခဲ့သည့်တစ်လခန့်က မိန်းကလေးတစ်ယောက် ပုလိပ်ရောဂါဖြင့် သေဆုံးခဲ့သည်ဆိုခြင်းနှင့် ထိုမိန်းကလေး၏ပုံစံမှာ ဆရာရန်အောင် ညကမြင်တွေ့ရသော မိန်းကလေး၏ ရုပ်ဆင်းသဏ္ဌာန်အတိုင်းဖြစ်နေခြင်းပင်တည်း။

* * *

တစ်ခါတစ်ရံတွင် အိပ်မက်သည် ဆန်းကြယ်လှ၏။ အိပ်မက်လည်းမဟုတ်သော ကြားကာလတွင် မျက်စိကိုမှိတ်ထားပါလျက် မြင်တွေ့ကြားသိနေရခြင်းမှာလည်း တစ်မျိုးဆန်းပြန်ပါ၏။

ဖြစ်ရပ်တစ်ခုအတွက် အကြောင်းရင်းကား ရှိသည်သာတည်း။ အကြောင်းရင်းကို မသိသဖြင့်သာ ဆန်းကြယ်သည်မဖြစ်နိုင်။ ယုတ္တိမရှိဟု ထင်မှတ်ပြောဆိုနေကြခြင်းဖြစ်သည်။

စိတ်တည်ငြိမ်မှု၊ သမာဓိရမှု၊ စိတ်ကိုစိုးပိုင်မှုသာလျှင် ထိုတည်ငြိမ်ထက်မြက်သော သမာဓိစိတ်ဖြင့် စိတ်ကိုဓာတ်ခွဲစမ်းသပ်နိုင်ပေလိမ့်မည်။ အခြားရုပ်ဝတ္ထုများကို ဓာတ်ခွဲစမ်းသပ်ရာမှာ ရုပ်ဝတ္ထုပစ္စည်းကိရိယာတို့ဖြင့် စမ်းသပ်နိုင်သော်လည်း စိတ်ကိုဓာတ်ခွဲစမ်းသပ်ရန် ပစ္စည်းကိရိယာမှာ စိတ်ပင်ဖြစ်သည်။

စိတ်၏သဘော၊ စိတ်၏အလုပ်၊ စိတ်၏ စွမ်းဆောင်မှုကား



www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်နိုင်လောက်အောင် ဆန်းကြယ်တတ်၏။ စိတ်ကို မမြင်ရ၊ မတွေ့ရသဖြင့် စိတ်၏တန်ခိုးသတ္တိမရှိဟု အချို့သူတို့ ထင်ကြ၏။ လေကိုမမြင်ရသော်လည်း လေသည် ရုပ်ဝတ္ထုနှင့်တကွ အမှန်ရှိ၏။ စိတ်မှာမြင်ရသော ရုပ်ဝတ္ထုတစ်မျိုးပင်တည်း။ စိတ်ကိုပင်လျှင် (ဝိညာဉ်) အသက် ဇီဝဟု ခေါ်ရမည်ဖြစ်သည်။

သိပ္ပံဆရာတို့သည် မြင်ကောင်း၊ တွေ့ကောင်းသော ရုပ်ဝတ္ထုတို့ကို အမျိုးမျိုးခွဲခြမ်းစိတ်ဖြာ၊ ဓာတ်ခွဲစမ်းသပ်ခြင်းတို့ဖြင့် သိပ္ပံပညာ အထွတ်အထိပ်သို့ ရောက်ခဲ့၏။ လနှင့်တကွသော ဂြိုဟ်များသို့ သွားလာနိုင်ကြပေပြီ။

မည်သို့ဆိုစေ အိပ်မက်မက်ခြင်းနှင့် ကြားကာလ မြင်ကြားရခြင်းများသည်လည်း စိတ်၏ထူးခြားသော စွမ်းရည်သတ္တိများပင်ဖြစ်ရာ အိပ်မက်များကို စနစ်တကျရေးသားမှတ်တမ်းတင်ခြင်း ပြုထားကြပါလျှင် အိပ်မက်၏ထူးခြားသော ဖြစ်ရပ်များကို တွေ့ကြရလိမ့်မည် ဖြစ်သတည်း။

တိုးထက်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တွေ့တောခြောက်ခံရသောညဉ့်တစ်ညဉ့်

အမျိုးသားစာပေပထမဆုရညိုဝင်း

(၁)

မှတ်မှတ်ရရပြောရလျှင် ၁၉၄၃–ခု၊ ဖေဖော်ဝါရီလထဲမှ တစ်သက်တာမမေ့နိုင်သော ညဉ့်တစ်ညဉ့်ပင် ဖြစ်ပါ၏။

ဂျပန်ဖက်ဆစ်များ မြန်မာပြည်ကို လွှမ်းမိုးနေသည့်ခေတ်ကာလတွင်ဖြစ်သည်။

ကျွန်တော်သည် အလုပ်အကိုင် စီးပွားရေးအကြောင်းဘာမျှ နားမလည်သေးသည့် ဆယ်တန်းကျောင်းသားဘဝ။

ဖက်ဆစ်ဂျပန်များက ၁၉၄၁–ခု၊ ဒီဇင်ဘာလလတွင် ရန်ကုန်မြို့ကို ရုတ်တရက်ဗုံးကြဲလိုက်သဖြင့် ကျောင်းတွေမတက်ရတော့ဘဲ ကျွန်တော်၏ ဇာတိနေရပ်ဖြစ်သော ဥက္ကံရှမ်းစုရွာသို့ ပြန်ခဲ့ရသည်။

ဗုံးကြဲသည်၊ စက်သေနတ်ပစ်သည်ဆိုသည်များကို တစ်ခါမှ မကြား မမြင်ဖူးကြသည့် မြန်မာပြည်သူများအဖို့ အထိတ်တလန့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူဖြစ်၊ အထူးအဆန်းဖြစ်၍ သိချင်မြင်ချင်သူများကလည်း ဂျပန်လေယာဉ်ပျံလာသည်ကို သေဘေးကြောက်ရမှန်းမသိ၊ ကောင်းကင်ကိုမော့ကြည့်ကာ လေယာဉ်ပျံဘယ်နှစ်စင်းလဲ၊ လေယာဉ်ချင်းတိုက်ပွဲ ဘယ်ကိုတိုက်ကြသလဲဆိုသည်ကို တမော့မော့နှင့် ကြည့်သူကကြည့်နှင့်ဖြစ်နေသည်။

ဗြိတိသျှတို့ နှစ်ပေါင်းရာနှင့်ချီ၍ လွှမ်းမိုးအုပ်ချုပ်ခဲ့သည့် အုပ်ချုပ်ရေးက တည်ငြိမ်မှုမရှိတော့ဘဲ ဖရိုဖရဲဖြစ်သွားလေပြီ။

ရန်ကုန်မြို့ကို ဗုံးကြဲသဖြင့် မြို့သူမြို့သားများ ဗုံးဘေး စက်သေနတ်ဘေးကို ပြေးရှောင်ရန် ကိုယ့်ရပ်ကိုယ့်ဇာတိ ပြန်ပြေးသူက ပြန်ပြေး၊ ဘေးလွတ်ရာဦးတည်ချက်မရှိ အထုပ်အပိုးတွေနှင့် ပြေးသူကပြေး၊ ဥစ္စာနေကြွယ်ဝသူများက ကိုယ်ပိုင်ကားဖြင့် ရသမျှပစ္စည်းသယ်ကာ ရန်ကုန်နှင့် ဝေးရာသို့ပြေးကြလေသည်။

ကျွန်တော်ကတော့ အဝတ်အစားသေတ္တာကလေးတစ်လုံးသာရှိ၍ ထိုသေတ္တာတစ်လုံးနှင့် ရရာကားကြုံနှင့် ဥက္ကံသို့ပြန်ခဲ့ရသည်။

သည့်နောက်တော့ ရန်ကုန်မြို့မှာ ခြောက်သွေ့ကာကျီးလန့်စာစားနေရသည့် အစိုးရဝန်ထမ်းများနှင့် မြို့သူမြို့သားလက်ကျန်များသာရှိတော့သည်။

သည်အချိန်မှာ ကျွန်တော်တို့ တောရွာများတွင် အေးချမ်းလျက်ရှိနေသေးသည်မို့ အလုပ်မပျက်အကိုင်မပျက်ပင်ရှိနေသည်။

တိုက်ပွဲသတင်းတွေက အမှန်လည်းရှိ၊ ချဲ့ကားပြောတတ်



www.burmeseclassic.com

www.burmeseclassic.com



သည့် လူများသဘာဝအတိုင်း ပုံကြီးချဲ့ပြောသူကပြောနှင့် စစ်သတင်းနားထောင်ရသည်မှာ နေ့စဉ်အလုပ်ကြီးတစ်ခုဖြစ်နေသည်။

သတင်းစာမရှိ၊ ရေဒီယိုမရှိ၊ ဟိုဟိုသည်သည်သွားလာပြီး ပြန်လာသူများက သူတို့ကြားသမျှ သိသမျှပြောကြသည်ကိုသာ ဝိုင်းဖွဲ့နားထောင်နေကြရသည်။

ကျွန်တော်ကတော့ ထိုသတင်းများကို စိတ်ဝင်စားပါ၏။ သို့သော် ကျွန်တော့်ငယ်ပေါင်းသူငယ်ချင်းများနှင့် ခြင်းခတ်၊ အနီးအနားရှိ အင်းအိုင်များတွင် ငါးရှာခြင်း စသည်အလုပ်များနှင့် အပျင်းဖြေရသည်။

နောက်ဆုံး မြန်မာနိုင်ငံကို ဂျပန်ဖက်ဆစ်တို့ သိမ်းပိုက်လွှမ်းမိုးလိုက်တော့ အုပ်ချုပ်ရေးပြန်လည် အခြေစိုက်လာသဖြင့် သွားလာကူးသန်းမှုများ စတင်လာနိုင်သောအခါ ရန်ကုန်မြို့မှာ ဗုံးဒဏ်ကြောင့် အိုးအိမ်များပျက်စီးခံကြရသဖြင့် အိုးအိမ်ပြန်လည်တည်ဆောက်ရေးအတွက် သစ်ဝါးများလိုအပ်လာရာ ကျွန်တော်တို့ ဥက္ကံဘက်မှထွက်သော ဝါးများမှာ မကြုံဖူးသည့် ဈေးကောင်းများရသဖြင့် ခေတ်သစ်ဝါးကုန်သည်များ တိုးပွားလာကြသည်။

တစ်နေ့ ကျွန်တော့်သူငယ်ချင်းနှစ်ယောက်နှင့် စကားစမြည်ပြောရင်း သူငယ်ချင်းဖြစ်သူဉာဏ်ကြီးက...

"ဟေ့ တို့သဘက်ခါ တောတက်ပြီး ဝါးသွားတိုက်မလို့ကွ၊ မင်းလိုက်မလား"ဟု သူငယ်ချင်း ဖူးကားဆိုသူကို မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖူးကားက...

"အေး...ငါလိုက်မယ်ကွာ၊ ဟော့ကောင် မင်းကော လိုက်မလား"ဟု ကျွန်တော့်ကို မေးလိုက်သည်။

"အေးကွာ၊ တော်ထဲတောင်ထဲမရောက်ဖူးတော့ ရောက်ဖူးချင်တယ်ကွ၊ ဒါပေမယ့် ငါက ဘာမှလုပ်တတ်တာ မဟုတ်ဘူး"

"မင်းညီ ကိုတင်မောင်ကို ခေါ်ခဲ့ပေါ့ကွ၊ ကိုတင်မောင်က ကောင်းကောင်း လှည်းမောင်းတတ်တာပဲ"

"အေးကွာ၊ အဖေ့ကိုပြောလို့ရရင် လိုက်ခဲ့မယ်၊ တောထဲကျရင် ငါမလုပ်တတ်တာတွေကို မင်းတို့က ကူညီရမယ်နော်"

"အိုကွာ...ပြောနေစရာလိုသေးလို့လား၊ တို့သူငယ်ချင်းတွေပဲ၊ အကြောင်းရှိရင် ကူညီမှာပေါ့"

နောက်ဆုံးတော့ အဖေ့ခွင့်ပြုချက်ကို မရ,ရအောင်တောင်းပြီး ကျွန်တော့်ညီ ကိုတင်မောင်ကိုပါခေါ်ပြီး ပဲခူးရိုးမတောင်ခြေရှိ ချင်းကုန်းရွာနှင့် ကင်းပတီးရွာများသို့ သူငယ်ချင်းများနှင့်အတူ ဝါးအငှားတိုက်ရန် လိုက်ခဲ့သည်။

ကျွန်တော်တို့ရွာမှ ညနေ ၃ နာရီလောက်တွင် အခြားလှည်းများနှင့်အတူ ထွက်ခဲ့ကြသည်။

ဖလုံဘူတာမှကျော်၍ မာဂရီသစ်တောကြိုးဝိုင်းထဲဝင်ရသည်။ ထိုကြိုးဝိုင်းမှာ အစိုးရ ကျွန်းကွက်များစိုက်ပျိုးထားရာ ခေတ်ပျက်တော့ ကျွန်းပင်အကြီးအသေးများကို နီးစပ်ရာရွာများမှ



www.burmeseclassic.com

www.burmeseclassic.com



ခုတ်လှဲပြီးယူကြသဖြင့် ကျွန်းပင်များ ကြီးကြီးကျဲကျဲသာကျန်တော့သည်။ ကျွန်တော်က လှည်းလည်း မမောင်းတတ်။ ဘာမျှလည်းနားမလည်ဘဲ သူများအားကိုးနှင့် အပျော်လိုက်လာခြင်းသာဖြစ်ရာ ကျွန်တော့်ညီက လှည်းမောင်း၊ ကျွန်တော်က အိပ်လိုက်လာခဲ့သည်။

ကျွန်တော့်ညီအိပ်ချင်တော့ ကျွန်တော်ကတစ်လှည့် နွားကြိုးကိုင်ပြီး သူများလှည်းနောက်ကလိုက်ခဲ့သည်မို့ ဘာအခက်အခဲမှမရှိပါချေ။

ညဥ့်သန်းခေါင်ကျော်လောက်မှ ချင်းကုန်းရွာသို့ ရောက်သည်။

ဆောင်းကာလလည်းဖြစ်၊ တောင်ခြေတောရိပ်ထူထပ်သည့်ဒေသမို့ နှင်းတွေပိတ်နေအောင်ကျပြီး အရိုးခိုက်အောင် ချမ်းလှသည်။

ချမ်းလွန်း၍ ပါလာသည့် ကောက်ရိုးတွေကိုမီးရှို့ပြီး မီးလှုံရသည်။

ဇိမ်နှင့်မီးလှုံနေ၍မဖြစ်သေး။ မနက် ၄ နာရီလောက်တွင် တောင်ပေါ်သို့ ဝါးကဲ့ရန်သွားကြရသည်။ တောတောင်ချောက်ကမ်းပါးများတွင် ပှည်းသွား၍ရရုံဖြစ်သောလမ်းမှာ အတက်အဆင်းတွေကလည်း များလှသဖြင့် သတိထားပြီး လှည်းကိုမောင်းကြရသည်။

အဆင်းလမ်းများတွင် လှည်းတစ်စီးပြီးမှတစ်စီး ဆင်းရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အတူတူမောင်းဆင်းပါက ရှေ့လှည်းတစ်ခုခုဖြစ်လျှင် နောက်လှည်းကဝင်တိုက်ပြီး ချောက်ထဲကျသွားနိုင်သည်။

သွားနေကျ လာနေကျ ချင်းကုန်းရွာမှ ဝါးလှည်းသမားကြီးများလည်းပါသဖြင့် အားကိုးရသည်။ ကျွန်တော့်ဆင်းအလှည့်ရောက်တော့ ကျွန်တော်ကမျက်စိမှိတ်ပြီးလှည်းပေါ်တွင် တင်ပလ္လင်ခွေထိုင်ကာ မောင်းချလိုက်သည်။

အောက်ရောက်တော့ ချင်းကုန်းရွာမှ လှည်းသမားကြီးတစ်ယောက်က…

"ဟာ…ဒီကောင်လေး သေတော့မှာပဲ၊ ဒီလိုတောင်အဆင်းမှာ လှည်းပေါ်ဘုရားထိုင်–ထိုင်မလိုက်ရဘူးကွ၊ ဆောင့်ကြောင့်ထိုင်ရတယ်။ ဒါမှ တစ်ခုခုဖြစ်ရင် ချက်ချင်းခုန်ချလို့ရတာ"ဟု ကရုဏာဒေါသောနှင့် ပြောလိုက်သည့်စကားကို ကျွန်တော့်စိတ်ထဲ ထောင်းခနဲ ဒေါသဖြစ်သွားသည်။

"ခင်ဗျားစကားပြောတာ ကြည့်ပြောဗျ၊ ဘာလဲ ဘုရားထိုင်ထိုင်သလေးဘာလေးနဲ့၊ နားမလည်တဲ့လူကို နားလည်အောင်သင်ပေးပေါ့ဗျ၊ ကျုပ်ဟာကျုပ်သေသေဗျာ၊ ဘာမှလာမပြောနဲ့"ဟု ကျွန်တော်က ဘုပြန်ပြောလိုက်တော့ ကျွန်တော့်သူငယ်ချင်းဖိုးကားကလည်း…

"သူက တစ်ခါမှ တောင်ပေါ်တက်ဖူးတာမဟုတ်ဘူးဗျ၊ အခုမှ ကျွန်တော်တို့ခေါ်လို့လိုက်လာတာ၊ ခင်ဗျားပြောတာ သိပ် လွန်လွန်းတယ်ဗျာ" ဟု ပြောပြန်သဖြင့် ကိုပုကြီးက…



www.burmeseclassic.com

www.burmeseclassic.com



"ငါ စေတနာနဲ့ပြောတာကွ၊ နားမထောင်ချင်လဲ နေပေါ့၊ ခင်းတို့ဟာမင်းတို့ ဘာဖြစ်ဖြစ် တို့နဲ့မဆိုင်ဘူး"

"ရတယ်၊ ဘာမှ လာပြီးပြောမနေနဲ့၊ ကျုပ်တို့ကလဲ အခု ပါလာတဲ့ ဝါးငါးဆယ်နဲ့ပဲပြန်မယ်"

ကျွန်တော်က မခံချင်စိတ်နှင့်ပြောပြီး ချင်းကုန်းရွာသို့ ပြန်ခဲ့ကြသည်။

ချင်းကုန်းရွာရောက်ပြီး ပါလာသည့် ထမင်းနှင့် ငါးပိကြော်များစားပြီး ခေတ္တတစ်မှေး မှေးကာ ညနေ လေးနာရီကျော်ကျော်တွင် ကျွန်တော်တို့ ၃ ဦး လှည်းတစ်ခေါက်ကဲ့လာသည့် ဝါး ၅၀ နှင့်ပင် မောင်းထွက်လာခဲ့ကြသည်။

အမှန်က လှည်းတစ်ခေါက်လျှင် ဝါးတစ်ရာတင်ရသည်။ တောင်ပေါ်တွင် တစ်ခေါက်ဝါးကဲ့လျှင် ဝါး ၅၀ သာ တင်နိုင်သည်။ ဝါးနှစ်ခေါက်ကဲ့ပြီးမှ ပြန်ရမည်ဖြစ်သော်လည်း မခံချင်စိတ်နှင့်ဒေါသဖြစ်နေ၍ ဝါး ၅၀ နှင့်ပင်ရွာသို့ပြန်လာခဲ့ကြခြင်း ဖြစ်ပါ၏။

တဖြည်းဖြည်းနှင့် နေဝင်စအချိန်ရောက်လာပြီး လှည်းက တအိအိနှင့် မောင်းလာနေရသဖြင့် မနက်မိုးလင်းမှ ရွာပြန်ရောက်မည်ဟု ခန့်မှန်းရသည်။

ထမင်းကလည်းဆာပြီ၊ ပါလာသည့်ထမင်းများလည်း မနက်ကစားလိုက်၍ ကုန်လေပြီ။ ဆာလောင်မှုကို သည်းခံ မျိုသိပ်ပြီး ကျွန်တော်နှင့် ကျွန်တော့်ညီ ကိုတင်မောင်တို့ တစ်ယောက်စီ



www.burmeseclassic.com

www.burmeseclassic.com



လှည်းမောင်းလာရင်းက ညဥ့်သန်းခေါင်လောက်တွင် မာဂရီကြိုးဝိုင်းထဲမှ အင်းတပိုင်ဗိုလ်တဲသို့ရောက်သောအခါ အိပ်ရေးကလေး နှစ်ညဆက်တိုက်ပျက်ပြီး ပင်ပန်းလွန်း၍ ကျွန်တော်က လှမ်းပြောလိုက်သည်။

"ဟော့သူငယ်ချင်း၊ တို့ဒီမှာခဏနားပြီး တစ်ရေးလောက် အိပ်ကြရအောင်ကွာ"

"အေး...ကောင်းသားပဲ၊ ငါလဲအိပ်ချင်တာပဲကွ"

ဖူးကားကထောက်ခံလိုက်သဖြင့် ကျွန်တော်တို့လှည်းသုံးစီး ဗိုလ်တဲနားတွင် လှည်းဖြုတ်ကာ လှည်းအောက်တွင် ကောက်ရိုးတွေခင်းပြီး ပါလာသည့် စောင်ကလေးများခြုံ၍ ကွေးကြရသည်။

ညီဖြစ်သူကိုတင်မောင်မှာ ထမင်းဆာလွန်း၍ တညည်းညည်းတညူညူဖြစ်နေသည်ကိုကြည့်ပြီး သနားသော်လည်း ဘာမျှမတတ်နိုင်။ အစားအစာရစရာမျှော်လင့်ချက်က လုံးဝမရှိ။

သည်တော့လည်း ဗိုက်မှောက်ပြီးအိပ်ရတော့သည်။

"ဟော့...တို့ ကြယ်နီပေါ်ရင် ထွက်ကြမယ်ဟော့"

ဘဏ်ကြီးကပြောလိုက်သည်ကို သဘောတူကြောင်း "အေးဟော့"ဟုသာ ပြန်ပြီးအသံပေးလိုက်ရသည်။

ကြိုးစားပြီးအိပ်သည်။ အိပ်၍မပျော်။ ကျွန်တော့်ညီ ကိုတင်မောင်ကတော့ အိပ်ပျော်သွားဟန်တူပါ၏။

"ဝေါ...ဝေါ...ဝေါ"

"ဖြောင်း...ဖြောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း...ဝုန်း"

အသံတွေက လေကြီးမိုးကြီးကျသည့် အသံများ။

"ဟော့...လှည်းအပြင်မထွက်နဲ့နော်၊ လေကြီးမိုးကြီးကျတာ အွ၊ သစ်ကိုင်းကျိုးကျရင်ပိနေမယ်၊ သတိထား"

ဖူးကားက လှမ်းပြောသည်။ ကျွန်တော်တို့ လှည်းအောက်မှ မထွက်ရဲကြ။

တဝေါဝေါ တဖြောင်းဖြောင်း တဝုန်းဝုန်းအသံများက နားကွဲမတတ်။

ဘဏ်ကြီးက သူ့တွင်ပါလာသည့် ဝါးခုတ်ဓားနှင့် လှည်းအောက်မှထွက်ပြီး...

"ဓား...ဓား...ဓား"ဟု အော်သည်။ တောမှာ လေကြီးကျလျှင် ဓားပြပြီးအော်ရသည့်အလေ့အထရှိသည်။

သို့သော ဓားပြပြီး အော်သော်လည်း အသံတွေက ပျောက်မသွား။ တဝုန်းဝုန်း တဒိုင်းဒိုင်း အသံတွေက နားကွဲမတတ် ဆူညံနေသည်။ သည်အတိုင်းဆိုလျှင် သစ်ပင်အကောင်းတွေမှ ကျန်ပါတော့မလားဟုပင် ထင်ရသည်။

သည်လောက်ဆူညံနေပေမင့် ကျွန်တော်တို့လှည်းဝိုင်းနားက အပင်တွေက ဘာမှမဖြစ်။ ကြီးကြီးကျယ်ကျယ်လည်း မလှုပ်။

သည်တော့ ဖူးကားကပြောသည်။

"ဟော့ကောင်တွေ၊ ဒါ လေကြီးမိုးကြီးကျတာ မဟုတ်ဘူး ထင်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာဖြစ်တာလဲဟင်"

ကျွန်တော်က မေးလိုက်သည်။

"မသိဘူးလေ၊ ကြည့်ပါလား၊ ဒီလောက်ဆူညံပြီး ဝုန်းဒိုင်းကြဲနေတာ တို့အနားက အပင်တွေက လှုပ်တောင် မလှုပ်ဘူးကွ"

ပြောဆိုနေခိုက်မှာပင် ဂျွတ်...ဂျွတ်...ဂျွတ်၊ ဖြောင်း... ဖြောင်း၊ ဝုန်းဆိုသည့်အသံကြီးက ကျွန်တော်တို့နှင့် မလှမ်းမကမ်းမှ ထွက်လာသည်။ သစ်ကိုင်းကျိုးကျသည့် ဝုန်းဆိုသည့်အသံကြီးသာ ကြားရသည်။ ကျိုးကျလာသည့်သစ်ကိုင်းကို မမြင်ရ။

ထိုနည်းအတူ တဝုန်းဝုန်း တဖြောင်းဖြောင်း လဲပြိုကျိုးကျသံများသာ ကြားရသည်။ မည်သည့်သစ်ပင်သစ်ကိုင်းမျှ လဲပြိုကျိုးကျထားသည်ကို မမြင်ရ။

ထိုအချိန်မှာ လရောင်ကလည်း အတော်ပင် လင်းနေ၍ ပတ်ဝန်းကျင်ကို အတော်ပင် မြင်နေရသည်။

"ဟာ...ငါသိပြီ၊ ဒါ တောခြောက်တာကွ"

"ဟေ...ဘာလဲကွ တောခြောက်တယ်ဆိုတာ"

"ဒီတောထဲက မကောင်းဆိုးဝါးတွေက ခြောက်တာဖြစ်မှာပေါ့ကွ၊ မကြောက်ဘူးကွ၊ ခြောက်မနေနဲ့၊ မင်းတို့မောရုံပဲရှိမယ်"

ဉာဏ်ကြီးက အော်ရင်း ဆဲဆိုကြိမ်းမောင်းလိုက်ရာ ကမ္ဘာပျက်သည့်နှယ် ပိုမိုဆူညံပြီး လှည်းတွေလူတွေပါလွင့်ပါသွားမတတ် အသံကြီးများဖြစ်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သတိရလိုက်သဖြင့် အကြမ်းကိုင်၍ရမည်မဟုတ်။ ဘုရားဂုဏ်တော်သည်သာ အစွမ်းအထက်ဆုံးဖြစ်သည်ဟု တွေးမိပြီး ကျွန်တော်ရသမျှ ဂုဏ်တော်ကိုးပါးနှင့် သမ္ဗုဒ္ဓေဂါထာပါ ရွတ်ရသည်။

သည်တော့မှ ဖူးကားကလည်း ကိုရင်လူထွက်ပီပီ ပရိတ်ကြီးပါ ခပ်ကျယ်ကျယ်ရွတ်သည်။ မေတ္တာသုတ်နှင့် ပုဗ္ဗဏှသုတ်ပါ ရွတ်တော့မှ တဖြည်းဖြည်းအသံများ ဝေး၍ဝေး၍သွားကာ ပျောက်သွားတော့သည်။

ကျွန်တော့်ညီမှာ ကြောက်လွန်း၍ လှည်းအောက်မှာ ဇင်ထောင်နေသည်။

ဖူးကားက ဆက်ပြီး မေတ္တာပို့အမျှဝေလိုက်သည်။

သည်တော့လည်း တစ်တောလုံး အပ်ကျသံပင် မကြားရတော့။

"ဒါမျိုး ငါတော့ ကြားလဲမကြားဖူးဘူး၊ ကြုံလဲမကြုံဖူးဘူးကွာ၊ ကြောက်စရာကြီးပဲကွ"

ကျွန်တော်က ပြောလိုက်သည်။

"အေး...မင်းတို့ ကြောက်မှာစိုးလို့ ငါမပြောတာကွ၊ ငါထပြီး ဓားပြပြီးဆဲနေကတည်းက ငါရိပ်မိတယ်ကွ၊ ဒါကြောင့် ငါ ဆဲနေတာပေါ့"

"မင်းက မမြင်ရတဲ့ရန်သူကိုသွားပြီး စစ်ကြေညာနေတာကိုးကွ၊ ဒါမျိုးက ဒီလိုလုပ်လို့ဘယ်ရပါ့မလဲ၊ ဒီတောထဲဒေါင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘယ်သူမှ မေတ္တာပို့ အမျှဝေတဲ့သူမရှိဘူးလေ၊ သူတို့ အဲဒါ လိုချင်လို့ပဲဖြစ်မယ်၊ ဒါမှမဟုတ် သူတို့ ဆာလောင်မွတ်သိပ်လို့ ကြောက်တဲ့လူ တွေက ပါလာတဲ့အစားအစာ အမဲ သားငါးပစ်ပြီး ကျွေးချင်ကျွေးမလားဆိုပြီးလုပ်တာလဲ ဖြစ်ချစ်ဖြစ်မယ်။ ဒါ ငါ့အထင်ပြောတာပါ"

"အေး...ဒီအင်းတပိုင်မိုလ်တဲက နာမည်ကြီးကွ၊ မင်းတို့ ကြောက်မှာစိုးလို့ ငါဘာမှ မပြောဘဲ နေတာ၊ ကဲ...လှည်း တပ်ဟေ့၊ သွားကြမယ်"

ကျွန်တော်တို့ အိပ်ချင်စိတ်တွေပျောက်ပြီး ကြောက်စိတ် တွေသာ လွှမ်းမိုးနေတော့ရာ ကပျာကယာလှည်းတပ်ပြီး မောင်း ထွက်ခဲ့ကြရသည်။

တစ်သက်နှင့်တစ်ကိုယ် မကြုံစဖူးအကြုံထူးလိုက်ရသည့် ထိုညကို ကျွန်တော့်တစ်သက်တာ အမှတ်တရဖြစ်နေခဲ့ပါ၏။

[ဂျပန်ခေတ်က ဝါးလှည်းနှင့်အတူ သွားခဲ့ကြသည့် သူငယ်ချင်း ဖူးကားနှင့် ဉာဏ်ကြီးတို့အား အမှတ်တရ ပြန်လည်တမ်းတရင်း ခြောက်လှန့်တတ်သည့် ပရလောကမှ မမြင်ရသည့် မကောင်းဆိုးဝါးများနှင့် ကြုံရသည်ညဥ့်တစ်ညဥ့် ကို မမေ့နိုင်သောအားဖြင့် မှတ်တမ်းတင်အပ်ပါသည်။]

အမျိုးသားစာပေပထမဆုရ(ညီပုဝင်း)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကျွန့်ပ်နှင့်ဒေါ်ကြည်

မောင်မြင့်မား(ဘိုကလေး)

ကျွန့်ပ်သည် ဒေါ်ကြည်အကြောင်းကို ရေးချင်နေသည်မှာ အတော်ကြာပြီဖြစ်သည်။ ဒေါ်ကြည်သည် ကျွန့်ပ်နှင့်တစ်ရပ်ကွက်တည်း အတူနေထိုင်သော အမေကြီးဖြစ်သည်။ အသက်(၈၀) ဝန်းကျင်ရှိပြီး သူ၏ခင်ပွန်းသည် သေဆုံးသွားသည်မှာလည်း အတော်ကြာပြီ။ ယောကျ်ားဖြစ်သူ ကျန်ရစ်သော ပင်စင်လစာကလေးနှင့် စားနေရသည်ဆိုသော်လည်း သားသမီးများ၊သမက်များ ကျေးဇူးကြောင့် မတောင့်မတ မကြောင့်မကြနေနိုင်သည်။

အတူနေ သမီးအပျိုကြီးနှစ်ယောက်နှင့် သားလူပျိုကြီး တစ်ယောက်ရှိသည်။ သမီးအပျိုကြီးအကြီးဆုံးက ဒေါ်မြင့်မြင့်စန်း။ သူက လခစားဝန်ထမ်း၊ သူ့အောက်သမီး ဒေါ်ရွှေဝါက အကျီချုပ်သော ကိုယ်ပိုင်အလုပ်၊ သားလူပျိုကြီးကလည်း လခစား၊ အိမ်ထောင်ခွဲသွားသောသမီးနှစ်ယောက်ကလည်း သူ့ငွေနှင့်သူ အဆင်ပြေကြသောကြောင့် ဒေါ်ကြည်တစ်ယောက် စားဝတ်နေရေး ဘာမှပူစရာမလို။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြည်နှင့်ရင်းနှီးရသည့် အကြောင်းကလည်း သူ့သမီးအကြီးဒေါ်မြင့်မြင့်စန်းက ကျွန်ုပ်နှင့်တစ်ရုံးတည်း။ ကျွန်ုပ်၏တပည့်တစ်ဦးလည်းဖြစ်နေသောကြောင့် အလုပ်ကိစ္စအတွက်မေးမြန်းရင်း သူ့အိမ်ရောက်သောအခါ ဒေါ်ကြည်နှင့် တွေ့ရာလေးပါး စကားပြောဖြစ်ကြသည်။ ဥပမာအားဖြင့် ကျွန်ုပ်သောကြာနေ့တိုင်း ရန်ကုန်ဘက်သို့ စာမူကိစ္စအတွက် သွားရောက်သောအခါ ထိုရက်တွင် အလုပ်ကိစ္စအတွက် ရှင်းရ၊ လင်းရ၊ ပြောရ၊ ဆိုရကိစ္စများ သူမရှင်းတတ်သောကိစ္စများရှိပါက မည်သို့မည်ပုံ ပေါ်ပေါက်လာပြီး မည်သို့ရှင်းလိုက်ကြောင်း၊ ရုံးဖွင့်ရက်တွင် မည်သို့ရှင်းရမည်ဖြစ်ကြောင်း ကျွန်ုပ်က အကြံပေးညှိနှိုင်းရင်း ရေနွေးကြမ်းသောက်ကာ ဒေါ်ကြည်နှင့် စကားလက်ဆုံကျသည်။

စကားလက်ဆုံကျတိုင်း ကျွန်ုပ်အင်မတန် စိတ်ညစ်ရသည်။ ကျွန်ုပ်သည် စကားတစ်ခွန်းကို နှစ်ခါပြောချင်သူမဟုတ်။ သူက နားလေးသောကြောင့် ကျွန်ုပ်ပြောသောစကားကို သဲသဲကွဲကွဲ မကြား။ ဘာလဲ၊ ဘာလဲဟုထပ်မေး၊ ကျွန်ုပ်က သူကြားအောင် အော်ပြော၊ ဤသို့ဖြင့် ထပ်ကာထပ်ကာပြောရင်း စကား လက်ဆုံကျသည်ဟု မှတ်ယူနိုင်ပါသည်။

တစ်နေ့တွင် ဒေါ်ကြည်သည် ဘာရောဂါမှန်းမသိသော လူကြီးရောဂါဖြင့် အိပ်ယာထဲတွင် လဲတော့သည်။ ကျွန်ုပ်ရောက်သွားတော့ စကားပင်ကောင်းကောင်းမပြောနိုင်တော့။ ကျွန်ုပ်ပြောသောစကားကိုမကြားသော်လည်း ထပ်မမေးနိုင်တော့။ နောက်ဆုံး(မရှိသေ့စကား) ချေး၊ သေးများပင်လျှင် မထွက်တော့



www.burmeseclassic.com

www.burmeseclassic.com



သောအခါ အိပ်ခန်းထဲမှာပင် ထားရတော့သည်။ ကျွန်ုပ်နှင့်လည်း စကားမပြောဖြစ်တော့။ နေထိုင်ကောင်းမကောင်းကို ဒေါ်မြင့်မြင့် စန်းထံမှပင် သတင်းနားထောင်ရတော့သည်။

ဒေါ်မြင့်မြင့်စန်း နေတိုင်းအလုပ်နောက်ကျသောအခါ–

ကျွန်ုပ်။ ။ဒေါ်မြင့်မြင့်စန်း၊ အလုပ်နောက်ကျတာတွေ များနေပြီ၊ ဘာဖြစ်လို့လဲ။

စန်း။ ။ဩော်...ပြောမပြောချင်တော့ပါဘူး ဆရာရယ်။

ကျွန်ုပ်။ ။မပြောချင်လဲ နောက်ကျတဲ့အကြောင်း ရုံးက တခြားလူတွေလဲသိရအောင် ပြောပြပါလား၊ တော်ကြာ အကြောင်းမဲ့ အခွင့်အရေးယူတယ်လို့ တခြား ဝန်ထမ်းတွေကထင်တော့ ဘယ်ကောင်းမလဲ။

စန်း။ ။ဟုတ်ကဲ့ဆရာ၊ ဒါဆိုလဲ ပြောပြပါ့မယ်။ ကျွန်မ မနက်ဆို လေးနာရီလောက် ထရတယ်။ ထပြီး အမေရဲ့ ထဘီတွေလျှော်ရတယ်။ ချေးရော သေးရော မလွတ်တော့ဘူးမဟုတ်လား။ နောက်ပြီး တစ်အိမ်လုံး အတွက် ချက်ရပြုတ်ရတယ်။ ပြီးမှ ကိုယ့်ကိစ္စ ကိုယ်လုပ်ပြီး ရုံးကိုလာရတယ်။ ဒီတော့ ရုံးနောက် ကျတာပေါ့ဆရာရယ်။

ကျွန်ုပ်။ ။ချက်တာပြုတ်တာတော့ဟုတ်ပါပြီ၊ ဒါကနေ့စဉ် အလုပ်ပဲမဟုတ်လား၊ ထဘီတွေလျှော်ရတာက ဘယ်နှစ်ထည်တောင်မို့လို့လဲ။

စန်း။ ။တစ်နေ့ကို(၁၂)ထည်က အနည်းဆုံးဆရာရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။ဗျာ...(၁၂) ထည်တောင်။

စန်း။ ။ဟုတ်ကဲ့ (၁၂) ထည် အနည်းဆုံးပဲ။

ကျွန်ုပ်။ ။ဩော်...ဒါကြောင့်မို့လို့လဲ နေ့တိုင်း ရုံးနောက်ကျတာကိုး။

ဤသို့ဖြင့် ဒေါ်မြင့်မြင့်စန်းသည် တစ်ခါတလေ မေမေ နေမကောင်းလို့၊ အသည်းအသန်ဖြစ်လို့ဆိုပြီး စောစောစီးစီး ပြန်သွားတတ်သည်။ တစ်ခါတလေ ခွင့်နှစ်ရက်လောက် ဆက်ယူတတ်သည်။ သူအလုပ်ဆင်းသောအခါ နည်းနည်းတော့ ကောင်းသွားပြီ၊ သတိမေ့သွားလို့၊ ဆရာဝန်အိမ်ခေါ်ရလို့ စသည် ဖြင့် သတင်းကြားရသည်။ တစ်ခါတလေကျပြန်တော့လည်း ကယောင်ကတမ်းတွေပြောလို့၊ သူ ပြောတဲ့အထဲမှာ သမက်အကြီး အဖမ်းခံရလို့၊ သမက်အငယ်သေလို့ဆိုတာတွေလည်းပါသည်။ နောက်ပြီး မဆီမဆိုင် ရုံးအုပ်ကြီးဦးတင်ဝင်း သိန်း(၃၀၀) ဆု ပေါက်လို့ဆိုတာတွေလည်းပါတယ်။ တစ်ခါတလေ မနက် စောစောထပြီး တို့မျှား နေကောင်းသွားပြီလို့လည်း ပြောသေး တယ် စသည်ဖြင့် သတင်းကြားရသည်။

ဩော်...အသက်ကြီးတော့ မီးစာကုန်၊ ဆီခန်းဆိုသော ကြောင့် ကျွန်ုပ်လည်း ဒေါ်ကြည်တို့အိမ်ကို သတင်းသွားမေး ဖြစ်တော့။ သို့သော် တစ်ရက်တွင် ဒေါ်မြင့်မြင့်စန်းက ရွှင်ရွှင်ပျပျ ဖြင့်–

စန်း။ ။သိပ်အံ့ဩစရာကောင်းတာပဲဆရာရယ်၊ ပြီးခဲ့တဲ့ အပတ်က မေမေပြောသွားလိုက်တာ နှစ်ရက်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကြာတယ်။ သူသတိပြန်ရလာတော့ အရင်တုန်းကလို အိမ်ထဲမှာလဲမနေတော့ဘူး၊ အပြင်ထွက်မယ်လို့လဲ ပြောတယ်။ ပြီးတော့လေ ဒါထက်အံ့သြစရာကောင်းက အရင်တုန်းက ဝီခေါ်အောင် မကြားတဲ့နားတွေက အခုလုံးဝမလေးတော့ဘူး၊ တိုးတိုးလေးပြောတာတောင် ကြားနေရပြီ။

ကျွန်ုပ်။ ။ဟော...တကယ်ပြောတာလား။

စန်း။ ။တကယ်ပြောတာပါ၊ ဆရာ့ကို မလိမ်ပါဘူး၊ မယုံရင် အိမ်လိုက်ပြီး စကားပြောကြည့်ပါလား၊ဆရာ့အတွက် ရေးစရာ ဇာတ်လမ်းလဲရတာပေါ့။

ကျွန်ုပ်။ ။ဘယ်လိုဇာတ်လမ်းလဲ။

စန်း။ ။အိမ်ရောက်ရင် မေမေနဲ့စကားပြောကြည့်ပြီး ဘယ်လိုကြောင့် နားမလေးတော့တာလဲဆိုတာ မေးကြည့်၊ ဆရာရေးစရာဇာတ်လမ်းရမယ်။

ကျွန်ုပ်။ ။အေး...အေး၊ ဒါဆိုရင် စနေ၊ တနင်္ဂနွေ အားရင် လာခဲ့မယ်။ ဒေါ်ကြည်နဲ့ စကားမပြောရတာကြာပြီ။

ဤသို့ဖြင့် ဒေါ်ကြည်နေကောင်းသွားပြီဆိုသောကြောင့် ကျွန်ုပ်သည် သာယာသော နေ့တစ်နေ့တွင် ဒေါ်ကြည်တို့အိမ်သို့ ထွက်လာခဲ့သည်။ ဒေါ်ကြည်သည် အိမ်ရှေ့တွင် အခန့်သားထိုင်ကာ မြဝတီမှလာသော တံရတ်ကား ကြည့်နေသည်။ ကျွန်ုပ်က သူ နားကောင်းမကောင်း သိချင်သောကြောင့် ပုံမှန်လေသံဖြင့်-

ကျွန်ုပ်။ ။အကြီး နေကောင်းလား။



www.burmeseclassic.com

www.burmeseclassic.com



ကြည်။ ။ကိုတင်ဝင်းလား၊ နေကောင်းတယ်၊ မတွေ့တာတောင် ကြာပြီ။

(ကျွန်ုပ် တကယ်အံ့သြသွားပါသည်။ အရင်က ဤကဲ့သို့ ပုံမှန်လေသံဖြင့်ဆိုပါက နှစ်ခါလောက်အော်ပြောနေရသောကြောင့် ဖြစ်ပါသည်။

ကျွန်ုပ်။ ။ဟုတ်တယ် အကြီးရေ၊ အကြီးနေမကောင်းဘဲ အိမ်ထဲ ကတောင် မထွက်ဘူးဆိုတာ စိတ်မကောင်းလို့ မလာ တာပါ။ အခုလိုကျန်းကျန်းမာမာတွေ့ရတာ သိပ် ဝမ်းသာတယ်။ မသေနိုင်သေးဘူး၊ အများကြီး လိုသေး တယ်။

ကြည်။ ။ဩော်...ဘုရားတန်ခိုးတော်ပေါ့ကိုတင်ဝင်းရယ်၊ အသက်ကြီးတော့ အားကိုးစရာဒါပဲရှိတော့တယ် မဟုတ်လား၊ အမှန်က ကြီးကြီးငယ်ငယ် အားကိုးရ မှာက ဘုရားပဲ၊ ဘုရားမှတစ်ပါး အားကိုးစရာ ဘာမှ မရှိ။

ကျွန်ုပ်။ ။မှန်လိုက်တာ အကြီးရယ်၊ အမှန်အတိုင်းပြောရရင် လူဖြစ်လာကတည်းက လောကီကိစ္စတွေ များနေတော့ တစ်ခါတစ်ခါ မေ့တတ်တယ်အကြီးရဲ့၊ ဒါပေမယ့် အပ္ပမာဒဆိုတာကြားဖူးတယ်မဟုတ်လား၊ မမေ့မလျော့ ခြင်းဟာ သေခြင်းတရားကို ဝေးစေတယ်အကြီးရဲ့။

ကြည်။ ။မှန်လိုက်လေ၊ စကားပြောကောင်းလိုက်တာ ထိုင်ပါ ဦး ကိုတင်ဝင်းရဲ့၊ မနီရေ ရေနွေးလုပ်ပါဦးနော့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။ဒါထက် အကြီးကို ကျွန်တော် မေးစရာတစ်ခုရှိလို့
တခြားမဟုတ်ပါဘူး၊ အရင်က အကြီးက နားအရမ်း
လေးတာပဲ၊ အခုဘာဖြစ်လို့ မလေးတော့တာလဲ။

ကြည်။ ။အဲဒီအကြောင်းကိုပြောချင်နေတာ ကိုတင်ဝင်းရဲ့
မနီရေ ရေနွေးကြမ်းလုပ်ပါဦး။

နေပြန်ကောင်းလာတဲ့ ဒေါ်ကြည်ရဲ့စကားပြောပုံ၊ လှုပ်ရှား
ပုံကြည့်ရသည်မှာ ပေါ့ပေါ့ပါးပါး၊ သွက်သွက်လက်လက်နှင့်
အံ့သြစရာပင်ကောင်းနေပေတော့သည်။ ပထမတစ်ခါ ရေနွေး
ကြမ်းတောင်းတုန်းမလာသေးလို့၊ ခဏကြာလေတော့သတိမမေ့
သေးဘဲ ဒေါ်ကြည့်သမီး ဒေါ်မြင့်မြင့်စန်း(အိမ်ခေါ်မည် မနီ)ကို
ရေနွေးကြမ်းထပ်တောင်းနေသေးသည်။ ဒေါ်ကြည်ကျန်းမာလာ
ကျွန်ုပ်စိတ်ထဲက တွေးပြီး ဝမ်းသာနေမိသည်။

ကြည်။ ။ဒီလိုကိုတင်ဝင်းရဲ့၊ အကြီး ပြီးခဲ့တဲ့သုံးလလောက်က
ဝေဒနာပြင်းထန်ပြီး နှစ်ရက်လောက်မြောသွားတယ်၊
အိပ်မက်လိုလိုဖြစ်ပြီး ဘယ်ရောက်သွားသလဲဆိုတော့
အကြီးတို့ကိုးကွယ်တဲ့ ကျိုက်ဖောမိဘုရားနားက ဘုရား
ကြီးကျောင်းမှာ ကျောင်းထိုင်တဲ့ ဘွဲ့တော့မမှတ်မိတဲ့
ရွှေသွားဘုန်းကြီး(ပါးစပ်ထဲမှာ ရွှေသွားများရှိသော
ကြောင့် ခေါ်ခြင်းဖြစ်သည်။)နဲ့ ဗုဒ္ဓဂယာကို ရောက်
သွားတယ်။ အဲဒီဘုန်းကြီးနဲ့အကြီးနဲ့ ဗုဒ္ဓဂယာ
ဘုရားတွေလျှောက်ဖူးပြီး တစ်နေရာရောက်တော့
ဘုန်းကြီးတစ်ပါးကို အကြီးက သင်္ကန်းလှူလိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမှာ ဘုန်းကြီးက အကြီးကို "ဒါယိကာမကြီး ပြန်တော့၊ ဒါယိကာမကြီး လာဖို့အချိန်မရောက်သေးဘူး" လို့ ပြောလိုက်တာနဲ့ သတိပြန်ရတော့ ဘေးမှာ သမီးတွေကစိုးရိမ်စိတ်နဲ့ကြည့်နေတဲ့ မျက်နှာတွေတွေ့ရတယ်။ နောက်တစ်ခါလဲ အဲဒီလိုပဲ ဝေဒနာပြင်းထန်ပြီး ငါးမိနစ်လောက်သတိလစ်ပြီး မြောသွားသေးတယ်။ အဲဒီအခါကျတော့ငါ့ရဲ့သားတွေလို့ထင်ရတဲ့ ကြောက်စရာကောင်းပြီး ရုပ်ဆိုးတဲ့လူတွေက အကြီးကိုဝိုင်းဆွဲကြတယ်။ အကြီးကလဲကြောက်လို့စိတ်ထဲကနေ အော်တာပေါ့။ ဒါပေမယ့် အော်လို့မရဘူး။ အဲဒီအခါ ခေါင်းဆောင်လို့ထင်ရတဲ့ လူက အကြီးကို သေသေချာချာကြည့်ပြီး "ဟာ...ပြဿနာပဲ၊ သူက ဒီကိုမှားပြီး ရောက်လာတယ်။ သူ့ကိုပြန်ပို့လိုက်ကြကွ"လို့လဲပြောပြီးရော အကြီးလဲ သတိပြန်ရလာတယ်။ အဲဒီအခါမှာလဲ သားသမီးတွေက ဘေးမှာစိုးရိမ်စိတ်နဲ့ဝိုင်းလို့ပေါ့။ အခု အကြီးနေကောင်းပြီးနားရောကောင်းသွားတာက ပြီးခဲ့တဲ့သုံးပတ်လောက်က တစ်ခါ အဲဒီလိုပဲရောဂါပြင်းထန်ပြီး မေ့သွားပြန်ရော။ အဲဒီအခါကျတော့ ရဟန္တာကြီးတစ်ပါးနဲ့တွေ့တယ်။ စိတ်ထဲမှာ အဲဒီပုဂ္ဂိုလ်ကို ရဟန္တာလို့ပဲ ယုံကြည်တယ်။ သူ့ကိုတွေ့တွေ့ချင်း စိတ်ထဲကမနေ သစ်သီးဆွမ်းကပ်ရရင် ကောင်းမှာပဲလို့တွေးနေရင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ သစ်သီးဆွမ်းတွေရောက်လာတော့ ကပ်လိုက်တယ်။ အကြီးပါးစပ်ကလဲ သားသမီးတွေများလို့ ဆင်းရဲပါတယ်။ ဒါပဲလှူနိုင်ပါတယ်လို့ ပြောလိုက်တော့ အဲဒီရဟန္တာကြီးက "ဒါယိကာမကြီး ပြောတာ မဟုတ်ဘူး၊ ဒါယိကာမကြီးက မဆင်းရဲဘူး၊ ဒါယိကာမကြီး အိမ်မှာ ရွှေတောင့်တွေရော၊ စိန်ကျောက်တွေရော မနည်းဘူးရှိတယ်" ဆိုတော့ အကြီးက–အရှင်ဘုရား၊ တပည့်တော်မှာ တကယ်မရှိတာပါဘုရား၊ နောက်ပြီး တပည့်တော်က ခေါင်းလဲမကောင်းဘူး၊ နားလဲ မကောင်းဘူးဆိုတော့ အကြီးရဲ့နားနောက်ဘက် တစ်နေရာကိုခွဲပြီး တစ်စုံတစ်ခုကိုထုတ်လိုက်တယ်။ ပြီးတော့ "ဒါယိကာမကြီး နားကောင်းသွားပြီ၊ ပြန်တော့"လို့ ပြောလိုက်တော့ အိမ်ပြန်ရောက်နေတာ တွေ့ရတယ်။ အိမ်ရောက်တော့ အကြီးရဲ့မြေးလေးတွေကို ရှင်ပြုနေတာတွေ့ရပြီး သူတို့ရဲ့လက်ထဲမှာ ရွှေပန်းကန်ကလေးတွေကိုင်လို့။ အဲဒီအခါမှာ အကြီး စိတ်ထဲက ငါ့မြေးတွေချမ်းသာနေပါလားလို့ တွေးနေရင်း မြောနေရာက သတိပြန်ရလာတယ်။ သတိလဲ ပြန်ရရော ဘေးက ဝိုင်းနေတဲ့သားသမီးတွေက တစ်ယောက်တစ်ပေါက်ပြောနေတာ အကုန်ကြားရတယ်။ တကယ်ချမ်းသာတာ မချမ်းသာတာထက် ငယ်ငယ်ကတည်းကလေးနေတဲ့ နားက ခုလိုပြန်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလာတာကိုပဲ တော်တော်ဝမ်းသာနေတာ။ တကယ်တော့ ဒါတွေဟာ ကိုတင်ဝင်းစောစောက ပြောလိုက်သလိုပဲ အပွမာဒဆိုတဲ့ မမေ့မလျော့သော ကြောင့် စောစောစီးစီးမသေသေးတာပဲလို့ အကြီးတော ယုံကြည်တယ်။

ကျွန်ုပ်။ ။ဟုတ်တယ်အကြီးရေ့၊ အကြီးအဖြစ်ကတော့ တကယ် အံ့သြစရာပဲ။

ကြည်။ ။မနီရေ၊ စကားကောင်းနေတာ၊ ရေနွေးကြမ်းလဲမရသေး ပါလား။

ကျွန်ုပ်။ ။သြော်...အကြီးက နားလဲပြန်ကောင်း၊ သတိလဲ အလွန်ကောင်း သိပ်ဝမ်းသာတယ်အကြီးရေ့။

နီ။ ။ရေနွေးကြမ်းကတော့ရှိတယ်မေမေ၊ ဒါပေမယ့် ဈေး က လက်ဖက်ခြောက်မေ့လာလို့။

ကြည်။ ။သြော်...သမီးရယ်၊ ညီ့သည်ကို အားနာစရာ။

ကျွန်ုပ်။ ။နေပါစေတော့အကြီး၊ ကျွန်တော် ရေးစရာ ဇာတ်လမ်း တစ်ပုဒ်ရလို့ ပြန်တော့မယ်။ ရေနွေးသောက်ရတာထက် တောင် ဗိုက်ပြည့်သွားပြီ။

ဇိတ်မေ ဟောတ...

(၂၀၀၁–ခုနှစ်၊ လထုတ် သုရဿမဂ္ဂဇင်း အမှတ် (၁)တွင် ဖော်ပြပြီးသော ...ောင်းပါးဖြစ်ပါသည်။)

မောင်မြင့်မား(...ိုကလေး)



www.burmeseclassic.com

www.burmeseclassic.com



အိမ်မြှောင် အမြီးဖြတ်

www.burmeseclassic.com

www.burmeseclassic.com

## အိမ်မြှောင်အမြီးနှစ်ခွ

သုသုက

ကျွန်တော့်နာမည်က စောရန်နိုင်။

ကျွန်တော့်မွေးဇာတိက ရှမ်းပြည်နယ်။

ကျွန်တော့်မိဘများက တောင်သူတွေ။

ကျွန်တော် လူမှန်းသိကာစအရွယ်မှာ ကျွန်တော့်အဖေဟာ ဘာလည်သွားရင်း တောဝက်နဲ့တွေ့ပြီး တောဝက်ပက်လို့ ူတွေဗိုက်ထဲကထွက်ကျလာတယ်။ ဆေးရုံကိုထမ်းပြီးပို့ရင်း မ်းတစ်ဝက်မှာ သေဆုံးခဲ့ပါတယ်။ ကျွန်တော်နဲ့အမေဟာ ှ်သလိုလုပ်ကိုင်စားသောက်ကြရပါတယ်။ အမေ့ခမျာ စားဝတ် ရေးအတွက် နေ့စဉ်လှုပ်ရှားရုန်းကန်နေရင်း လူမမည် ကျွန်တော် ာ ကန့်လန့်ကန့်လန့်ပါနေတော့ အမေ့အလုပ်မတွင်ကျယ်ဘူး။ ါကြောင့်အမေက ကျွန်တော့်ကို ပညာလည်းရစေ၊ အမေလည်း စ်ဝမ်းတစ်ခါး ရှာဖွေစားသောက်ဖို့ လွယ်ကူစေရန် ဒီလိုစီစဉ် ခြင်းဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ ဘုန်းကြီးကျောင်းသားဘဝရောက်သွားတယ်။ ဘုန်းတော်ကြီးကျောင်းပညာရေးကိုသင်ရတယ်။ ကျွန်တော်တို့ခေတ်က မြန်မာပြည်ကို ကိုလိုနီနယ်ချဲ့ အုပ်စိုးနေတဲ့ခေတ်မို့ ပညာရေးဟာ အလွန်အောက်တန်းနောက်တန်းကျလှပါတယ်။ ကျွန်တော်ဘုန်းတော်ကြီးကျောင်းမှာ ပညာသင်နေစဉ်မှာပဲ ကျွန်တော့်အမေနာမကျန်းဖြစ်ပါတော့တယ်။ အမေ့ရောဂါကနေပူထဲနေ့တိုင်းသွားပြီးဈေးရောင်းရလို့ ပန်းဖျား ဖျားခြင်း ဖြစ်တယ်လို့ ဆရာတော်ကမိန့်ကြားပါတယ်။ ခုနစ်ရက်လောက်ကြာတော့အမေဆုံးသွားပါတယ်။

ကျွန်တော်ငိုလို့မဝပါဘူး။ အဖေနဲ့အမေဟာ ကျွန်တော့်ကိုစွန့်ခွာလို့သွားကြပါပြီ။

ကျွန်တော့်အဖေနဲ့အမေဟာ ရှမ်းပြည်နယ်က မဟုတ်ကြပါဘူး။ မြေပြန့်ကပါ။ အဖေနဲ့အမေချစ်ကြိုက်ကြတော့ အမေ့ဘက်က သဘောမတူဘူး။ အမျိုးမျိုးခွဲလို့ အဖေက အမေ့ကိုခိုးပြေးပြီး ရှမ်းပြည်နယ်ဘက်ကိုရောက်လာတာ။ အမေဟာ ငယ်စဉ်ကခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်နဲ့နေခဲ့ရတာကြောင့် ခုလိုအလုပ်ကြမ်းတွေလုပ်ရတဲ့အတွက် ပင်ပန်းပြီး သေရတာလို့ ကျွန်တော်ထင်ပါတယ်။ အမေ့ရဲ့ဆွေမျိုးသားချင်းအကြောင်းနဲ့ အဖေ့ရဲ့အကြောင်းကို အမေဟာတစ်ခါမှကျွန်တော့်ကို ပြောမပြပါဘူး။ ခုအမေဆုံးတော့ ကျွန်တော်ဟာ တစ်ကောင်ကြွက်။ ကျွန်တော့်ရဲ့အားထားရာဟာ ဆရာတော်ဘုရားသာဖြစ်ပါတယ်။ ဆရာတော်ရဲ့ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်ကို မလစ်ဟင်း



www.burmeseclassic.com

www.burmeseclassic.com



ရအောင် နေ့စဉ်လုပ်ပေးပါတယ်။ အဲဒီအပြင်ကျောင်းရဲ့ ဝေယျာဝစ္စတွေကိုလည်း တစ်ခုမကျန်အောင်လုပ်ပေးခဲ့ပါတယ်။ ဒါကြောင့်လားမသိဘူး၊ တစ်ကျောင်းလုံးရှိသံဃာတော်များနဲ့ ဆရာတော်ကပါ ကျွန်တော့်ကိုချစ်ကြတယ်။

အင်္ကျီနဲ့ပုဆိုးတွေကို ဆရာတော်က ဆင်ပေးသလို၊ မုန့်ဖိုးကို သံဃာတော်များကပေးတယ်။ ဘာမှ လိုလေသေးမရှိအောင် ဆရာတော်က အမြဲဂရုစိုက်ပါတယ်။ ဒါကြောင့်လားမသိဘူး၊ ကျွန်တော့်ကိုတခြားဘုန်းကြီးကျောင်းသားတွေက ဆရာတော့်သားလို့ နောက်ပြောင်ခေါ်ကြတယ်။ ကျွန်တော်မနာပါဘူး။ အမှန်စင်စစ်လည်း ဒီလောကကြီးမှာ တစ်ကောင်ကြွက် ကျွန်တော့်အဖို့ ဆရာတော်သာ ကျွန်တော့်အဖေ၊ ဆရာတော်သာ ကျွန်တော့်အမေဖြစ်ပါတယ်။

ဒီလိုနဲ့ ကျွန်တော် ဘုန်းကြီးကျောင်းမှာ ကြီးပြင်းခဲ့တယ်။ ဘုန်းကြီးကျောင်းကသင်ပေးတဲ့ပညာကိုသာ တတ်ခဲ့တယ်။ ပစ္စည်းဥစ္စာဆိုတာ ကျွန်တော့်မှာဘာမှမရှိဘူး။ ကျွန်တော်ဟာ လူပျို့ကာလသားဘဝမှာ မိန်းကလေးမြင်ရင်ရှက်တတ်တယ်။ အပျိုချောချောလေးမြင်ရင် ကြိုက်တယ်။ ပိုးချင်ပန်းချင်တဲ့စိတ်တွေကနိုးကြွလာတယ်။ တစ်နေ့မှာ ဆွမ်းခံလာ...င်း စောနန်းနွယ်ကလေးကို ပြုံးခနဲတွေ့လိုက်တော့ ကျွန်တော့်ရင်တွေ ဒိုင်းခနဲခုန်သွားတော့တာပေါ့။ စောနန်းနွယ်ကလေးကချစ်စရာ၊ သူ့မျက်တောင်ကော့ကြီးနဲ့ လှန်ကြည့်လိုက်တော့ ကျွန်တော့်တစ်ကိုယ်လုံးတုန်သွားတယ်။ ရှာမှရှားတဲ့အလှပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ သူငယ်ချင်းတစ်စုနဲ့ ညတိုင်း လျှောက်ပြန် သံပေးသီချင်းဆိုခဲ့တယ်။ တစ်နေ့ဆွမ်းခံရင်း ဦးပဥ္စင်းအလစ်မှာ စောနန်းနွယ်ကလေးကို စာပေးတော့ သူလက်ခံတယ်။ ဒီလိုနဲ့ပဲ ကျွန်တော်နဲ့စောနန်းနွယ်တို့ သမီးရည်စားဘဝကိုရောက်ခဲ့ကြတယ်။

တစ်နေ့ညနေမှာ · စောနန်းနွယ်နဲ့ကျွန်တော်ချိန်းတွေ့နေတုန်း သူ့အဖေကြီးတွေ့သွားလို့ စောနန်းနွယ်ကလေးကို ရိုက်တော့တယ်။ ကျွန်တော့်ကိုလည်း ကလေကချေကောင်၊ ဘုန်းတော်ကြီးကျောင်းမှာ ကပ်စားနတဲ့သူက အမဲရိုးနှယ် ဟင်းအိုးမှ အားမနာလို့ပြောလိုက်တာများ ကျွန်တော့်မျက်နှာ ဘယ်သွားထားရမှန်း မသိအောင်ပါပဲ။

စောနန်းနွယ်တို့ဟာ သူတို့ရွာမှာအချမ်းသာဆုံး၊ ပြီးတော့ စောနန်းနွယ်ဟာ သူကြီးသမီး ကွမ်းတောင်ကိုင်လှပဂေးလေ။ ဘုန်းကြီးကျောင်းသားနဲ့ သူ့သမီးကြိုက်နေတယ်ဆိုတော့ ဆတ်ဆတ်ခါနာတာပေါ့။ စောနန်းနွယ်အဖေကြီးဟာ ကျွန်တော်တို့ကျောင်းကိုရောက်လာပြီး ဆရာတော်ကိုလာတိုင်ပါတော့တယ်။ ဆရာတော်ဟာ ဘာတစ်ခွန်းမှ ပြန်လည်မိန့်ကြားခြင်းမရှိဘဲ ခေါင်းတဆတ်ဆတ်ညိတ်နေတယ်။ ဆရာတော့်မျက်နှာဟာ ညှိုးမည်းနေတယ်။ သူ့သားဖြစ်တဲ့ ကျွန်တော့်အတွက် စိတ်မကောင်းဟန်ရှိပါတယ်။ အဲဒီနေ့ကစပြီး ကျွန်တော်ဆွမ်းခံမလိုက်ရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်ရက်ခန့်ကြာတော့ ဆရာတော့်ညီဖြစ်သူ ဦးပညာ ကျောင်းကိုရောက်လာပါတယ်။ ဦးပညာဟာ တိုင်းရင်းဆေးဆရာ တစ်ဦးဖြစ်ပြီး ဂမ္ဘီရပညာရပ်ဆိုင်ရာတွေလည်း အလွန်ကျွမ်းကျင် တယ်လို့ဆရာတော်က အမိန့်ရှိပါတယ်။ ဆရာကြီးဦးပညာကို ကျွန်တော် ဝတ်ကြီးဝတ်ငယ်မလစ်ဟင်းရအောင်ပြုစုပါတယ်။ ဦးပညာဟာ ကျွန်တော့်ဘဝအကြောင်း၊ စောနန်းနွယ်နဲ့ ကျွန်တော် တို့အဖြစ်ကိုသိသွားပြီး သနားဟန်တူပါတယ်။ ကျွန်တော့်ကို ခေါ်ပြီး ဒီပတ်ဝန်းကျင်ကရွာတွေမှာ အိမ်မြှောင်အမြီးနှစ်ခွ ရှာနိုင်းပါတယ်။ အိမ်မြှောင်အမြီးနှစ်ခွဆိုတာ သူ့အလိုလို သိဒ္ဓိ ရှိတဲ့သတ္တဝါပါ။ အိမ်မြှောင်အမြီးနှစ်ခွရှိတဲ့အိမ်ဟာ လာဘ်ရွှင် ပြီး စီးပွားတက်တယ်။ ဂမ္ဘီရပညာလိုက်စားသူတွေဟာ ဒီအိမ်မြှောင် အမြီးနှစ်ခွကို သိပ်လိုချင်ကြတယ်။ အိမ်မြှောင်အမြီးနှစ်ခွရလို့ ဆေးစီရင်ပြီး ဆောင်ထားရင် လာဘ်ရွှင်တယ်။ စီးပွားဥစ္စာ တိုးတယ်၊ ဈေးရောင်းကောင်းတယ်။

အဲဒါတွေကတော့ ဆရာကြီး ဦးပညာမိန့်ကြားလို့ သိရခြင်း ပါပဲ။ ဒါကြောင့် မနက်မှာဆွမ်းကပ်ပြီးတာနဲ့ ကျွန်တော်ထမင်း စားပြီး ရွာတစ်ရွာကိုသွားကာ တစ်အိမ်တက်ဆင်း အိမ်မြှောင် အမြီးနှစ်ခွကိုရှာပါတယ်။ ဘယ်လိုမှမတွေ့ဘူးဗျ။ အိမ်မြှောင်အမြီး နှစ်ခွဟာ ရှာမှရှားပါလား။ ဒီလိုနဲ့တစ်ရွာဝင်တစ်ရွာထွက် အိမ်မြှောင်အမြီးနှစ်ခွရှာလိုက်တာ ဘယ်မှာမှမတွေ့ဘူး။ ကျွန်တော် လည်းမောမောရှိတာနဲ့ ရွာထိပ်ကဇရပ်ပျက်ကြီးထဲခဏနားရင်း မှေးနေမိတယ်။ ဘယ်အချိန်အိပ်ပျော်သွားမှန်း မသိဘူး။ အိပ်ရာက



www.burmeseclassic.com

www.burmeseclassic.com



နီးလို့လှမ်းကြည့်လိုက်တော့ အိမ်မြှောင်အမြီး နှစ်ခွတစ်ကောင်ကို ဇရပ်တိုင်မှာတွေ့ရတယ်။ ကျွန်တော့်စိတ်ထဲမှာ အိပ်မက်နေသလား၊ စိတ်စွဲလမ်းလို့ မြင်နေရတာလားဆိုပြီး ကိုယ့်မျက်စိကိုယ်ပြန်ပွတ်ကြည့်မိပါတယ်။ အိမ်မြှောင်အမြီးနှစ်ခွမှ အိမ်မြှောင်အမြီးနှစ်ခွခင်ဗျ။ ဒါနဲ့ ကပျာကယာထပြီး ပုဆိုးအပိုတစ်ထည်နဲ့ လှမ်းအုပ်တော့ ငနဲ သားကတိုင်အပေါ်ကိုတက်ပြေးတယ်။ တိုင်အပေါ်ရောက်သွားရင် အဖမ်းရခက်မယ်။ ခက်ခက်ခဲခဲရှာရမယ်။ ဒါကြောင့် ပုဆိုးနဲ့လှမ်းရိုက်လိုက်မိပါတယ်။ အိမ်မြှောင်အမြီးနှစ်ခွဟာ ပက်လက်လန်ကျပြီး မလှုပ်တော့ဘူး။ ပုံသက္ကာဝရောက်သွားပြီထင်ပါရဲ့။ ကျွန်တော်လည်း အဲဒီရှာမှရှား အိမ်မြှောင်အမြီးနှစ်ခွကို သတင်းစာစက္ကူနဲ့ သေသေချာချာထုပ်ပြီး ကျောင်းကိုပြန်လာခဲ့တယ်။ ဆရာကြီးကိုပေးတော့ ဆရာကြီးက သေသေချာချာစစ်ဆေးပြီးနေပူလှန်းခိုင်းပါတယ်။ အိမ်မြှောင်အမြီးနှစ်ခွခြောက်သွားတော့ အမှုန့်ထောင်းရပါတယ်။

အဲဒီအိမ်မြှောင်အမြီးနှစ်ခွအမှုန့်ကို ဟင်္သာပြဒါးနဲ့ ရောစပ်ထားတဲ့ဆေးခွက်မှာထည့်ပြီး ရောစပ်ပါတယ်။ အဲဒီနောက်ဆရာကြီးဦးပညာဟာ နက္ခတ်ကောင်းကိုရွေးပြီး ခါးပတ်နက္ခတ်ကြုံတဲ့နေ့၊ အကောင်းဆုံးအချိန်မှာ ကျွန်တော့်ကို တစ်ယောက်တည်းခေါ်ကာ ဘုရားခန်းထဲမှာ လက်ဝါးပြင်နှစ်ဖက်ကို အိမ်မြှောင်အမြီးနှစ်ခွပါတဲ့ဆေးနဲ့ဆေးထိုးပါတော့တယ်။ လက်ယာလက်ဖဝါးမှာ အိမ်မြှောင်အမြီးနှစ်ခွတက်ဟန်ထိုးပြီး အဲဒီအိမ်မြှောင်အမြီးနှစ်ခွ ပုံဝန်းကျင်မှာ ဂါထာရံထိုးပါတယ်။ နောက်လက်ဝဲဖက်



www.burmeseclassic.com

www.burmeseclassic.com



လက် ဖဝါးမှာလည်း အိမ်မြှောင်အမြီးနှစ်ခွဆင်းပြန် ထိုးနှံပေး ပါတယ်။ အဲဒီနောက် ဂါထာကိုရုံပြီး ထိုးနှံပြန်ပါတယ်။

အဲဒီလိုဆေးထိုးပြီးနောက် ကျွန်တော့်ကိုဘုရားဝတ်ပြု ခိုင်းပြန်ပါတယ်။ ငါးပါးသီလယူပြီး ကျွန်တော့်ကိုဆိုခိုင်းပြန် ပါတယ်။

"အုရားတပည့်တော်သည် ဤအိမ်မြှောင်အမြီးနှစ်ခွ ဆေး တော်ကြီးကိုထိုးပြီးသည့်နောက် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာများနှင့် ကျေးဇူးရှင်များကို မည်သည့်အခါမှ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ဖြင့် မပြစ်မှားပါ။ ဟိုသစ္စ–ဤမှန်ကန် သော သစ္စာစကားကြောင့် ယခုထိုးနှံထားသော ဆေးတော်ကြီး သည် သိဒ္ဓိအစွမ်းတို့ဖြင့်ပြည့်စုံပြီး ကြံသမျှဆန္ဒအပေါင်းတို့ ပြည့်စုံပါစေသတည်း"

"အကယ်၍ အနန္တေ၁အနန္တ ငါးပါးနှင့်တကွ ကျေးဇူးရှင် ခင်ပွန်းကြီးများကို ပြစ်မှားကျူးလွန်မိပါက ဘေးဆိုးအမျိုးမျိုး၊ ကံကြမ္မာဆိုးအထွေထွေ၊ ဒုက္ခဆိုးအဖုံဖုံတို့နှင့် တွေ့ကြုံခံစား ရပါစေသတည်း"လို့ သုံးကြိမ်သစ္စာဆိုရပါတယ်။

နောက် လက်ဝါးနှစ်ဖက်ကို မွတ်ပြီးနှိုးဖို့ဂါထာကိုလည်း သင်ပေးပါတယ်။ အဲဒီလိုအိမ်မြှောင်အမြီးနှစ်ခွဆေးတော်ကြီးကို ထိုးပေးထားခြင်းဟာ ကျွန်တော့်ဘဝကိုသနားလို့ပါပဲ။ ဆေး အစွမ်းက တွယ်တာစရာမရှိသောသစ်ပင်များအပေါ် တက်နိုင် ဆင်းနိုင်ပါတယ်။ ပိတ်နေသောတံခါးကို ကျွန်တော့်လက်နဲ့ ဖွင့်လိုရင် သူ့အလိုလိုပွင့်သွားပါတယ်။ သော့ခတ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာများကို ကျွန်တော့လက်နဲ့ပွတ်သပ်လိုက်ရင် သော့ဟာ အံ့ဖွယ်ပွင့်သွားပါတယ်။ အဲဒီလိုအစွမ်းတွေကိုကျွန်တော် အိမ်မြှောင်အမြီးနှစ်ခွဆေးထိုးပြီးမှသိရတာပါ။

ကျွန်တော့်ကို ဒီအကြောင်းတွေ ဘယ်သူမှမသိဖို့ ဆရာကြီးက မိန့်ကြားပါတယ်။ ကျွန်တော်လည်း လက်ဝါးက ဆေးထိုးတဲ့ဒဏ်ရာ သက်သာပျောက်ကင်းစမှာ တစ်ကိုယ်တည်း တောထဲကိုသွားပါတော့တယ်။ ပင်စည်မှာ အကိုင်းအခက်မရှိတဲ့ သစ်ပင်ရဲ့ပင်စည်ကြီးခြေရင်းမှာကပ်ပြီး ကျွန်တော့်လက်ဝါးနှစ်ဖက်မှာထိုးထားတဲ့ အိမ်မြှောင်အမြီးနှစ်ခွဆေးကို ဂါထာရွတ်ပြီး သစ်ပင်ကြီးကိုပွတ်ကာနှိုးလိုက်ပါတယ်။ ကျွန်တော့်ကိုယ်ဟာ ပေါ့ပါးသွားပြီး သစ်ပင်ကြီးကို ကျွန်တော့်လက်နဲ့ထိလိုက်တာနဲ့ ကျွန်တော့်လက်ဖဝါးနှစ်ဖက်ဟာ သစ်ပင်မှာကပ်နေပြီး အိမ်မြှောင်တစ်ကောင်လို သစ်ပင်ပေါ်ကို တက်သွားတာ အံ့ဖွယ်တွေ့ရပါတယ်။ အပေါ်ရောက်တော့ သစ်ပင်ခွမှာကျွန်တော်ထိုင်ပြီး ကျေးဇူးရှင်ဆရာကြီးများကို ကျွန်တော်ကန်တော့လိုက်ပါတယ်။ တစ်အောင့်လောက်နားပြီးမှ ကျွန်တော် သစ်ပင်ပေါ်က အိမ်မြှောင်တစ်ကောင်လို အောက်ထိုးပြန်ဆင်းလာပါတယ်။

နောက်တစ်ပတ်ခန့်အကြာမှာ စောနန်းနွယ်ဆီက စာရပါတယ်။ သူ့ကိုအမြန်လာခိုးဖို့၊ သူ့မိဘများက မြို့ကသူဌေးတစ်ယောက်နဲ့ပေးစားဖို့စီစဉ်နေကြောင်းပါတော့ ကျွန်တော့်ခေါင်းမီးတောက်သွားသလို ပူထူသွားပါတော့တယ်။ ဦးပဉ္စင်းတွေဆီက ဝတ္ထုငွေအနည်းငယ်ချေးယူပြီး စောနန်းနွယ်ကိုခိုးကာ မန္တလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော်တို့ဆင်းလာပါတယ်။ မန္တလေးကမှတစ်ဆင့် ပြင်ဦးလွင်မြို့စွန်မှာ ဟင်းသီးဟင်းရွက် စိုက်ပျိုးစားသောက်ကြပါတယ်။ တကယ့်တကယ်တော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးရောင်းချတာဟာ ဟန်ပြသာပါ။

တကယ့်ကျွန်တော့်အလုပ်က သူခိုးပါ။

ကျွန်တော်ဟာ နေ့စဉ်ခိုးတဲ့သူခိုးမဟုတ်ပါဘူး။ တစ်လတစ်ကြိမ်၊ နှစ်လတစ်ကြိမ်သာ ခိုးလေ့ရှိပါတယ်။ ကျွန်တော်ခိုးတော့မယ့် သူဌေးတိုက်နံရံကို ကျွန်တော်အိမ်မြှောင်တစ်ကောင်လို တွယ်ကပ်တက်ပြီး မှန်တံခါးကို ကျွန်တော့်လက်နဲ့ ပုတ်လိုက်တယ်ဆိုရင် တံခါးဟာသူ့အလိုလိုပွင့်သွားပြီး အိမ်ထဲကို ကျွန်တော်ရောက်သွားပါတယ်။ ကျွန်တော်ဟာ အဲဒီလိုမလွှဲသာလို့ခိုးရပေမယ့် စည်းမဲ့ကမ်းမဲ့သူခိုးမဟုတ်ပါဘူး။ အိမ်သုံးအဖိုးတန်ပစ္စည်းများ၊ ကျောက်သံပတ္တမြား၊ ရွှေနဲ့လက်ဝတ်လက်စားများကို ကျွန်တော်လက်ဖျားနဲ့တောင်မတို့ပါဘူး။ ကျွန်တော်ယူတာက ငွေသားများပဲဖြစ်ပါတယ်။ ဒီငွေသားစက္ကူများကိုလည်း ကျွန်တော် ဘယ်တော့မှ တစ်ထောင်ထက်မပိုဘူး။ အများဆုံးကျွန်တော်ယူရင် တစ်ထောင်ပါပဲ။ အဲဒီလိုယူပြီးတဲ့နောက် အသေအချာသော့ပြန်ခတ်၊ မှန်တံခါးပိတ်ကာ တိုက်ပေါ်က အုတ်နံရံကိုတွယ်ကပ်ပြီး အိမ်မြှောင်တစ်ကောင်လို ပြန်ဆင်းလာပါတယ်။ အိမ်တစ်အိမ်ကို ကျွန်တော်တစ်ခါသာခိုးလေ့ရှိပါတယ်။ ပစ္စည်းဥစ္စာရတနာတွေကို ကျွန်တော်မယူခြင်းကတော့ ထုခွဲရောင်းချရင် သဲလွန်စပေါ်မှာစိုးတာကြောင့်ပါပဲ။ ငွေသားများကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင်ထက်ပိုမယူတာကတော့ အိမ်ရှင်အကျိုးမဲ့မှာစိုးလို့ တစ်ထောင်သာ ကျွန်တော်တို့မိသားစုစားဖို့ယူခြင်းပါပဲ။

ဒီလိုနဲ့ ကျွန်တော်ဟာစောနန်းနွယ်နဲ့ တစ်နှစ်ကျော်ကြာ ပေါင်းသင်းခဲ့ပါတယ်။ ပျော်လိုက်သည့်ဖြစ်ခြင်း။

တစ်နေ့ ကျွန်တော်နဲ့ဇနီးသည် စောန်န်းနွယ်တို့အဖို ကံကြမ္မာဆိုးဝင်ဖို့ကြုံလာပါတော့တယ်။ ကျွန်တော်ဟာ လစဉ် လိုလိုငွေတွေယူလာပြီး သူ့လက်အပ်ပါတယ်။ ဟိုသူငယ်ချင်း ဆီက ချေးလာတာ၊ မိတ်ဆွေတစ်ဦးကပေးလိုက်တာ စသဖြင့် စုံနေအောင်လိမ်ပြီး ကျွန်တော်စောနန်းနွယ်ကိုပေးခဲ့ပါတယ်၊ တစ်နေ့အိပ်ရာထဲမှာ–

"အစ်ကို ဒီနေ့ယူလာတဲ့ငွေတွေက ဘယ်ကရသလဲဟင် လို့ စောနန်းနွယ်က မေးလာပါတယ်။

"အစ်ကို့မိတ်ဆွေတစ်ဦးဆီကလေ"

"အစ်ကို့မိတ်ဆွေတွေက လစဉ်ဘယ်လိုနည်းနဲ့မှ မပေးနိုင်ဘူး၊ ညီမကိုမှန်မှန်အပြောပါအစ်ကို"

ဒီလိုစောနန်းနွယ်ပြောလာတော့ ကျွန်တော်အဖြေရခက် လာတယ်။ ဘယ်လိုဖြေရမှန်းလည်းမသိ၊ တိတ်တိတ်ပင်နေလိုက် ပါတယ်။ ကျွန်တော်ကဘာမှပြန်မပြောလေ စောနန်းနွယ်က သိချင်လေ။ ငွေကိစ္စကိုမရမက တတွတ်တွတ်မေးနေပါတော့ တယ်။

နောက်ဆုံးစောနန်းနွယ်ကိုမမေးဖို့ အမျိုးမျိုးတောင်းပန်ပါ တယ်။ လူ့ရဲ့သဘောဟာ မပြောလေ သိချင်လေပါပဲ၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး ကျွန်တော်နဲ့စောနန်းနွယ်တို့ အချေအတင်စကားများကြပါတယ်။ မယားကိစ္စလင်သိရမယ်၊ လင်ကိစ္စမယားသိရမယ်ပေါ့လေ။ ကျွန်တော်လည်းဘယ်လိုမှမပြောချင်တဲ့ငွေကိစ္စကို ခိုးယူလာကြောင်း၊ မကျေနပ်လျှင် ကျွန်တော်ရွာကိုပြန်ပို့ပေးမည့်အကြောင်း သူ့ကိုပြောလိုက်တော့ စောနန်းနွယ်ဟာ အတော့်ကိုအံ့သြသွားပုံရပါတယ်။

'အစ်ကိုရယ်၊ ဒီအလုပ်ကို နောက်မလုပ်ပါနဲ့နော်၊ ညီမတို့ရိုးရိုးသားသား ဟင်းသီးဟင်းရွက်ပဲစိုက်ပျိုးစားရအောင်နော်' လို့ ကျွန်တော့်ကိုပြောပါတယ်။

ကျွန်တော်ဟာ ဘာမှပြန်မပြောဘဲ ဆိတ်ဆိတ်ပင်နေလိုက်ပါတယ်။ သူ့ကျွန်တော့်ချစ်သူရှေ့မှာ သူခိုးပါလို့ ကိုယ့်ကိုယ်ကို ဝန်ခံလိုက်ရတာ အလွန်ပဲရှက်စရာကောင်းလှပါတယ်။ သူ့မျက်နှာကိုလည်း ကျွန်တော်မကြည့်ချင်တော့ပါဘူး။ ကျွန်တော့်ကို စောနန်းနွယ်လေးက အမျိုးမျိုးချော့မော့နှစ်သိမ့်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ဘဝကိုသူသိသွားပြီလေ။ ကျွန်တော် အဲဒီညကတစ်ညလုံး အိပ်လို့မပျော်တော့ပါဘူး။ ကျွန်တော်ဆုံးဖြတ်ချက်တစ်ခုကိုအပြီးအပိုင်ချလိုက်ပါတယ်။

နောက်တစ်နေ့ မနက်စောစောမှာ သူ့ကို ကျွန်တော် မန္တလေးကိုပြောင်းဖို့ပြောတော့ သူအံ့အားသင့်သွားပါတယ်။ ဒါပေမယ့် ဘာမှစောဒကမတက်ဘဲ ပစ္စည်းများကိုချက်ချင်းသိမ်းပြီး မန္တလေးကိုဆင်းမယ့်ကားနဲ့ ကျွန်တော်တို့လင်မယားနှစ်ယောက် လိုက်လာပါတယ်။ တောလမ်းတစ်နေရာကိုရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော်က ကားကိုရပ်ခိုင်းပါတယ်။ စောနန်းနွယ်က ပျာပျာသလဲဘာယ်သွားမလို့လဲမေးပါတယ်။ ဒီနားကရွာတစ်ရွာမှာ သူငယ်ချင်းတစ်ယောက်ကို မှာစရာရှိတာ မှာဖို့လို့ နောက်ကားနဲ့လိုက်မည့်အကြောင်း သူ့ကို ခပ်တည်တည်ပြန်ပြောလိုက်ပါတယ်။

ကျွန်တော်တို့နှစ်ယောက် တောလမ်းအတိုင်းလျှောက်လာကြပါတယ်။ တောနက်တစ်နေရာကိုရောက်တော့ နားကြစို့ဆိုပြီးပစ္စည်းတွေကိုချလိုက်ပါတယ်။ စောနန်းနွယ်ကလည်း သူ့ခေါင်းပေါ်ကပစ္စည်းတွေကိုချရင်း နားလိုက်ပါတယ်။ ကျွန်တော်ဟာ လွယ်အိတ်တွင်းမှာဝှက်ယူလာတဲ့ဓားမြှောင်ကိုထုတ်ယူလိုက်ပါတယ်။ ဓားမြှောင်ကိုမြင်တော့ စောနန်းနွယ်ဟာအံ့အားသင့်ပြီး–

"အစ်ကို ဒါ…ဘာလုပ်မလို့လဲ"

"မင်းကို သတ်မလို့လေ"

"အို…အစ်ကိုကလဲ မတော်တာမလုပ်ပါနဲ့၊ အစ်ကို့အကြောင်းညီမသိသွားလို့ အစ်ကိုရှက်သွားသလား။ အစ်ကိုဟာညီမကိုချစ်လွန်းလို့ မကြောင့်မကြ၊ မတောင့်မတရှိအောင် ရှာကျွေးတာမို့ ပိုလို့တောင်ချစ်ရပါသေးတယ်'လို့ ပြောရှာပါတယ်။

ဒါပေမယ့် ကျွန်တော်ရဲ့အားနည်းချက်ကို သိထားသူမို့ တစ်နေ့ သူဖွင့်ဟလိုက်ရင် ကျွန်တော်ထောင်ကျမှာ သေချာပါတယ်။ မိန်းမဆိုတာပြောလို့ရတာမဟုတ်ဘူးလို့တွေးမိပြီး စောနန်းနွယ်ကိုသတ်ဖို့သာ စိတ်ကိုဆုံးဖြတ်လိုက်ပါတယ်။ သူ့ကိုနှုတ်ပိတ်မှ ကျွန်တော့်ဘဝလုံခြုံမယ် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာဖြုန်းစားကြီး သူ့ကိုဆွဲယူမွေ့လိုက်ပြီး ရင်ဝကိုဓားမြှောင်နဲ့တစ်ချက်တည်းထိုးလိုက်ပါတယ်။ အင့်ခနဲ တစ်ချက်သာ သူ့နှုတ်ကမြည်ပြီး ကျွန်တော့်ကို စိမ်းစိမ်းစိုက်ကြည့်ကာ အသက်ထွက်သွားပါတယ်။

ကျွန်တော်ဟာ ပါလာတဲ့ပေါက်ပြားနဲ့ တွင်းတူးပြီး စောနန်းနွယ်ကို မြေမြှုပ်ဖို့မဓောနိုင်မပန်းနိုင်လုပ်နေပါတယ်။ သူ့ မျက်လုံးတွေက ပွင့်နေတုန်းပါပဲ။ ကျွန်တော့်ကိုစိမ်းစိမ်းကြီးကြည့်လို့။ သူ့မျက်ခွံကိုဆွဲပိတ်လိုက်ပြီး သူ့ကိုတအားဖက်နမ်းလိုက်ပါတယ်။ ပြီးတော့ ကျွန်တော့်ကိုခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။ ကျွန်တော့် အရှက်ကို ချစ်သူအသက်နဲ့လဲခဲ့ပါပြီ။

ကျွန်တော်ဟာ စောနန်းနွယ်ကိုသတ်ပြီး မန္တလေးမြို့ပြင်မှာ အိမ်ငှားနေပါတယ်။ ကျွန်တော့်မှာ ပါလာတဲ့ငွေကြေးဟာ လည်းတဖြည်းဖြည်းကုန်လာပါပြီ။ ဒါကြောင့် ကျွန်တော့်အလုပ်ကိုပြန်စဖို့ဆုံးဖြတ်လိုက်ပါတယ်။ တစ်နေ့ မန္တလေးမြို့ထဲကို သွားပြီး ကျွန်တော်ခိုးမယ့်အိမ်ကို အသေအချာလေ့လာပါတယ်။ အဲ...ဒီညတစ်နာရီလောက်မှာ ကျွန်တော်ခိုးယူမယ့်တိုက်နားကို အပ်သွားပြီး ကျွန်တော့်လက်ဖဝါးနှစ်ဖက်ကိုပွတ်ကာ အနှီးဂါထာနဲ့မှုံးပြီး တိုက်နံရံကိုအိမ်မြှောင်တစ်ကောင်လို တွယ်ကပ်တက်သွားပါတယ်။ ပိတ်ထားတဲ့ပြတင်းပေါက်မှန်တံခါးကို ကျွန်တော့်သာလက်နဲ့ပွတ်ပြီးဖွင့်ပါတယ်။ မှန်ပြတင်းတံခါးဟာ ပွင့်သွားပါပြီ။

ကျွန်တော်အိမ်ထဲကိုကြည့်လိုက်တော့ လား...လား... စောနန်းနွယ်ဟာ ကျွန်တော့်ကို သေခါနီးကြည့်သွားတဲ့ အကြည့်



www.burmeseclassic.com

www.burmeseclassic.com



မျိုးနဲ့ မှန်ပြတင်းဝမှာ ကျွန်တော့်ကိုစိမ်းစိမ်းကြီး စိုက်ကြည့်နေပါတယ်။

'ဟာ…'ခနဲကျွန်တော်ဖြစ်သွားပြီး တိုက်အမြင့်ကြီးပေါ်က ပြုတ်ကျသွားပါတော့တယ်။

'အုန်း'ခနဲမြည်သံကြောင့် အိမ်ရှင်နိုးပြီးကျွန်တော့်ကို ဖမ်းကာ ပလိပ်လက်အပ်ပါတယ်။ ကျွန်တော့်ခါးရိုးတွေကျိုးသွားတာကြောင့် ဆေးရုံမှာတက်ရောက်ကုသပြီး ကျွန်တော်ထောင်ကျပါတော့တယ်။ ကျွန်တော်ထောင်ကျနေရစဉ်အတွင်း တစ်ရက်မှ သက်သာတယ်ဆိုတာမရှိဘဲ စောနန်းနွယ်ရဲ့ စိမ်းစိမ်းကြည့်နေတဲ့ မျက်နှာကြီးပေါ်လာကာ ကျွန်တော့်ခါးဆစ်ထဲက မချိမဆံ့ကိုက်ခဲမှုဝေဒနာကိုအချိန်ရှိသမျှခံစားနေရပါတယ်။

ဒါဟာ ဘာလဲဆိုတော့ မပြစ်မှားသင့်တဲ့လူ၊ ခင်ပွန်းကြီး ဆယ်ပါးထဲမှာပါတဲ့ ကျွန်တော့်ဇနီးကိုသတ်ခဲ့မိလို့ ခံစားနေရတဲ့ အပြစ်ဒဏ်ပဲဖြစ်ပါတယ်။ ကျွန်တော့်ကိုအိမ်မြှောင်အမြီးနှစ်ခွဆေးထိုးပြီး သစ္စာဆိုခဲ့စဉ်က ခင်ပွန်းကြီးဆယ်ပါးကို ကျွန်တော် မပြစ်မှားပါလို့သစ္စာဆိုခဲ့ပါတယ်။ ခုတော့ အဲဒီသစ္စာကြီးပျက်ပြယ်သွားပါပြီ။ ကျွန်တော့်လက်ဝါးက အိမ်မြှောင်အမြီးနှစ်ခွဆေးကလည်း မစွမ်းတော့ပါဘူး။ စိမ်းစိမ်းကြီးကြည့်နေတဲ့ စောနန်းနွယ် မျက်နှာသာပေါ်ပေါ်လာပြီး ကျွန်တော့်ခါးရိုးထဲက မချိမဆံ့နာကျင်တဲ့ဝေဒနာသာ အချိန်ရှိရွေ့ ခံစားနေရပါတော့တယ်။

ခွင့်လွှတ်ပါ စောနန်းနွယ်ရယ်လို့…။



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်

ကျွန်တော်သည် ရိပ်သာတစ်ခု၌ တရားဝင်စဉ် ကပ္ပိယကြီး ဦးစောရန်နိုင်နှင့် လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က တွေ့ကြုံ ရင်းနှီးခဲ့ပါသည်။ ဦးစောရန်နိုင်သည် ထိုရိပ်သာကျောင်း၌ ဝေယျာ ဝစ္စအားလုံးကို သိမ်းကျုံးလုပ်ကိုင်သူဖြစ်ပါသည်။ သို့သော် သူ့ ခါးရိုးမှ မရိုးမဆုံနာကျင်နေကြောင်းကျွန်တော့်ကိုပြောပြဖူးပါသည်။ ကျွန်တော်ကသူနှင့်ရင်းနှီး၍ တိုင်းရင်းဆေး၊ ဒဏ်ကြေ ကြပ် ထုပ်များ ထိုးပေးခဲ့ပါသည်။ ခဏသာသက်သာပြီးဦးစောရန်နိုင် ၏ ဝေဒနာမှာအရင်အတိုင်းပင်ရှိနေပါသည်။

ကျွန်တော်မရမကမေးလွန်း၍ သူ့ဘဝဖြစ်ကြောင်းကုန်စင် ကိုပြောပြပါသည်။ မှန်ပါသည်။ သူ့ဝေဒနာသည် သာမန် ဝေဒနာမျိုးမဟုတ်။ မပြစ်မှားသင့်သူကို ပြစ်မှားမိ၍ ခံစားရသော ဝေဒနာသာဖြစ်ပါသည်။

ယခုအခါ ဦးစောရန်နိုင်မရှိတော့။ ဘဝတစ်ပါးသို့ ပြောင်းလဲသွားချေပြီ။ ဦးစောရန်နိုင် ကောင်းရာသုဂတိသို့ လား ပါစေ။ ဒေါ်စောနန်းနွယ်လည်း ဦးစောရန်နိုင်အပေါ် ခွင့်လွှတ် နိုင်ပါစေ။

သုသုက



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးသိတတ်သော မြွေတစ်ကောင်

သုသုက

* ပန်းရနံ့သည် လေညာသို့မသွား၊ စန္ဒာအနံ့၊ တောင်ဇလပ် အနံ့၊ စပယ်၊ ကြက်ရှန်းပန်းရနံ့သည်လည်း လေညာသို့ မသွား။
* သူတော်ကောင်းတို့၏ အနံ့သည်သာ (မေတ္တာ၏အနံ့ သည်သာ) လေညာသို့သွား၏။
* သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် (မေတ္တာ၏ ဂုဏ်သတင်းသည်) အရပ်မျက်နှာ အားလုံးတို့သို့ ပျံ့နှံ့ လှိုင်ကြူ၏။

(ဓမ္မပဒပါဠိတော်၊ ပုပ္ဖဝဂ်)

ဆရာဦးကျော်သောင်းသည် ဆရာကြီးတစ်ဦးဖြစ်သည်။ သူသည် အငြိမ်းစားမယူခင်က ကျောင်းအုပ်ဆရာကြီးတစ်ဦး ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့က ဆရာဦးကျော်သောင်း ဟု ခေါ်သည်။ ဆရာဦးကျော်သောင်းသည် ဒဂုံမြို့သစ်မြောက် ပိုင်းတွင်နေသည်။ သူသည် ဆရာ၊ ဆရာမများ(ပညာရေးဌာန



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းများ)ကိုချပေးသော (၄၂)ရပ်ကွက်တွင် မြေတစ်ကွက် ရသည်။ ထိုမြေကွက်ပေါ်တွင် သင့်တင့်သောအိမ်တစ်လုံး ဆောက်လုပ်နေထိုင်သည်။

ဆရာဦးကျော်သောင်းသည် ကျွန်တော်တို့အဖွဲ့ဝင်ဖြစ်သည်။ သူသည် ပုတီးသမားဖြစ်သည်။ ကျွန်တော်တို့ပုတီးသမားများသည် တစ်ပတ်လျှင်တစ်ကြိမ်၊ နှစ်ကြိမ်အမြဲဆုံလေ့ရှိသည်။ ပုတီးသမားဟူသည် သမထသမားများဖြစ်သည်(ဝါ) နုဿတိဘာဝနာများကို ထပ်တလဲလဲ ပွားများကြသူများဖြစ်သည်။

ပုတီးသမားဟူသည် အမျိုးမျိုးရှိသည်။

မြတ်ဗုဒ္ဓ ဂုဏ်တော်ကိုးပါးရှိသည့်အနက် ဂုဏ်တော်တစ်ပါးတည်းကို ပွားများသူရှိသလို ဂုဏ်တော်ကိုးပါးစလုံးကို ပုတီးစိပ်သူလည်းရှိသည်။ တချို့က ဂုဏ်တော်ကိုးပါးနှင့် သရဏဂုံသုံးပါးကိုပေါင်းစပ်၍ ပုတီးစိပ်သူလည်းရှိသည်။ တချို့ပုတီးသမားများမှာ သရဏဂုံသုံးပါးကို ပုတီးစိပ်ကြပြီး တချို့ပုတီးသမားများမှာ ဂုဏ်တော်ကွန်ချာ၊ သရဏဂုံကွန်ချာများကို ပုတီးစိပ်၏။ တချို့ပုတီးသမားများမှာ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ပုတီးစိပ်သူရှိသလို တချို့ပုတီးသမားများမှာ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာတော်မြတ်ဂုဏ်တော် သုံးမျိုးစလုံးကို ပုတီးစိပ်ကြသူများလည်း ရှိသည်။

ယခု ကျွန်တော်တင်ပြမည့် ပင်စင်စား ဆရာဦးကျော်သောင်းကမူ ကျွန်တော်တို့ပုတီးသမားများနှင့်မတူ ထူးခြားမှုကွဲပြားသည်။ သူသည် မေတ္တာဘာဝနာကို ပွားများသူ(ဝါ) မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



တရားကို အထူးအာရုံထား၍ ပုတီးစိပ်သူဖြစ်သည်။ ဆရာဦးကျော်သောင်းသည် သူ၏မွေးနေ့ တနင်္လာနေ့တိုင်း သူ၏ချွေးနဲ့စာထဲမှ ဆန်ကွဲများကိုကျို၍ပြီး လမ်းဆုံလမ်းခွများတွင် ရပ်ကွက်တွင်းရှိ ခွေးများကို ကျွေးလေ့ရှိသည်။ နေ့စဉ်လည်း သူ့အိမ်ရှေ့၌ မိမိစားမည့်ဆန်အိုးထဲမှ ဆန်နို့ဆီဘူးတစ်ဝက်ခန့် စာကလေးများကို ကျွေးလေ့ရှိသည်။

ထို့ကြောင့်ပင်မသိ၊ ဆရာကြီးဦးကျော်သောင်းအိမ်မှ ထွက်လာလျှင် ရပ်ကွက်တွင်းရှိခွေးများက အမြီးနှံ့၍ကြိုကြသလို စာကလေးများကလည်း သူ့အပေါ်မှ ပျံဝဲ၍ လိုက်ကြသည်။ ဆရာကြီးဦးကျော်သောင်းသည် နေ့စဉ်ဘုရားဝတ်တက်၍ မြတ်ဗုဒ္ဓ၏ မွေခန်ပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်သည်။ ပြီးလျှင် မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းလေ့ရှိသည်။ ဤသည်မှာ ဆရာကြီးဦးကျော်သောင်း၏ နေ့စဉ်ပြုနေကျ ဝတ္တရားဖြစ်သည်။

တစ်နေ့ . . .

ထိုတစ်နေ့ကို ဦးကျော်သောင်း မမေ့။

ဆရာကြီးဦးကျော်သောင်းသည် နေ့စဉ်ပြုနေကြအတိုင်း ဘုရားရှိခိုးခြင်း၊ ပရိတ်တော်များရွတ်ဖတ်ခြင်း၊ ပြီးနောက် မေတ္တာကမ္မဋ္ဌာန်းပုတီးစိပ်နေစဉ် ကြက်သီးများတဖြန်းဖြန်းထနေသည်။ ထို့နောက် အမှုအတန်းဝေ၍အိပ်ရာဝင်သည်။ ဆရာဦးကျော်သောင်းမှာ စောစောက ပုတီးစိပ်နေစဉ် ကြက်သီးတဖြန်းဖြန်းထမှုကို ပြန်လှန်စဉ်းစားရင်း တော်တော်နှင့် အိပ်မပျော်။ သူ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်သွားစဉ် ထူးဆန်းသော အိပ်မက်တစ်ခု မက်သည်။ သူ့အိပ်မက်ထဲတွင် မြွေတစ်ကောင်ကိုတွေ့ရသည်။ ထိုမြွေက–

"ဆရာရယ်၊ ကျွန်တော့်ကို ကယ်ပါ၊ ကျွန်တော် အသတ်ခံရပါတော့မယ်"ဟု ပြောသည်။

ဆရာဦးကျော်သောင်း အံ့ဩနေမိသည်။ မြွေသတ္တဝါက လူစကားပြောတတ်ပါသလား။ ဆရာဦးကျော်သောင်းတို့ ငယ်စဉ်က အိန္ဒိယနိုင်ငံမှရိုက်ကူးတင်သွင်းသော မြွေရုပ်ရှင်ကားများ၌ မြွေက စကားပြောသည်ကို ကြည့်ရှုဖူး၏။ ယခု သူ့ထံလာပြီး မြွေတစ်ကောင်က လူလိုစကားပြောနေသည်ကိုတွေ့ရသောအခါ ဘာပြန်ပြောရမှန်းပင် သူမသိ။

"မင်း အခုဘယ်မှာနေလို့လဲ"

"ကျွန်တော် သိမ်ကြီးဈေးအပေါ်ထပ်မှာရောက်နေပါတယ်။ ဆရာ မကယ်ရင် ကျွန်တော်သေရပါတော့မယ်"

ဟု မြွေကပြောလာပြန်သည်။ ဆရာဦးကျော်သောင်းမှာ ဘာမှပြန်မပြောဘဲတွေဝေသွားသည်။ ဒီလိုနှင့် အိပ်မက်မှ သူလန့်နိုးလာသည်။ အိပ်ရာမှနိုးလျှင်နိုးချင်း သူပြုနေကျဝတ်အတိုင်း "သုံးဆယ့်တစ်ဘုံ၌ကျင်လည်သော သတ္တဝါတွေ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လန်းဖြာပါစေ"ဟု မေတ္တာကို အထပ်ထပ်ပို့သည်။ ပြီးလျှင် သူ့အိပ်မက်ကိုသူပြန်စဉ်းစားနေသည်။ သူ့ထံလာရောက်အသနားခံနေသော မြွေတစ်ကောင်၊ သူ့ကိုကယ်ဖို့ရန်လာပြောခြင်းသည်။ ဤလိုအိပ်မက်မျိုး သူ မမက်ဖူးချေ။ သွေးလေချောက်ချားတာလည်းဖြစ်နိုင်သည်။ ဒီလိုနှင့် မိုးစင်းစင်းလင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးကျော်သောင်း လမ်းထိပ်ကလက်ဖက်ရည်ဆိုင်သို့ ထွက်လာသည်။ ညကအိပ်မက်ကြောင့် သူ့စိတ်မှာ မလန်းဆန်း။ အိပ်မက်ဟူသည် သွေးလေချောက်ချား၍လည်း မက်တတ်သည် မဟုတ်ပါလား။

ထိုနေ့ညတွင် ဆရာဦးကျော်သောင်းသည် နေ့စဉ်ပြုနေကြဝတ်အတိုင်း ဘုရားရှိခိုးခြင်း၊ မမွှစန်ပရိတ်များကို ရွတ်ဖတ်ခြင်းများ ပြုပြီးနောက် အမျှပေးဝေသည်။ ပြီးလျှင် မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပါတော့သည်။ ထိုစဉ် သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထလာသည်။ ဒီလိုသူတစ်ခါမှ မဖြစ်ဖူး။ ယခုနှစ်ညတိုင်တိုင် ကြက်သီးတွေ တဖြန်းဖြန်းထနေသည်။ ထိုညတွင်လည်း မနေ့ညက သူအိပ်မက်ထဲတွင် တွေ့ရသောမြွေ ရောက်လာသည်။

"ဆရာရယ်၊ ကျွန်တော့်ကိုအမြန်လာကယ်ပါခင်ဗျာ၊ ကျွန်တော် အသတ်ခံရပါတော့မယ်၊ ဆရာဟာ မေတ္တာရှင်၊ စေတနာရှင် တစ်ယောက်ဖြစ်လို့ ကျွန်တော် အသနားလာခံပြီး ကယ်တင်ဖို့ပြောနေမိတာပါ၊ ဆရာမှ မကယ်ရင် ကျွန်တော် သေရပါတော့မယ်"ဟု မြွေက ဦးကျော်သောင်းကို ပြောလေသည်။

"မင်းက အခုဘယ်မှာရောက်နေလို့လဲ" ဟု ဦးကျော်သောင်းက မေးသည်။

"ကျွန်တော့်ကို မြွေအလမ္ပာယ်ဆရာတွေ ဖမ်းလာပြီး သိမ်ကြီးဈေးအပေါ်ထပ်ကို ပို့ထားပါတယ်"

မြွေက သူ့အဖြစ်ကိုပြောပြနေစဉ် သူလန့်နိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ညတိုင်တိုင် ဒီအိပ်မက်ချည်း သူမက်နေသည်။ နိုးလျှင်နိုးချင်း မေတ္တာဘာဝနာကို သူပွားသည်။ မေတ္တာသုတ်တော်ကို ထပ်တလဲလဲ ရွတ်နေမိသည်။

ဆရာဦးကျော်သောင်းသည် သူလွယ်နေကျလွယ်အိတ်ကို လွယ်ပြီး သူ့အိမ်မှ ပလတ်စတစ်မုန့်ဘူးကို လွယ်အိတ်အတွင်း ထည့်လိုက်သည်။ ကားဂိတ်သို့ရောက်သောအခါ သိမ်ကြီးဈေးသို့ သွားမည့် ဖေယျာမင်းကားကြီးကိုတွေ့ရသည်။ ဆရာကြီး ဦးကျော် သောင်းသည် ကားစီး၍သွားစဉ် သတ္တဝါတွေ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လန်းဖြာပါစေ စသော သူ့မေတ္တာပို့ကို ပို့၍နေ သည်။

ဒီလိုနှင့်ပင် သူစီးလာသောကားကြီး သိမ်ကြီးဈေးသို့ရောက် လာသည်။ မနက်ပိုင်းပင်ဖြစ်သော်လည်း သိမ်ကြီးဈေးအောက်တွင် လူများစည်ကားနေသည်။ အဝတ်အထည်များ ရောင်းချနေသော ဈေးသည်တစ်ဦးနား သူကပ်၍ ဤသိမ်ကြီးဈေးအပေါ်ထပ်တွင် မြွေများ ရောင်းပါသလားဟု သူမေးမိသည်။

"အလိုလေးဗျာ၊ ကြဲကြဲဖန်ဖန် ဘယ်ကမြွေရောင်းမှာလဲ" ဟု ဈေးသည်က သူ့ကိုဟောက်သည်။

ဆရာဦးကျော်သောင်းရှက်သွားသည်။ ထိုနေရာမှ ချာခနဲ လှည့်ပြီး ထွက်လာသည်။ သိမ်ကြီးဈေးအပေါ်ထပ်သို့ တက်သော လှေကားထိပ်သို့ သူရောက်လာသည်။ တာဝန်ကျ အစောင့် နှစ်ယောက် ယူနီဖောင်းအပြည့်အစုံဝတ်လျက်နှင့် သူတွေ့ရသည်။ ထိုတာဝန်ကျ အစောင့်နှစ်ယောက်နား သူကပ်သွားပြီး–


www.burmeseclassic.com

www.burmeseclassic.com



"ဒီမှ တူလေးတို့၊ ဒီသိမ်ကြီးဈေးအပေါ်ထပ်မှာ မြွေရောင်းတာများ ရှိပါသလားကွယ်"ဟု မေးပြန်သည်။

"ဒီသိမ်ကြီးဈေးကြီးမှာ မြွေမရောင်းပါဘူးခင်ဗျာ"ဟု အစောင့်တစ်ဦးက ရည်မွန်စွာပြောသည်။ ကျန်တစ်ယောက်က–

"ဟို...အပေါ်ဆုံးထပ်မှာရှိတဲ့ တရုတ်အမျိုးသား စားသောက်ဆိုင်မှာတော့ မြွေတွေကို မှန်ဗီရိုနဲ့ထည့်ပြီး စားချင်တဲ့အကောင်ကို လက်ညှိုးထိုးပြရင် ချက်ချင်း အဲဒီမြွေကိုဖမ်းပြီး တင်းချက်ရောင်းတာတော့ ရှိတယ်ခင်ဗျ"

"အင်း...ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဲဒီစားသောက်ဆိုင် (ဟိုတယ်)ကို ဘယ်လို သွားရမလဲကွယ်"

ဟု ဆရာဦးကျော်သောင်းက အားတက်သရောမေးမိသည်။ ဘာဝန်ကျရဲဘော်များ၏ ညွှန်ကြားချက်အတိုင်း ဦးကျော်သောင်း သိမ်ကြီးဈေးအပေါ်ထပ်သို့ တက်သွားသည်။

ထိုစားသောက်ဆိုင်(ဟိုတယ်)တွင် မှန်ဗီရိုနှင့်ထည့်ထားသော မြွေများကို တလန်းလန်းတွေ့ရသည်။ ဆိုင်လုလင်က ဘယ်မြွေစားမလဲဟု လာမေးသည်။ ဦးကျော်သောင်းက ခဏနေ ရန်ပြန်ပြောပြီး မှန်ဗီရိုအတွင်းရှိမြွေများကို စိုက်ကြည့်နေမိသည်။ သူ့ကိုအိပ်မက်ပေးသောမြွေဟာ ဘယ်မြွေပါလဲ။ သူစဉ်းစားနေစဉ် မြွေတစ်ကောင် ခေါင်းထောင်လာသည်။ ပြီးတော့ သူ့ကိုစိုက်ကြည့်နေသည်။ ကြည့်နေပုံက သူ့ကို အသနားခံနေသလိုထင်ရသည်။ ထို့ကြောင့် ဆိုင်လုလင်ကိုလှမ်းခေါ်လိုက်သည်။ စောစောက ခေါင်းထောင်နေသောမြွေကို လက်ညှိုးထိုးပြပြီးဝယ်သည်။ သူ့တွင်



www.burmeseclassic.com

www.burmeseclassic.com



ပါလာသော ပလတ်စတစ်မုန့်ဘူးတွင် ထည့်ပေးပါရန်မေတ္တာ ရပ်ခံသည်။ ဆိုင်ဝန်ထမ်းများက သူမှာသည့်အတိုင်း စီစဉ်ပေး သည်။ ကျသင့်သောငွေများကို သူရှင်းပေးပြီး လွယ်အိတ်အတွင်း ပလတ်စတစ်ဘူးကိုထည့်ကာ သိမ်ကြီးဈေး အပေါ်ထပ်မှ ဆင်းလာ သည်။ ဒီမြွေကိုဘယ်မှာသွားလွှတ်ရမလဲ သူစဉ်းစားသည်။ နောက်ဆုံး နီးနီးနားနား တိရစ္ဆာန်ရုံသို့သွားပို့ရန် ဆုံးဖြတ်လိုက် သည်။ ထိုစဉ်–

"ဆရာကြီးရယ်၊ ကျွန်တော့်ကို တိရစ္ဆာန်ဥယျာဉ်ကို မပို့ ပါနဲ့ဗျာ၊ ကျေးဇူးပြုပြီး လော်ကားဥယျာဉ်ကိုပို့ပေးပါ"ဟု ပလတ် စတစ်ဘူးထဲက မြွေက ဆရာဦးကျော်သောင်းကို လှမ်းပြောသည်။

"ဟော...မင်းကို အဲဒီအထိ ငါသွားလွှတ်ရမလားကွ"

ဦးကျော်သောင်းက စိတ်တိုစွာနှင့် မြွေကိုပြောမိသည်။

"ဆရာကြီးရယ်၊ ဆရာကြီးဟာ မေတ္တာရှင်ပါ၊ ကျွန်တော့်ကို အန္တရာယ်ကင်းတဲ့အထိ ကယ်တင်ပါ"

ဆရာဦးကျော်သောင်းမှာ စိတ်ကိုလျှော့ချလိုက်သည်။

"နေပါဦး၊ မင်းကို ငါမေးရဦးမယ်၊ မင်းက ငါ့ကိုလဲ အိပ်မက်ပေးနိုင်တယ်၊ လူစကားလဲပြောတတ်ရဲ့နဲ့ ဘယ်နှယ့် အဖမ်းခံရပြီး အသတ်ခံရမလို ဖြစ်နေရတာလဲကွ"

ဆရာဦးကျော်သောင်းက သူ့ရင်ထဲတွင် မတင်မကျဖြစ်နေ သော မေးခွန်းကို မေးလိုက်သည်။

"ဆရာကြီးရယ်၊ ကျွန်တော့်အဖြစ်ကိုပြန်ပြောရင် ရှည်လှ ပါတယ်၊ ကျွန်တော် ဒီလိုအဖြစ်ဆိုးနဲ့ကြုံရတာဟာ မလှုပ်ရဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



တားမြစ် ထားတဲ့ ကတိသစ္စာတွေကို ကျွန်တော်ဖောက်ဖျက်မိလို့၊ စည်းဖောက်လို့ အခုလို ကျွန်တော် သေဘေးကြီးနဲ့ကြုံရတာပါ၊ ဆရာကြီးကယ်တဲ့ အသက်ပဲ ရှိပါတယ်"

မြွေကပြောသောစကားများကို နားထောင်ရင်း ဆရာဦးကျော်သောင်းသည် ဆူးလေပန်းခြံဘေးရှိ ကားဂိတ်သို့ ရောက်လာသည်။ ဆရာဦးကျော်သောင်းသည် ကားပေါ်တွင်ထိုင်ရင်း မေတ္တာဘာဝနာသာ ပွားလာခဲ့သည်။

လှော်ကားဥယျာဉ်သို့ရောက်ပေပြီ။ ဦးကျော်သောင်း ရှုရှင်းပြီး အန္တရာယ်ကင်းမည့်အရပ်တွင် သူ့လွယ်အိတ်တွင်းမှ ပလတ်စတစ်ဘူးကိုထုတ်သည်။ ပြီးလျှင် အဖုံးဖွင့်၍ မြွေကိုလွှတ်လိုက်သည်။ မြွေမှာတခြားမြွေတွေလို အလျင်စလိုပြေးသွားခြင်းမရှိ၊ တရွေ့ရွေ့သာသွားသည်။ တောစပ်သို့ရောက်သောအခါ ဆရာဦးကျော်သောင်းဘက်သို့လှည့်ပြီး ခေါင်းထောင်ကာကြည့်နေသည်။

ဆရာဦးကျော်သောင်းမှာ မတ်တပ်ရပ်လျက် သတ္တဝါတွေကို မေတ္တာပို့သလျက်ရှိသည်။

မြွေမှာ ဦးခေါင်းကိုထောင်နေရာမှ သုံးခါတိတိ လူများဦးချရှိခိုးသလို ဆရာဦးကျော်သောင်းကို အရိုအသေပြုသည်။ ဦးကျော်သောင်းသည် မိမိတာဝန်ပြီးဆုံးပြီဖြစ်၍ လှည့်၍ပြန်လာသည်။

နောက်နှစ်ရက်ခန့်ကြာသောအခါ ဆရာဦးကျော်သောင်း အိပ်မက် မက်ပြန်သည်။ အိပ်မက်ထဲ၌ မြွေသည် သူ့ကို လာကန်တော့သည်။ ပြီးတော့–



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးရယ်၊ ကျွန်တော့်အသက်ဟာ ဆရာကြီးကယ်တဲ့ အသက်ပဲ ရှိပါတယ်၊ ဒါကြောင့် ကျွန်တော် ဆရာကြီးကို ကန်တော့ချင်ပါတယ်၊ နောက်သုံးရက်လောက်ကြာရင် ဆရာကြီး အိမ်ရှေ့မှာ ကားတစ်စီးလာရပ်ပြီး စက်ပျက်သွားပါလိမ့်မယ်၊ အဲဒီကားနံပါတ်ကိုမှတ်ပြီး ထီသွားထိုးပါ၊ ဆရာကြီးကံရှိ သလောက် ပေါက်ပါလိမ့်မယ်"

မြွေက ထိုသို့ဦးကျော်သောင်းကို အိပ်မက်ပေးပြီး ပျောက်သွားသည်။ ဦးကျော်သောင်း အိပ်ရာမှနိုးလျှင် မေတ္တာဘာဝနာ စီးဖြန်းပြီး အိပ်မက်ကိုပြန်စဉ်းစားနေမိသည်။ နောက်သုံးရက် ခန့်ကြာသောအခါ မြွေအိပ်မက်ပေးသလို ကားတစ်စီး အိမ်ရှေ့တွင် လာရပ်ပြီး စက်ပျက်သွားသည်။ ကားနံပါတ်ကို အသေအချာ မှတ်ပြီး မြောက်ဥက္ကလာအထွက် လမ်းဝမှတ်တိုင်ရှိ ထီဆိုင်များတွင် သူထိုးလိုသော ထီလက်မှတ်ဂဏန်း ကိုရှာကြည့်သည်။ ကြာကြာ မရှာရဘဲ တွေ့သဖြင့် မင်္ဂလာစုံတွဲထီနှစ်စောင်ကိုသာ သူ မယုံ မကြည်နှင့်ထိုးသည်။ လကုန်သုံးရက်နေ့ ထီဖွင့်သောအခါ သူထိုးခဲ့သော ထီလက်မှတ်မှ ငါးသောင်းဆု ပေါက်ကြောင်း လာရောက် အကြောင်းကြားသည်။

ထိုအခါမှ သူ နောင်တရမိသည်။ မြွေပေးသောအိပ်မက် အတိုင်းသာ ထိုဂဏန်း၊ အက္ခရာစဉ်အတိုင်း သူထီထိုးခဲ့ပါက သိန်းချီ၍ ထီပေါက်ပါမည်။ ခုတော့ သူကယ်တင်ခဲ့သော မြွေပြောသလိုပင် သူ့ကံရှိသလောက် ငွေငါးသောင်းသာရသည်။ ဒီငွေကိုလည်း သူတစ်ပါးထံမှချေးယူထားသော ချေးငွေက



www.burmeseclassic.com

www.burmeseclassic.com



တစ်သောင်း၊ အိမ်ခြံကာရန်ရန်က တစ်သောင်း၊ အိမ်သာနှင့် ရေကန်ပြင်ပြုရန်က သုံးသောင်း၊ အားလုံး ငါးသောင်းကုန်မည်။

ဆရာကြီး ဦးကျော်သောင်း၏ မေတ္တာ၊ စေတနာတို့သည် သူ့ကို ပြန်၍အကျိုးပေးလေပြီ။

အမှန်စင်စစ်လည်း ကျေးဇူးသိတတ်သော မြွေတစ်ကောင်။


* နာမ်ခန္ဓာ(လေးပါး)တို့သည် စိတ်လျှင် ရှေ့သွားရှိကုန်၏။ စိတ်လျှင် အကြီးအမှူးရှိကုန်၏။ စိတ်ဖြင့် ပြီးကုန်၏။ သန့်ရှင်းကြည်လင်သောစိတ်ဖြင့် အကယ်၍ ပြောဆိုသော်လည်းကောင်း၊ ပြုလုပ်သော်လည်းကောင်း၊ ထိုပြောဆို ပြုလုပ် ကြံစည်မှုကြောင့် အရိပ်သည် လူကိုမစွန့်မူ၍ အစဉ်လိုက်သကဲ့သို့ ထိုသူသို့ ချမ်းသာသည် အစဉ်လိုက်လေ၏။ (ဓမ္မပဒပါဠိတော်-ယမကဝဂ်)

သုသုက



www.burmeseclassic.com

www.burmeseclassic.com



# အစွမ်းထက်သော
# စက်ကြီးတစ်ဆယ့်သုံးပါးဂါထာ

သုသုက

www.burmeseclassic.com

www.burmeseclassic.com

## အစွမ်းထက်သော စက်ကြီးတစ်ဆယ့်သုံးပါးဂါထာ

သုသုက

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်သူတော်စင်များ နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်လျက်ရှိသော တန်ခိုးကြီးဂါထာတော်များတွင် စက်ကြီးတစ်ဆယ့်သုံးပါးဂါထာလည်း အပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သမ္ဗုဒ္ဓေဂါထာ၊ သိရသ္မိံဂါထာ၊ ဇလွန်ပြည်တော်ပြန်ဂါထာ၊ စက်ကြီးတစ်ဆယ့်သုံးပါးဂါထာများမှာ အသုံးများပြီး ဗုဒ္ဓဘာသာဝင်တိုင်း ရွတ်ပွားလျက်ရှိကြသည်။ သမ္ဗုဒ္ဓေဂါထာတော်ကြီး၊ သိရသ္မိံဂါထာကြီး၊ ဇလွန်ပြည်တော်ပြန်ဂါထာတော်ကြီးတို့မှာ ပါဠိဘာသာဖြင့် ဖွဲ့နွဲ့သီကုံးထားပါသည်။ သို့ရာတွင် စက်ကြီးတစ်ဆယ့်သုံးပါးဂါထာမှာ ပါဠိဘာသာဖြင့် ဖွဲ့နွဲ့သီကုံးထားခြင်းမဟုတ်၊ မြန်မာဘာသာဖြင့် ဖွဲ့နွဲ့သီကုံးထားသောဂါထာဖြစ်သည်။ ရွတ်ဖတ်ရာတွင် အဓိပ္ပာယ်ပါတစ်ခါတည်း သိနားလည်သွားသော ဂါထာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သမ္မုဒ္ဒေဂါထာ၊ သီရည္ဓိဂါထာ၊ ဇလွန်ပြည်တော်ပြန်ဂါထာ၊ စက်ကြီးတစ်ဆယ့်သုံးပါးဂါထာတော်များကို မည်သည့်ခေတ်၊ မည်သည့်အချိန်က မည်သူမည်ဝါ ဖွဲ့နွဲ့သီကုံးကြောင်းကို မည်သူမျှ တိတိပပ မသိပေ။ ရှေးဗုဒ္ဓဘာသာဝင် သူတော်စင်ကြီးများက နောင်လာနောက်သားများအတွက် အန္တရာယ်ကင်းအေးရှင်းစေရန် ဖွဲ့နွဲ့သီကုံးထားကြောင်း သိရှိရပါသည်။

မည်သို့ပင်ဖြစ်စေ ဤဂါထာမြတ်များကို နေ့စဉ်ယုံယုံကြည်ကြည် ရွတ်ဖတ်သရဇ္ဈာယ်ပါက လက်တွေ့အန္တရာယ် အပေါင်းမှ အကာအကွယ်ပေးခဲ့ကြောင်း သာဓကပေါင်း မြောက်မြားစွာရှိပါသည်။ ဤသို့ အန္တရာယ်ဆိုး၊ ဘေးဆိုးများမှ လက်မတင်ကလေးလွတ်မြောက်နိုင်ခဲ့သောကြောင့် ဗုဒ္ဓဘာသာဝင်များ အားကိုးအားထားပြု၍ နေ့စဉ်ရွတ်ဖတ်ပွားကြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့သည် ဗြိတိသျှတို့အုပ်ချုပ်သောခေတ်၊ ဂျပန်တို့အုပ်ချုပ်သောခေတ်များကို ကောင်းကောင်းကြီး မီပါသည်။ ဂျပန်ခေတ်တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေသဖြင့် နေ့စဉ် အသက်ဘေးအန္တရာယ်များကို ကာကွယ်နေရသောအချိန်၊ စက်သေနတ်ဘေး၊ မုံးဘေးနှင့် လူဆိုးဓားပြများဘေးကို လွတ်အောင်ပြေးကြ လွှားကြ၊ ခိုကြပုန်းကြနှင့် တစ်နေ့တစ်ခြားမိမိအသက်ကို မသေအောင် ကာကွယ်နေရသောအချိန်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် ထိုအန္တရာယ်ဆိုးဘေးဆိုးများမှ ကင်းလွတ်ရန် မိဘများနှင့် ဆရာတော်ကြီးများက



www.burmeseclassic.com

www.burmeseclassic.com



သမ္ဗုဒ္ဓေဂါထာ၊ သိရသ္မိဂါထာ၊ လေ့လွန်ပြည်တော်ပြန်ဂါထာနှင့် စက်ကြီးတစ်ဆယ့်သုံးပါးဂါထာများကို နှုတ်တိုက်ချပေးခဲ့သည်။ နေ့စဉ်လည်း မရွတ်မနေရ၊ အနည်းဆုံးဆယ်ခေါက်စီ ရွတ်ဖတ်ထန်တော့ပြီးမှ အိပ်ရာဝင်ရပါသည်။

ဤဂါထာတော်မြတ်၏ တန်ခိုးတော်များကြောင့် ကျွဲညီနောင်ခေါ် မဟာမိတ်လေယာဉ်ပျံကြီးများက ပစ်ချတော်သော စက်သေနတ်ဘေးမှ အလီလီလွတ်ခဲ့သည်။ လေယာဉ်ပေါ်မှကြဲချသော ဗုံးများဘေးမှလည်း ပွတ်ကာသီကာလွတ်ခဲ့သည်။ နေ့စဉ်ဓားပြများတိုက်နေသောကာလတွင် ကျွန်တော်တို့မိသားစုတစ်ကြိမ်တစ်ခါမျှ ဓားပြအတိုက်မခံခဲ့ရပါ။ ဤသည်တို့မှာကျွန်တော်တို့မိသားစု နေ့စဉ်ဝတ်မပျက် ရွတ်ဖတ်သရဇ္ဈာယ်နေသော ဓမ္မစက်ဂါထာတော်များ၏ ဂုဏ်ကျေးဇူးကြောင့်ပင်ဖြစ်ပါသည်။

လွန်ခဲ့သော ခုနစ်နှစ်က ကျွန်တော့်မြေးမလေး ရန်ကုန်အလေးဆေးရုံကြီးသို့ ခွဲစိတ်ကုသရန် တက်ရောက်ခဲ့ပါသည်။ အဆောင်(၃)တွင်တက်ရောက်၍ ဆေးကုသခံနေစဉ် ကျွန်တော်ညနေပိုင်း ဆေးရုံသို့ရောက်သွားသည်။ မြေးမကလေးက ငိုယိုပြီး–

“ဘိုးဘိုးကြီး၊ ဟိုမှာ အသားမည်းမည်း လူနှစ်ယောက်ကအမီးကိုလာခေါ်နေတယ်၊ ခဏခဏလာခေါ်နေတယ်၊ သူတို့ကိုယ်ရလဲ အကျီမရှိဘူး” ဟု တိုင်တန်းပါသည်။ မြေးမလေးလက်ညှိုးထိုးပြနေသောနေရာသို့ ကျွန်တော်လှမ်းကြည့်ရာအမျှမတွေ့။ ထို့ကြောင့်–



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ်၊ ဘိုးဘိုးကြီး ဘာမှမတွေ့ရဘူး၊ သူတို့အခု ရှိသေးသလား"

"ရှိတယ် ဘိုးဘိုးကြီး၊ သမီးကို စိုက်ကြည့်နေတယ်"

ကျွန်တော်သည် မြေးမလေးပြသောနေရာသို့ မျက်နှာမူလိုက်ပြီး မြေးမလေး၏ခေါင်းကို ညာလက်ဖြင့်အုပ်ကာ 'စက်ကြီးတစ်ဆယ့်သုံးပါးဂါထာ'ကို စတင်ရွတ်ပါသည်။ ဂါထာ(၉)ကြိမ် လွန်သောအခါ–

"ဘိုးဘိုးကြီးရေ၊ သမီးကို ခဏခဏလာခေါ်နေတဲ့ လူမည်းကြီးနှစ်ယောက် ထွက်ပြေးပြီ၊ ထွက်ပြေးပြီ"ဟု ပြောပြပါသည်။

ကျွန်တော်တို့နေခဲ့သောရွာတွင် အိမ်နီးနားချင်း လယ်သမားကြီး ဦးလူဒင်ရှိပါသည်။ နွေတွင် မိုးတွင်းစာအတွက် တောသို့ထင်းတက်ခုတ်သည်။ ဦးလူဒင်ပြန်ရောက်လျှင်ရောက်ချင်း ရေချိုးသည်။ ဦးလူဒင်မှာ အပူငုပ်၍အပြင်းဖျားပါတော့သည်။ ငန်းဖမ်းသဖြင့် ဦးလူဒင် ပေါက်ကရတွေပြောနေသည်။ နှစ်ရက်၊ သုံးရက်ခန့်အကြာတွင် ဦးလူဒင်ကြီးဆုံးပြီဟုကြားရသဖြင့် သူ့အိမ်သို့ပြေးကြည့်ရာ အလောင်းကို ခေါင်းထဲသွင်းပြီးပေပြီ။

ဦးလူဒင်အသုဘချသောနေ့တွင် စည်းကားလှသည်။ ကျွန်တော်တို့အရပ်တွင် ဓလေ့တစ်ခုရှိသည်။ အသုဘချမည့်နေ့တွင် သင်္ချိုင်းကုန်းသို့ ကျင်းသွားတူးသူများ ရွာသို့မပြန်ဘဲ သင်္ချိုင်းကုန်းက စောင့်နေကြသည်။ ဦးလူဒင်အသုဘ သင်္ချိုင်းသို့ ဝင်လာစဉ်–



www.burmeseclassic.com

www.burmeseclassic.com



"တို့ဆီကို မလာနဲ့၊ တို့ဆီကိုမလာနဲ့"ဟု လှမ်းအော်ကာ ခဲလုံးများဖြင့် လှမ်းပစ်ပါသည်။

အသုဘခေါင်းကြီးကို တဒိုင်းဒိုင်း ခဲများမှန်ပါတော့သည်။ အသုဘ ခေါင်းထမ်းသူများက–

"နောက်မလာတော့ပါဘူး၊ ဒီတစ်ခါသာလာခွင့်ပြုပါ" ဟု ပြန်အော်ကြရင်း သချိုင်းကုန်းအတွင်း ဝင်လာသည်။ ခေါင်းကို သရဏဂုံတင်မည့်ခုံတွင် တင်လိုက်သည်။ ထိုစဉ် ခေါင်းထဲမှ လှုပ်ရှားသံကြားရပြီး "ရေ–ရေ" ဟုအသံများကြားရာ အသုဘပို့သူများ ဝုန်းဝုန်းဒိုင်းဒိုင်း ထပြေးကြသည်။ အရက်မူး နေသော တွင်းတူးသမားများသာ ကျန်ခဲ့ရာ သတ္တိကောင်းသော အရက်မူးတစ်ယောက်က ခေါင်းကိုသွားဖွင့်ကြည့်သည်။ လွန်ခဲ့သော သုံးရက်ခန့်က သေဆုံးသွားသော ဦးလှုဒင်ကြီးမှာ ခေါင်းထဲတွင် ရှန်းကန်နေပြီး–

"ရေ–ရေ–ပေးပါ"ဟု တောင်းနေသည်။ ထို့ကြောင့် ဆင်းပြေးသူများကိုပြန်ခေါ်ကာ ရေစက်ချမည့်ရေအိုးထဲမှရေကို တိုက်ကြသည်။ ပထမ နည်းနည်း၊ ဒုတိယတစ်ခွက်လုံးကုန်သည်။

ဦးလှုဒင်တစ်ယောက် သေရွာမှ ပြန်ရှင်လာကြောင်း တစ်ရွာလုံးသာမက ရွာနီးများသို့ပါ သတင်းပျံ့နှံ့သွားတော့သည်။ ဦးလှုဒင်မြှုပ်မည့် တွင်းနေရာတွင် ဦးလှုဒင်အစား သူ့ခေါင်းကိုသာ လူမပါဘဲ မြှုပ်နှံခဲ့ကြသည်။

ဦးလှုဒင်ရွာပြန်ရောက်သောအခါ စကားပြောနိုင်သည်။ သူအပြင်းဖျားစဉ် လူမည်းကြီးများက အတင်းဆွဲခေါ်ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



မလိုက်လိုကြောင်း၊ တောင်းပန်၍မရကြောင်း၊ သူ့အား လေး ယောက်မ,၍ခေါ်သွားရာ ဘယ်ဆီသို့ရောက်သွားမှန်းမသိကြောင်း ဦးလူဒင်ကြီးအော်ဟစ်နေရာမှမောသဖြင့် ခေတ္တငြိမ်သွားစဉ်-

"ဟဲ့-လူဒင်၊ စက်ကြီးတစ်ဆယ့်သုံးပါးဂါထာကို မင်းရွတ် လေ၊ မြန်မြန်ရွတ်"ဟု သူ၏ ငယ်ဆရာ ဘုန်းတော်ကြီး၏အသံ ကိုကြားရကြောင်း၊ ထို့ကြောင့် စက်ကြီးတစ်ဆယ့်သုံးပါးဂါထာကို မိမိစတင်ရွတ်ကြောင်း၊ ထိုအခါ သူ့လက်သူ့ခြေတို့ကို ချုပ် ကိုင်ထားသော လူမည်းကြီးလေးယောက်မှာ သူ့ကိုလွှတ်ပြီး ခပ်ဝေးဝေးမှ စောင့်ကြည့်နေကြောင်း၊ ထို့ကြောင့် မိမိမှာ စက်ကြီးတစ်ဆယ့်သုံးပါးဂါထာကို ထပ်တလဲလဲရွတ်ဆိုနေမိရာ ထိုလူမည်းလေးကောင်မှာ တဖြည်းဖြည်းနောက်ဆုတ်၍သွားနေ ကြောင်း၊ ထို့ကြောင့် သူ ဂါထာကို မရပ်မနားရွတ်ဆိုနေရာ နောက်ဆုံးတွင် ထိုလူမည်းကြီးများမှာ အဝေးသို့လွင့်စင်သွား ကြောင်းကိုပါတွေ့လိုက်ကြောင်း၊ ထို့နောက် သူပြန်လည်သတိ ရလာကြောင်းများကို ပြောပြရှာသည်။ ဤသည်မှာ ကျွန်တော်တို့ ရွာမှ တကယ့်အဖြစ်အပျက် သေရွာပြန်ဦးလူဒင်နှင့် စက်ကြီး တစ်ဆယ့်သုံးပါး ဂါထာတော်အကြောင်းဖြစ်သည်။

စက်ကြီးတစ်ဆယ့်သုံးပါးဂါထာသည် သေမည့်ဘေးမှ ကယ်တင်သည်။ အန္တရာယ်ဆိုးအမျိုးမျိုးကို ဟန့်တားသည်။ မကောင်းသော သရဲ၊ တစ္ဆေ၊ ဘုတ်၊ ပြိတ္တာ၊ ကျတ်၊ အစိမ်း သရဲနှင့် ဘီလူးများကို နိုင်နင်းကြောင်း၊ ထို့အပြင် မကောင်းသော ပညာရပ်များဖြင့် ပြုစားခြင်း၊ စုန်းတိုက်၊ နတ်တိုက်၊ အစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်များကိုလည်း နိုင်နင်းကြောင်း၊ မုံရွာမြို့ လယ်တီ ဆရာတော်ကြီးနှင့် မော်လမြိုင်မြို့ ရတနာဘုံမြင့်ဆရာတော်တို့ ရေးသားခဲ့သည့် "ရောဂန္တ ရဒီပနီကျမ်း"တွင် တိတိကျကျဖော်ပြထားသည်။ စက်ကြီးတစ်ဆယ့်သုံးပါးဂါထာတော်အကြောင်း အသေးစိတ်သိလိုသူများ ရောဂန္တ ရဒီပနီကျမ်းကို ပြန်လည်ဖတ်ရှုကြပါကုန်။

## စက်ကြီးတစ်ဆယ့်သုံးပါး ဂါထာတော်ကြီး

(၁) အောင်(ဩောင်း)တစ်ရာ့ရှစ်ကွက် – ဗုဒ္ဓစက်
(၂) တစ်ဆယ့်လေးချက် – ဓမ္မစက်
(၃) တစ်ဆယ့်ရှစ်ချက် – သံဃာ့စက်
(၄) လရောင်ဝင်းလျက် – ရှင်ပစ္စေက ဗုဒ္ဓရဟန္တာစက်
(၅) မြင်းမိုရ်တောင်ဦးမကကျူးသည့် – မိဘစက်
(၆) ဂုဏ်ကျေးဖူးကိုအထူးပြုလျက် – ဆရာ့စက်
(၇) ဝရဇိန်လက်နက် – မြဟ္မစက်
(၈) မိုးကြိုးလက်နက် – သိကြားစက်
(၉) လောင်မီးကျလျက် နတ်တို့စက်
(၁၀) ဘွဲ့ဖြူလက်နက် – ဘီလူးစက်
(၁၁) တောင်ပံဟုန်ပြင်းလျက် – ဂဠုန်စက်
(၁၂) အာခံတွင်းက ဝင်းဝင်း တောက်လျက် – နဂါးစက်



www.burmeseclassic.com

www.burmeseclassic.com



(၁၃) သုံးထောင်သချှာဟိမဝန္တာ

အာဏာစိုးလျက် – သီဟာစက်

စက်ကြီးတစ်ဆယ့်သုံးပါး၊ ရွှတ်သံကြား၊ ဘေးများမြင်မှု၊ မကောင်းစုကို၊ ဝေးကာကြဉ်ရှောင်၊ အောင်စေတတ်သည်၊ မြတ်သည့်ဆရာ ပညာတည်း။

* ဩော်င်း နမော ဗုဒ္ဓါ နဘာဝေန၊
* ဩော်င်း နမော ဓမ္မာ နဘာဝေန၊
* ဩော်င်း နမော သံဃာ နဘာဝေန၊
* ဩော်င်း ဒူရေ–ဒူရေ–သွား–ဟုံ–ဟုံ။

သုသုက



www.burmeseclassic.com

www.burmeseclassic.com

# မြွေ
# (သို့မဟုတ်)
# အန္တရာယ်

(သန်းမြင့်ဦး)



www.burmeseclassic.com

www.burmeseclassic.com

# မြွေ(သို့မဟုတ်)အန္တရာယ်

**The Coils of Death By John Crompton**

**သန်းမြင့်ဦး**

တစ်နေ့တွင်ဖြစ်သည်။ ထူးထူးဆန်းဆန်း အလုပ်တွေရှာဖွေလုပ်ကိုင်နေသော မိတ်ဆွေတစ်ယောက်က ကျွန်တော့်တံခါးတဘုံးဘုံးထုရင်း အော်ကြီးဟစ်ကျယ်အသံနှင့် . . .

"ဟော့လူ . . .ခင်ဗျားရဲ့ သေနတ်ကို မြန်မြန်ယူပြီး ထွက်လာခဲ့စမ်းပါဗျ"

ကျွန်တော့်စိတ်မှာ ဇဝေဇဝါဖြစ်ရသည်။ ရွာထဲကိုမြေခွေးဝင်၍ ကြက်တွေဝင်ရောက်ကိုက်ဖြတ် သောင်းကျန်းလို့များလားဟုအစသော် ထင်မိသည်။ တံခါးမဖွင့်ခင်မှာပင် "ဘာဖြစ်လို့လဲ"ဟုဦးစွာ မေးခွန်းထုတ်မိလျက်သား။ "မြွေတစ်ကောင် တွေ့လို့ဗျ၊ မြန်မြန်လာစမ်းပါဗျ"

သူ့ကို ဆပ်မေးမနေတော့။ ထို့အတူ သေနတ်ကိုကိုင်ဖြစ်ဘဲ သူ့ခေါ်ရာနောက်ဆီ သည်အတိုင်း လိုက်လာမိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူခေါ်ပြသည့်နေရာရောက်သည့်အခါ ကောက်ရိုးမြက်ခြောက်ပုံတွင် နေပူစာလှုံနေဟန်ရှိသော မြက်လျှောမြွေတစ်ကောင်။ သံလွင်စိမ်းရောင်နှင့် ရွှေအဆင်းသဏ္ဌာန် ဝါတာတာ။

"ခင်ဗျားက သေနတ်မှ ယူမလာပဲကိုးဗျ၊ နို့မို့ဆို ပစ်ပြီး အသာကောက်ယူသွားရုံပဲ၊ နေဦး...နေဦး၊ ကောက်ရိုးကော်တဲ့ ဆူးဘောက်ခွကိုယူပြီး ကျုပ်ပြန်လာခဲ့မယ်"

ကျွန်တော် သူ့ကိုချက်ချင်းလှမ်းတား၏။ ရန်ပြုသော မြွေမျိုးမဟုတ်။ စာဝါငှက်ကလေးတစ်ကောင်ကဲ့သို့သော သတ္တဝါသာဖြစ်ကြောင်း လှမ်းသတိပေးလိုက်မိသည်။ တစ်ဆက်တည်း မြက်လျှောလိုမြွေတစ်ကောင်၏ အသုံးဝင်ပုံကိုသူ့ကို ရှင်းပြသည်။ သည်လိုမြွေမျိုးသည် စိုက်ခင်းဖျက်ဆီးနေသော ကြွက်များကို နှိမ်နင်းရာတွင် အသုံးဝင်လှသော အကောင်သာဖြစ်ကြောင်း၊ ဖြစ်နိုင်မည်ဆိုလျှင် သည်လိုမြွေမျိုး မြောက်မြားစွာ ဆောင်ထားနိုင်လျှင် ကြွက်သတ္တဝါတွေ၏ ရှင်သန်လှုပ်ရှားနေမှုကို မှုစရာပင် မလိုတော့ကြောင်း ဗဟုသုတသဘောမျိုး အသိပေးလိုက်မိဖြစ်တော့သည်။

သူ့ကိုရှင်းပြနေခိုက်မှာပင် မြက်လျှောက်မြွေက မြက်ခြောက်ပုံကြီးထဲတရွေ့ရွေ့တိုးဝင်ပျောက်ကွယ်သွားခဲ့သည်။ နောင်ဆို ကျွန်တော်၏ အဆွယ်ကောင်းမှုကြောင့် သည်နှယ်မြွေမျိုးကို ရန်သူဟုမြင်တော့မည်မထင်။ သူ့မိတ်ဆွေများကိုပါ တစ်ဆင့်ဖောက်သည်ချပြလိမ့်မည်ဟု ကျွန်တော်မြင်သည်။

တစ်ခါက ကာနဲလ်တစ်ယောက်တွေ့ဖူး၏။ သူ့ခြံစိုက်ခင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲ ဝင်သမျှ မြွေများကို အလွတ်မပေးစတမ်း သတ်ဖြတ်လေ့ရှိသည်နှင့် ကျွန်တော်တရားဝင်ချသည်။ သို့သော် ထိုကာနဲလ်သည် အချို့မြွေများ၏ မိတ်ဆွေဆန်ပုံနှင့် အသုံးဝင်ပုံကို လုံးဝလက်မခံခဲ့ချေ။ "အိုကွာ...မြွေပဲ၊ သတ်စရာရှိသတ်ရမှာပေါ့၊ ကိုယ်က မသတ်ရင် သူ့ကကိုယ့်ကို အချိန်မရွေးပြန်ဒုက္ခပေးတတ်တာမျိုးပဲ။ တို့နိုင်ငံမပြောနဲ့၊ မြွေကိုကိုးကွယ်တဲ့ အိန္ဒိယလိုနေရာမှာတောင် သတ်စရာရှိသတ်တာပဲမဟုတ်လား၊ အဆိပ်ပြင်းတဲ့အကောင်တွေကို တို့က မိတ်ဆွေအဖြစ် လက်မခံနိုင်ပါဘူး"

မြွေဆိုသည့် သတ္တဝါကောင်တွေမှာ သဘာဝအားဖြင့် ကြွက်အမျိုးမျိုးကို နှိမ်နင်းလေ့ရှိသော်လည်း ထိုအတွက် အသိအမှတ်ပြု၊ ကျေးဇူးတင်ခြင်းမခံခဲ့ရရှာချေ။ အာဖရိကနိုင်ငံတွင် ရောက်ရှိစဉ်က ကျွန်တော်သည် ကြွက်များသောင်းကျန်းသော တဲတစ်လုံးတွင် နေထိုင်ခွင့်ကြုံခဲ့ရသေးသည်။ ကြွက်များ အဘယ်မျှသောင်းကျန်းသည်ဟုဆိုသော် ဖယောင်းတိုင်ကိုပင် အလွတ်မပေးအောင် ကိုက်ဖြတ်ဖျက်ဆီးလေ့ရှိခဲ့သည်။ သို့နှင့် ထိုသက်ကယ်တဲအနီး ကြွက်ဖမ်းမြွေတစ်ကောင်အစောင့်အကြပ်ထားလိုက်တော့မှပင် ထိုသောင်းကျန်းကြွက်သတ္တဝါလေးတွေ စုပ်စမြုပ်စ ပျောက်ကွယ်သွားကြတော့သည်။ ကျွန်တော်သည် တစ်နေ့အကြောင်းပေါ်၍ အပြင်တစ်နေရာရောက်နေစဉ် ဧည့်သည် တစ်ယောက် ရောက်လာသည်ဟု သိလိုက်ရသည်။ ထိုဧည့်သည် သကောင့်သား ကျွန်တော့် တဲတွင်းမှ အစောင့်အကြပ်မြွေကို တွေ့သွား၍ ကြောက်အားလန့်အား သေနတ်ဖြင့်ပစ်ခိုက်ရာက



www.burmeseclassic.com

www.burmeseclassic.com



မြွေကလေးခမျာ မသေထိုက်ဘဲ သေသွားရရှာတော့သည်။ သူက ဘာကြောင့်မှန်းမသိဘဲ ကျွန်တော့်အသက်ကိုပင်ကယ်တင် လိုက်သော သူ့ရဲကောင်းပမာ ဘဝင်မြင့်သွားလျက် စာတစ်စောင်ပင် ရေးထားသွားသေးတော့သည်။ သို့သော် သူနှင့်ဆုံသည့် တစ်နေ့ ကျွန်တော်အကျိုး အကြောင်းရှင်းပြလိုက်သည်နှင့် ထိုညွှံသည်မှာ မယုံနိုင်လောက်အောင် အံ့အားတသင့်ရှိခဲ့သည်။ မြွေကို သည်နှယ် အဖြစ်မခံသည့် ညွှံသည် ကျွန်တော့်စိတ်ဓာတ်ကိုပါ သူသိသွားသည်။

စင်စစ်တွင် လူကိုနေ့စဉ်နှင့်အမျှနှောင့်ယှက်နေသည်မှာ ကြွက်များသာဖြစ်တော့သည်။ တကယ့်ရန်သူစစ်စစ်များဖြစ်ကြသည်။ သိပ္ပံပညာရှင်များကို ခေါင်းခဲအောင် ပြုလုပ်သည်မှာလည်း ကြွက်များပင်ဖြစ်သည်။ သို့သော် ထိုပညာရှင်ကြီးများသည် အခြားဖော်ထုတ်မှု အမျိုးမျိုးကိုသာ စမ်းသပ်နိုင်လျှင်ရှိမည်။ ကြွက်များကို တွင်းထဲမှ ပပျောက်နိုင်အောင် မစွမ်းဆောင်နိုင်ကြ။ ကြောင်တစ်ကောင်မွေးထားလျှင် လုံလောက်ပြီဟု မှတ်နေသည်။ ကြောင်ဆိုသည်က အဘယ်မှာလျှင် ကြွက်တွင်းထဲမှကြွက်ကောင်တွေကို ဝင်ရောက်နှိမ်နင်းနိုင်ပါချိမ့်။

ကြွက်တွင်းထဲလျှောဝင်နိုင်သည်မှာ မြွေသာလျှင်ဖြစ်တော့သည်။ ကြွက်အသိုက်တစ်ခုလုံးပင်မက ဥတစ်လုံးတစ်ကောင် ကြွက်ပင် မကျန်အောင် ချေမှုန်းနိုင်သည်မှာ မြွေပင်တတ်နိုင်ပါတော့သည်။

မြွေကို ကြောက်စရာလို၊ ရွံမုန်းစရာလိုထင်မှတ်သည်မှာ



www.burmeseclassic.com

www.burmeseclassic.com



လူသားပင်ဖြစ်သလို၊ မြွေအဖို့တွင်လည်း လူသည် ကြောက်စရာနှင့် ရွံမုန်းစရာအသွင် ထပ်တူထပ်မျှရှိနေခဲ့သည်။ သို့မို့ကြောင့် သူတို့ကိုရန်သတ္တဝါပြုမည်ဟု အထင်ရှိသည်နှင့် ဦးသည့်နေရာသို့ အစွယ်ပြင်းပြင်းနှင့် ပေါက်လေ့ရှိသည်မှာ မြွေ၏ကြောက်ရွံ့ စိတ်တစ်မျိုးသာဟု သိရှိနိုင်ပေတော့သည်။

သို့နှင့်အမျှပင် . . .

မြွေသည် လူသားတို့အတွက် တပ်မက်စရာရှိသော အိမ်မွေး သတ္တဝါဘဝသို့ ဘယ်သောအခါမျှ 'မျက်နှာသာ' မပွင့်သည့် အခြေအနေတွင် ရပ်တည်နေခြင်းသာတည်း။ အဆိပ်ပြင်းသည့် အသွင်သာ အသိအမှတ်ပြုခံနေသည်မှာ မြွေဆိုသည့် မြွေသာ လျှင်ဖြစ်နေသည်။ အလုံးအထည် ကြီးမားရှည်လျားသော်လည်း အဆိပ်လုံးဝကင်းသည့်မြွေများ အမေရိကန်နိုင်ငံတွင်ရှိနေသည် ဆိုက အဘယ်သူမျှပင် ယုံချင်ကြမည် မဟုတ်ချေ။ မဲနယ်ပြာ ရောင်ရှိသည့် ထိုမြွေများရှိသော နယ်မြေထဲ အချို့မှဆိုးတို့သည် ဝင်ရောက်ဖျက်ဆီးလျက်အိမ်မွေးရန်အလို့ငှာ သွားရောက်ဖမ်းဆီး လေ့ရှိကြသည်။ သင်ရန်လွယ်ကူလျက် နှစ်လိုဖွယ်ကောင်းသော်လည်း အများတကာ မြွေတို့နှယ်ပင် ရှူးခနဲရှူးခနဲ လှုပ်ရှား တတ်ချေသည်။

ဗြိတိသျှနိုင်ငံက မြက်လျှောမြွေများပင်လျှင် အိမ်မွေး သတ္တဝါအဖြစ် အသိအမှတ်ပြုနေသည်ကိုတွေ့ရချေသည်။ ထိုမြွေ များကို ကျွန်တော့်လက်နှင့် ကိုင်တွယ်ကြည့်ခဲ့ဖူးပါ၏။ အိမ်မွေးဖို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးသည့်အခါ ကျွန်တော့်ဇနီးငြင်းဆန်မှုကြောင့် ထိုအကြံ ပျက်ခဲ့ရသည်။

မြွေဆို၍သာပြောရသည်။ အိမ်တွင်မွေးထားသော ခွေးများ၊ ကြောင်များထက်ပင် အညီအဟောက်ကင်းလျက် ပိုမိုသန့်စင်သော သဘောမှာရှိသည်။ မြက်လျှောမြွေအမျိုးအစားမွေးထားဖူးသော ပိုင်ဆိုင်သူတစ်ဦးက ကျွန်တော့်ကိုဤသို့လျှင် ပြောဖူး၏။ မြက်လျှောက လူကိုအန္တရာယ် မပေး။ သို့သော် အနီးကပ်ရောက် လာသည့်လူကို မျက်နှာဆီသို့သော်လည်းကောင်း၊ လက်ဆီသို့ သော်လည်းကောင်း လှမ်းခဲတော့မည့်အသွင် ပြတတ်ကြသည်မှာ သဘာဝတစ်ခုနှယ်။ လူ့စိတ်ကို ကသိကအောက်လုပ်ပြီး အသာ ဝပ်သွားရာမှ ငြိမ်ငြိမ် ကလေးခွေနေတတ်သည်။ တကယ်တော့ သူ့အရှင်သခင်လား၊ လူဧည့်သည်လား ခွဲခြားသည့် သဘောမျိုး သားဖြစ်သည်။

ထိုမြွေမျိုးထဲမှာ ထူးခြားသည့် အကောင်မျိုးပါဝင်တတ်၏။ ရနံ့ဝင်ပြင်းထန်သည့် အနံ့အသက်မျိုးခံယူရရှိသည့်အခါ အမျက် ထွက်သော ပုံစံဖော်ပြတတ်ခြင်းမျိုးပါ၏။ ဗြိတိသျှမြွေထဲတွင် ချောမွေ့စွာလှုပ်ရှားတတ်သော မြွေနှင့် မြွေပွေးတို့ကတော့ အနံ့အသက် ခံယူနိုင်သည့် အစွမ်းသတ္တိမပါရှိကြချေ။ ချောမွေ့စွာ လှုပ်ရှားတတ်သောအကောင်ထက် မြွေပွေးက သင်ကြားရာတွင် ပိုမိုတတ်သိနားလည်၏။ ပြီးတော့ အနေအထိုင်သပ်ရပ်သည်။ သို့သော် မြွေပွေးကျတော့ အိမ်မွေးသူနည်းပါးလွန်းလှသည်။

အချို့က ရှုးခနဲရှုးခနဲဖြင့် မာန်ဟုန်ပြင်းပုံရသည့် မြွေမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ အဆိပ်ထန်ပြင်းသည် ထင်မှတ်များနေသည်။ မြွေတို့၏
သဘော သဘာဝသည် မိမိတို့အရှင်သခင်ဆီက ရန်သတ္တရုအ
အယာပြုခြင်းမရှိ။ ခင်မင်မှုသာ အတွေ့အကြုံများလာသည့်အခါ
သူတို့၏ အဆိပ်ပြင်းသော မြွေစွယ်ကို ပြန်ရှုံးနိမ့်သွားတတ်
သည်မှာ ဓမ္မတာဖြစ်တော့၏။ Rattle Snake ခေါ် အမေရိကန်
တွင်းခုနစ်ဆင့်မြွေကြီးများသည် အိမ်မွေးသတ္တဝါအဖြစ် ရပ်တည်
နိုင်ခဲ့သည်မှာ ဤသဘောသဘာဝကြောင့်သာ ဖြစ်ခဲ့ရသည်။

ယဉ်ပါးအောင် သင်ကြားမရသော မြွေအမျိုးအစားဆို
အာဖရိကနိုင်ငံမှ အဆိပ်ပြင်းသည့် နှာမှုတ်မြွေပွေးသာရှိသည်
မြွေသုတေသီတစ်ဦး၏ပြောပြချက်အရ မှတ်သားခဲ့ရဖူးသည်
ရင်းအဆိုပြုချက်ကို ငြင်းတော့မငြင်းချင်။ သို့သော် 'မမ်ဘာ'
Mam Ba ခေါ် အာဖရိကမှ အစိမ်းနှင့်အမည်းစပ် မြွေဆိုးကြီး
များကိုတော့ ကျွန်တော် ယဉ်ပါးအောင်မလုပ်ဝံ့သည်မှာ အမှန်
အင်ဒီယန်းခေါ် လူနီရိုင်းနယ်မြေမှ အဆိပ်ပြင်းသည့်မြွေဆိုးကြီး
ကမူယဉ်ပါးလွယ်ကြောင်း ကျွန်တော်ကိုယ်တွေ့တစ်ခုဖြစ်ခဲ့
သည်။ အိမ်မွေးသတ္တဝါဖြစ်နေကြရ၏။

သင့်စိတ်ထဲက ကြောက်စိတ်များဖြင့် မြွေတစ်ကောင်ကို
ကောက်ကိုင်ဖို့ကြိုးစားခဲ့သည်ရှိသော် စင်စစ်ကေန်ပင် အပေါက်
ခံရမည်မလွဲချေ။ လူ့သဘာဝ ကြောက်စိတ်အနံ့အသက်ကို
မြွေကသိရှိချေသည်။ 'သင်း'တို့၏စိတ်ကို ကြောက်စိတ်သဘော
အလွှမ်းမိုးခံရ၍ဖြစ်ကောင်းဖြစ်မည်။ ထိုသဘောကြောင့် ဒေါသ
အမျက်ချောင်းချောင်းထွက်သွားရခြင်း ဖြစ်ချေတန်သည်။ သို့ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



များလှစွာသော မြွေဆရာအရှင်သခင်များသည် မြွေဆိုးကြီးများကို မာန်ချိုးရာတွင် မိမိတို့ရင်ထဲမှ ကြောက်စိတ်များနှင့် သေခြင်းတရား အနံ့အသက်များကို ဦးစွာခဝါချပြစ်ရသော အလေ့အထထားရှိကြ၏။ သို့မို့ကြောင့် ကြောက်ရ လန့်ရကောင်းမှန်းမသိတော့၏။ အချို့သည် ရိုင်းစိုင်းကြမ်းကြုတ်သည်ထင်ရသည့် ခွေးများ၊ သတ္တဝါများနှင့် ပျော်ပါးခွင့်ရရှိခဲ့သည်ကို မြင်နေကြရ၏။

ဝက်များ၊ ခွေးတူဝက်တူများနှင့် မြွေပါများသည် မြွေကို ကြောက်လေ့ကြောက်ထမရှိချေ။ သို့မို့လားမသိတော့။ မြွေ၏ အဆိပ်အတောက်သည် သင့်တို့ခန္ဓာဆီ အဆိပ်ပြယ်သည်အထိ အကာအကွယ်ရရှိနေ၏။ အခြားသော သတ္တဝါတွေမှာမူ အဆိပ် အတောက်ကိုခုခံနိုင်စွမ်းမရှိကြ။ သို့စင်လျက် သင်တို့၏ ထူထည် သိပ်သည်းသည့် အမွေးအမှင်များ၊ ခန္ဓာမှ သားရေထပ်များ၊ အဆီ အခေါက်များက သွေးကြောတွင်း အဆိပ်မရောက်စေရန် ခံတပ်ဖြစ်နေသည်။

ဆရာကြီး ရ(ပ်)ရာ့(သ်)ကစ်ပ်လင်း၏ 'ရစ်ကီ–တစ်ကီ– တာဗီ' ပုံဝတ္ထုဇာတ်လမ်းထဲတွင် မြွေပါအား မြွေကိုသတ်သည့် သားသတ်သမားအဖြစ် တင်စားဖွဲ့ဆိုခဲ့သည်မှာ သဘာဝတရားနှင့် နီးစပ်လှသည်။

မြွေပါသည် မြွေကိုသတ်ဖြတ်ရာတွင် သတိကင်းမဲ့စေ လောက်အောင် ဖျတ်လတ်လျှင်မြန်လှတော့၏။ မြွေ၏ ကျော နောက်ဘက် ခေါင်း နေရာလောက်တွင် ရပ်လျက်က မြွေ၏ လည်ပင်းဆီ ခဲကိုက်ရုံနှင့်ပင် ကိစ္စတုံးစေတော့၏။ မြွေပါအတွက်



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ကူသည့်မြွေမှာ မြွေဟောက်သာတည်း။ ထိုမြွေမျိုးသည် ပါးပျဉ်းထောင်မတ်၍ နည်းစနစ်တစ်သွယ်ဖြင့် ပြန်လည် တိုက်ခိုက်လေ့ရှိကြောင်း ဖြစ်ပါတော့သည်။

သို့နှင့်အမျှ–

မြွေပါသည် မြွေဟောက်၏ရှေ့တွင် နည်းစနစ်အဖုံဖုံဖြင့် လှုပ်ရှားကပြရတော့သည်။ မြွေဟောက်ကိုလှမ်းပေါက်စေဖို့ သွေး ဆွပေးသည်။ မြွေဟောက်လှမ်းအပေါက်မှာ နောက်ဆီသို့ ခုန်ဆုတ် ၍ ချိန်သားအကိုက်ကို စောင့်၏။ မြွေဟောက်လှမ်းပေါက်လိုက် တိုင်းမှာ ခေါင်းပိုင်းနှင့် တစ်လက်မအကွာတွင်သာ မြွေပါကရှိနေ ၏။ ပေါက်လိုက်ဆုတ်လိုက်နှင့် မောပမ်းပြီဆိုလောက်မှပင် မြွေဟောက်ကို အပိုင်ပူးသတ်သည်မှာ မြွေပါ၏ တိုက်ကွက် ကောင်းတစ်ခုပင် ဖြစ်ပါတော့သည်။

ပစိဖိတ်တွင် သာယာလှပ၍ စားစရာပေါကြွယ်သော ကျွန်းတစ်ကျွန်းရှိချေ၏။ ထိုကျွန်းတွင် မြွေများစုဝေးလျက် ခိုအောင်းနေသည်ကိုပါ တွေ့ရချေသည်။ နေရာတကာတိုင်း၌ တွေ့နေလျက်က ထိုအရပ်နေ တိုင်းရင်းသားတို့အတွက် ကြောက် ရွံ့စရာအဖြစ်သဘောပိုက်နေကြ၏။ သူတို့တစ်တွေသည် အလည် အပတ်ရောက်လာသည့် သင်္ဘောသားတွေအား 'မြွေပါ' များ တင်ဆောင်လာကြရန် အမှာပါးလေ့ရှိကြသည်။ မြွေအန္တရာယ်မှ မြွေပါသာလျှင် ချေမှုန်းနိုင်စွမ်းရှိမည်ဟု သူတို့သိသည်။ သို့ကလိုဖြင့် သူတို့ဆန္ဒအတိုင်း မြွေပါများ သင်္ဘောနှင့် တွေ့ လိုက်ယူ ဆောင်လာပေးကြသည်။ သူတို့က ကျွန်းတစ်ကျွန်းလုံး



www.burmeseclassic.com

www.burmeseclassic.com



အနံ့အပြားမြွေပါများ လွှတ်ပေးခဲ့ရာ ထိတ်လန့်နေသော မြွေအန္တရာယ် ကင်းရှင်းသွားလျက် မြွေသားများပါ စားခွင့်ကြုံကြရချေသည်။

ထိုကျွန်းသားများသည် ကျွန်းပေါ်တွင် နေထိုင်ရခြင်းကို လွန်စွာပျော်ရွှင်သွားဖြစ်ကြရတော့သည်။ သူတို့စစ်ဆင်ရေးနစ်တစ်ခု အောင်မြင်သွားရခြင်းကို များစွာကျေနပ်အားရနှစ်ထောင်းစိတ်ဖြစ်ခဲ့ကြသည်။ မြွေများကင်းစင်သွား၏။ သို့သော်မြွေပါများ တစ်ဆက နှစ်ဆအထိ မျိုးဆက်များပွါးနှံ့ခဲ့ကြသည်။ သည်အတွက်တော့ ဘာမှအပမ်းမကြီးလောက်တော့။ အရေးလည်းစိုက်စရာမရှိတော့ဟု မှတ်ယူကြသည်။

သို့သော်–

ထို 'သို့သော်'သည် အခြားမဟုတ်။ ကျွန်းပေါ်တွင် မြွေများပါးသလောက် မြွေပါများ မျိုးပွါးလာသည်နှင့်အမျှ ဝမ်းစိုက်အတွက် မလောက်မငှဖြစ်လာကြသည်။ မြွေတစ်ကောင်တွေ့လိုက်သည်နှင့် မြွေပါနှစ်ကောင် ဝိုင်းလုကိုက်ဖြတ်၍ စားသောက်ရသည့်အခြေအနေသို့ ဆိုက်ကြရ၏။

ထို့နောက် မြွေတစ်ကောင်တလေပင် မကိုက်ဖြတ်ရသည့်နေ့မျိုးတွေမှာ ကျွန်းသားတို့မွေးမြူထားသည့် ကြက်များ၊ ဥများကိုခိုးညည်းရိုးဖောက်၍ ဝင်ရောက်လုယက်စားသောက်သည်အထိဖြစ်ရပ်ခွင့်ရဲလာတော့သည်။ တကယ်တော့ မွေးမြူရေးဆိုသည်ကကျွန်းသူကျွန်းသားတို့အတွက် ပင်မလုပ်ငန်းရပ်ကြီးတစ်ခုသာဖြစ်သည်။ သို့နှင့်ပင် မြွေပါသည် မြွေကိုယ်စား သူတို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ရန်သူဘဝကျရောက်ရပြန်၏။ သို့နှင့်အမျှ မြွေပါကို နှိမ်နင်းနိုင်မည့် အခြားသတ္တဝါများအား မျှော်ကိုးဖို့အကြောင်းက ဖန်ခဲ့ရပြန်တော့သည်။

မြွေဆိုးကြီးများ၏ အဆိပ်သည် အပြင်းထန်ဆုံးရှိသည်။ သူတို့သည် ကြွက်မျှလောက်သာအားခဲလျက် ရှာဖွေစားသောက်သည့်တိုင် သူတို့ကိုယ်ထဲက အဆိပ်က ဆင်ကြီးတစ်ကောင်လုံးကိုပင် ဖြိုလှဲနိုင်စွမ်းရှိတော့သည်။

လူတစ်ကောင်ဆိုလျှင်မူ ဘာမျှ မပြောလောက်တော့။ အာဖရိကတိုက်သို့ရောက်စဉ်က 'မမ်ဘာ' မြွေများ၏ကြောက်စရာရှိလှပုံကို ကျွန်တော့်အသိအကျွမ်းများအား မကြာခဏအသိပေးမိခဲ့ဖူးသည်။ ထိုမြွေအပေါက်ခံရသည်နှင့် မိနစ် ၂၀ အတွင်း ဇီဝိန်ချုပ်ငြိမ်းသွားရမည်ဖြစ်သည်။ နှာမှုတ်မြွေပွေးအကိုက်ခံရသည့်အတွက် နှစ်နာရီခန့် ရပ်တည်နိုင်စွမ်းဦးမည်ဖြစ်တော့သည်။ သို့သော် အတိအကျတော့မဟုတ်ချေ။ မြွေတစ်ကောင်ကိုယ်တွင်ရှိ အဆိပ်အမျိုးအစားအလိုက် ထိရှမှု ကွာခြား၏။

အခြားတစ်ကောင်ကိုကိုက်ပြီးမှ နောက်တစ်ဦးကို ခဲဖို့ကြံရွယ်ခဲ့သည့်မြွေသည် အဆိပ်ခွန်အား နည်းပါးနေမည်ဖြစ်ချေသည်။ သို့မဟုတ် လူတစ်ယောက်၏ကိုယ်မှ အဝတ်အစားသည်ပင် မြွေစွယ်နှင့်ထိတွေ့ချိန်က အဆိပ်ရည်ကို စုပ်ယူထားပြီးသား ရှိနေနိုင်သည်။

လှမ်းခဲပေါက်လိုက်သည့်မြွေများတွင် အဆိပ်များပြည့်ပါရှိကြသည်။ သို့မို့ကြောင့် လူတစ်ယောက်အဖို့ မြွေတစ်ကောင်ကို



www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူ မသတ်ဖြတ်နိုင်ဖြစ်ခဲ့ရခြင်းပါတည်း။ လူသည် အဘယ်မျှလျှင်မြန်ဖျတ်လတ်သည် ရှိချေဦး၊ အပေါက်ခံလိုက်ရသည့် မြွေတစ်ကောင်၏ အဆိပ်ကိုတော့ ရှောင်ရှားနိုင်အံ့မထင်။ မြွေဟောက်တွင် စက္ကန့်ပိုင်းအတွင်း အဆိပ်ရည် ၁၂ စက်ခန့် သွန်ထုတ်နိုင်၏။ အဆိပ်ရည် အစက်တစ်စက်သည်ပင် လူတစ်ယောက်၏အသက်ကို ချေဖျက်နိုင်စွမ်းရှိသည်။

လူတစ်ယောက်၏ သွေးကြောမှာအတွင်း အဆိပ်ဝင်ရောက်နိုင်စွမ်းလျှင်တော့ သေဆုံးမှုသည် မိနစ် ၂၀ နှင့်ပင် ပြီးမြောက်သွားနိုင်သည်။

မြွေဟောက်ကဲ့သို့ အကောင်တစ်ကောင်နှင့် မိတ်ဆက်ခံလိုက်ရသူတစ်ယောက်သည် နာကျင်ခြင်းစိမ့်ပျံ့ရုံမက ရပ်တည်နေသည့် ခြေတန်းများ အားယုတ်သွားသလို ချက်ချင်းခံစားရချေမည်။ အဆိပ်ပျံ့နှံ့မှုကြီးမားသည့်အလျောက် လေသင်မုန်းအဖြတ်ခံလိုက်ရသလို ထုံထုံထိုင်းထိုင်းကြီးရှိလာချေမည်။ လျှာများ၊ အာများ ခဲဆွဲထားသကဲ့သို့ လေးလေးအာအာ ရှိသွားချေမည်။ အကြားအာရုံရှိသည်လွဲ၍ ပြန်ပြောနိုင်သည့်စကား အင်အားလုံးဝဆိတ်သုန်းသွားခဲ့မည်။ အော့ချင်အန်ချင်လာ၍ အသက်ရှူမွန်းကြပ်ကြပ် ခံစားလာရမည်။

ထိုခံစားချက်အထွေထွေကို ဒေါက်တာ အိုင်ဗင်ဘာဂါကိုယ်တိုင် 'မမ်ဘာ' မြွေ၏ အဆိပ်ကိုခံယူလျက် လက်တွေ့စမ်းသပ်ကြည့်ခဲ့ခြင်းဖြစ်သည်။ သူသည် ကိုယ့်အသက်ကို သေလိုးသေစေဟု သဘောပိုက်လျက် ကြီးမားစွာစွန့်စားကြည့်ခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ပါတည်း။ တောင်ပိုင်းအာဖရိက တောနက်ထဲမှ မမ်ဘာမြွေဆိုးကြီး၏အဆိပ်တစ်စက်ကို ဆေးထိုးအပ်နှင့်သွင်း၍ လက်ဖမိုးပေါ် ထိုးသွင်းကြည့်လိုက်ရာမှ ထိုခံစားချက်များကိုရရှိ၍ မှတ်တမ်းပြုနိုင်ခဲ့တော့သည်။

သူသည် ဖြေဆေးထိုးလျက် အိပ်ရာမှာအိပ်၍ နောက်တစ်နေ့အနီးမှာ လျှာနှင့် လည်ချောင်းများ နာကျင်လျက်ရှိနေသေးသည်။ တစ်ညလုံးလည်း တဟီးဟီးနှင့် ဖျားနာသလို ခံစားခဲ့ရသေးသည်။ နံနက်ရောက်တော့မှပင် အဖျားကျ၏။

မြွေ၏အဆိပ်သည် ဝါဝါကြည်ကြည် အရောင်အဆင်းရှိသည်။ အနံ့အသက်မရှိ။ အရသာတစ်းတစေ့မရှိ။ အချို့သော ခြောက်သွေ့သည့်မြွေဆိပ်များသည် ၃၂ နှစ်တိုင်အောင် ထိန်းသိမ်းနိုင်စွမ်းရှိကြ၏။ နှစ်ကာလကြာခဲ့သည့်တိုင် ရေပြန်နှူးလျက် အသစ်အသွင် အသုံးပြန်ချနိုင်သေးတော့သည်။

လူအချို့သည် မြွေဆိပ်ကြောင့် သေရခြင်းမဟုတ်။ စိတ်ချောက်ချားမှုကြောင့် မသေသင့်ဘဲ သေရခြင်းမျိုး ဖြစ်တတ်သေး၏။

ခေတ်ကာလဆိုးရွားလှသော အတိတ်ကာလတစ်ခုဆီမှ သာဓကအဖြစ်အပျက်ကလေးတစ်ခုကိုလည်း အလျဉ်းသင့်၍ တင်ပြချင်ပါသည်။ ထိုအဖြစ်အပျက်ကိုကြားဖူးနားဝ ရှိသူများလည်း ရှိကောင်းရှိမည်ပင်။

တောင်အာဖရိကတိုက်တွင်ဖြစ်ပွားသော ရာဇဝတ်မှုအတွက် စိတ်ပညာလိုက်စားသော ကျောင်းသားများရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



ရာဝတ်ကောင်အား အပြစ်ဒဏ်စီရင်ရန် အမိန့်ချမှတ်ခဲ့သည်။ အပြစ်ခံရမည့် ရာဇဝတ်ကောင်အား သေစားသေစေဖို့ အသိပေးထားပြီးနောက် မျက်လုံးနှစ်ကွင်းကို ဘာမျှမမြင်နိုင်သည်အထိ ပဝါနှင့်စည်းထားလိုက်သည်။ ထို့နောက်တစ်ဆက်တည်းမှာပင် အပ်ချောင်းလောက်ရှိသည့် ဓားရှရာကို လည်မျိုတွင် ဆွဲခြစ်ပေးလျက်က ရေပိုက်သေးသေးမှတစ်ဆင့် ရေစက်ကလေးများ လည်တိုင်ပေါ်မှ သွန်ချပေးခဲ့၏။ပဝါစည်းထားသူ ရာဇဝတ်ကောင်သည် ပထမလည်မျိုမှာ ဓားရှရာခံလိုက်ရ၍ တစ်စက်တစ်စက်ကျလာသောရေများကို သွေးများ ပန်းထွက်လာသည် ထင်သွားရာမှ နေရာတွင်ပင် ကြောက်စိတ်ကြောင့် အသက်ပျောက်သွားရတော့၏။

ထိုနည်းနှင်နှင်နှင့်–

မြွေကိုက်ခံရ၍ စိတ်ကြောင့်မသေသင့်ဘဲ သေကြရသောလူနာများလည်း ရာနှင့်ချီရှိခဲ့ကြရ၏။ ပေါက်လိုက်သည့်မြွေတိုင်းတွင် အဆိပ်မပါသည့်မြွေလည်း ပါလာတတ်သည်ကို ဆင်ခြင်ရမှန်းမသိ။ အကြောက်ကြီးခဲ့ကြသည်ကောသား။

အာဖရိက၊ ဥရောပနှင့် အမေရိကန်နိုင်ငံအချို့တွင် မြွေဟောက်နှင့်ဆင်တူနိုင်သော မြွေအချို့ရှိကြသည်။ သို့သော် လူကိုအန္တရာယ်ပြုသော အဆိပ်အတောက်ကင်းမဲ့ကြ၏။ အိန္ဒိယနှင့်အာရှနိုင်ငံမှ စစ်မှန်သောမြွေအလာမ္ပာယ်ဆရာများသည် ထိုအချက်ကိုသိရှိကြလျက် ပဥ္စလက်ပညာခန်းများမှာ ဖျော်ဖြေအသုံးချနေကြသည်။ အိန္ဒိယတွင် မြွေဟောက်နှစ်မျိုးနှစ်စားရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးမှာ မြွေဟောက်ဘုရင်ဟုခေါ်သော မြွေကြီးမျိုးနှင့် ငန်းတော်ကြားတို့ဖြစ်ကြသည်။ မြွေများထဲတွင် အရှည်လျားဆုံးသော အဆိပ်ပြင်းမြွေ အမျိုးအစားဖြစ်လျက် အတောင် ၁၂ တောင်ခန့် ရှည်လျားသည်။

မြွေဟောက်ဘုရင်သည် အများတကာ ထိတ်လန့်လောက်အောင် ဟန်ရေးပြကောင်းလှ၏။ ထို့အတူ မြွေဟောက်မှာလည်း ရှေ့သို့ပေါက်နိုင်စွမ်းသော ဟန်ရေးမျိုးရှိလျက် ရံဖန်ရံခါ လေ့ကျင့်သူအမျိုးသမီးများကိုပင် ဣန္ဒြေပျက်လုလု အလန့်တကြားနိုင်စေခဲ့သည်။ မောပြီပမ်းပြီလောက်ဆိုမှ ခြင်းကြီးထဲဝင်ခွေလျက် ငြိမ်ကျသွားတတ်သည်။

အာရှအေအမ်စီမှ ဗိုလ်ကြီးတစ်ဦးသည် မြွေဟောက်တစ်ကောင်အား အိမ်မွေးသတ္တဝါတစ်ဦးသဖွယ် ချစ်ခင်မြတ်နိုးစွာ မွေးထား ခဲ့သည်။ ခွေးများကဲ့သို့ပင် နေပူစာထွက်လှုံနိုင်းတတ်ခြင်း၊ သန့်စင်သောလေကို ထွက်ရောက်ရှူနိုင်းတတ်ခြင်း၊ စသည်ဖြင့် နေ့စဉ်မှန်မှန် ကျန်းမာရေးလေ့ကျင့်ခန်းများ စီစဉ်ပေးထား၏။ တစ်ညနေခင်းမှာဖြစ်သည်။ ဗိုလ်ကြီး သူ့မြွေဟောက်ကို အပြင်ထုတ်လွှတ်ပေးနေစဉ် အပေါ်မှပျံသန်းသွားသော ဖီးကွက်ငယ်လေးတစ်ကောင်သည် မြွေဟောက်ခေါင်းတည့်တည့်သို့ စိုက်ဆင်းလာရာမှ နှုတ်သီးဖြင့် ထိုးဆိတ်သွားတော့၏။ မြွေဟောက်သည် ခေါင်းအဆိတ်ခံရသည့်တစ်ခဏမှာ သူ့ကို ရန်သတ္တုပြုခဲ့သော အကောင်ဘလောင်လေးအား ပါးပျဉ်ထောင်လျက် ရှာဖွေခြင်းပြုသည်။ ပြီးတော့ ကာကွယ်ဖို့ ဟန်ရေးပြင်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ရှိခိုက် ဇီးကွက်ကလေး၏ အဖော်ဖြစ်ဟန်ရှိသည့် အခြားသော ဇီးကွက်တစ်ကောင်သည် နောက်ပါးမှဝင်ရောက်လာလျက် မြွေဟောက်ကို ထိုးဆိတ်တွန်းလှဲပြန်တော့၏။ မြွေဟောက် အရှင်သခင် ဗိုလ်ကြီးသည် သူ့ချစ်တိရစ္ဆာန်ကိုကာကွယ်ရန် အူလျားဖားလျားပြေးသွားမိသည်။ သို့စေကာမူ မြွေဟောက်ကြီးမှာ မေးရိုးပြုတ်ကျလျက် အခြေအနေပျက်ယွင်းနေခဲ့တော့သည်။

ထိုအဖြစ်အပျက်မှာ မယုံကြည်နိုင်စရာ ဆန်းကြယ်လှ၏။

ကျားတစ်ကောင်လုံးကိုပင် အပြတ်ရှင်းနိုင်သည့် မြွေဟောက်လိုအကောင်သည် ဘာမဟုတ်သည့် ဇီးကွက်ငယ်ကြောင့် ကြေပြုန်းရခြင်းမှာ ရာဇဝင်ရိုင်းပျလှသည်။ တစ်ရံတစ်ခါဆီက ရက်ဒ်အင်ဒီယန်း လူမီနယ်မြေရှိ တိရစ္ဆာန်ဥယျာဉ်တွင် ကျားမကလေးတစ်ကောင်ကို သတ်ဖြတ်လျက် လှောင်အိမ်ထဲတွင် မိမ်နှင့်အနားယူနေသည့်မြွေဟောက်ကြီးတစ်ကောင်တွေ့ခဲ့ရသည့် ကျွန်တော်သည် အထက်ပါအဖြစ် အပျက်ကြောင့် အတော်ပင် အံ့အားမိသွား၏။

ဩော်–

လူအများတကာသည် သို့လိုသောအဖြစ်အပျက်များ ရှိလို့သာလျှင် မြွေများကို အိမ်များမှာ ရဲရဲတင်းတင်းမမွေးဝံ့ကြခြင်း ပါလားဟု ဆင်ခြင်မိခဲ့ရသည်။

(REF: 1964 March လထုတ် Wide World မဂ္ဂဇင်းမှ)

သန်းမြင့်ဦး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သူ့နယ် သူ့မြေ

တိုးတိုး

ထားဝယ်နှင့်သရက်ချောင်းသွားကားလမ်းမှ "ကနိုင်းဒါ" ရွာသို့ တူမဖြစ်သူ ကွယ်လွန်၍ ဆရာတော် ကြွဖြစ်သည်။ အစ်မကြီး အရင်းကမွေးသည့် တူမဖြစ်သည်။ အသုဘကိစ္စပြီးတော့ ဆရာတော်အား-

"ကျော်စီကို ဦးဇင်းခေါ်သွားပါ၊ ဒကာတစ်ယောက်ယောက်ဆီမှာ အလုပ်တစ်ခုခုခိုင်းပြီး ထမင်းကျွေးပါ၊ ကျော်စီ အခုနေစရာ မရှိဘူးဘုရား"

အစ်မကြီးက ထိုသို့လျှောက်ထားသည်။ ကျော်စီကိုးနှစ်သား အရွယ်တွင် အဖေရင်းကွယ်လွန်ခဲ့ရာ သူ့အမေက နောက်အိမ်ထောင်ပြုပြီး ပထွေးနှင့် ကလေးနှစ်ယောက်ရသည်။ ယခု သူ့အမေကွယ်လွန်တော့ ပထွေးက သူနှင့်ရသည့်ကလေးနှစ်ယောက်ကိုတော့ သည်ဘက်က အဘွားထံအပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စီကိုတော့ ဟိုဘက်က အဘွားထံ ပြန်အပ်သည်။ ကျော်စီ့အဘွား မုဆိုးမကလည်း အိမ်ထောင်ခွဲသား ချွေးမတွေ၊ မြေးတွေနှင့်မို့ ထိုသားက မကြည်ဖြူတာသိသည်။ သို့အတွက် ဆရာတော့်ကျောင်းက ထားဝယ်မြို့ ရွှေတောင်စားစေတီတွင် ရှိသည့်အတွက် ခေါ်ခဲ့ရသည်။ ဆရာတော်တွင် လုပ်ငန်းမျိုးစုံ ရှိသော ဒကာရင်းများရှိကြပါသည်။ ကျော်စီလို ၁၈–နှစ်ရွယ်တွေကို ခေါ်ချင်သည့်သူတွေလည်းရှိပါသည်။

သို့သော် ဆရာတော်တွင် ရန်ကုန်သို့ ကြွဖို့ရာကိစ္စက ရှိနေသည်။ ထိုအခါ အရွယ်ကောင်းကျောင်းသားတစ်ယောက်တော့ ပါဖို့လိုနေသည်။

ရန်ကုန်သို့လည်းရောက်ဖူးစေ၊ ရွှေတိဂုံစေတီတော်ကြီးကိုလည်း ဖူးစေရအောင် လေယာဉ်ပျံဖြင့် ကျော်စီကို ခေါ်လာခဲ့သည်။ ကျော်စီမှာ မြေပြင်နှင့်ခြေဖဝါးထိတာတောင် မေ့မဇာတ် အံ့ဩနေတာပဲ၊ ရန်ကုန်ကျတော့ ရွှေတိဂုံဘုရားကိုလည်း ဖူးရတာ အံ့ဩနေတာပဲ၊ ဒီအထဲ တည်းခိုရသည့်ကျောင်းတိုက်ကြီးမှ သံဃာတော်တွေများတော့ ဆွမ်းချက်ရာမှာ ဂက်စ်မီးဖိုက ဂက်စ်အိုးကြီးတွေမြင်ရာ–

"ဒါ ဒါ ဒီအိုးကြီးတွေက မီးမွှေးရတာမြန်တယ်နော်"

ဒီလိုမေးတယ်။

"အေး မီးမွှေးရတာ မြန်တာပေါ့၊ ဒါကို ဂက်စ်အိုးလို့ ခေါ်တယ်"

ဒီလိုပြန်ပြောတော့ ကျော်စီက–



www.burmeseclassic.com

www.burmeseclassic.com



"ထန်းထန်း ဘယ်ကထည့်သလဲ"တဲ့။

"ထင်းမထည့်ရဘူး ထားဝယ်သားရဲ့၊ ဒီအိုးကြီးထဲမှာ ဂက်စ်ထည့်၊ ဂက်စ်အိုးကြီးထဲက အဆီနဲ့ မီးတောက်တာ၊ အဲဒီအိုးကို ဂက်စ်အိုးလို့ခေါ်ရတယ်၊ ဓာတ်ငွေ့ကို ထည့်ထားတာ၊ ဒီခလုတ်ကို ဒီလိုဖွင့်လိုက်ရင် ဂက်စ်ကလာပြီး ဒီမှာမီးတောက်တာပေါ့၊ ခေါ်စမ်း၊ ဂက်စ်အိုးနဲ့ ထမင်းချက်တာမြင်ခဲ့တယ်လို့ ထားဝယ်ကျတော့ ပြန်ပြောရအောင် ဂက်စ်အိုးလို့ခေါ်စမ်း"

ထမင်းချက်သူက သည်လိုဆိုတော့–

"ဂတ်အိုး"တဲ့။

ဟိုက–

"ဂက်စ်အိုးခေါ်ကွာ"ဆို ကျော်စီကတော့–

"ဂတ်အိုး"ပဲ။

ကြာတော့ သင်ပေးသူတွေက လက်လျှော့ရသည်။

သံဃာတော်တွေ အများကြီးအတွက်မို့ ဂက်စ်အိုးကြီးတွေလည်း လူတစ်ရပ်နီးနီးလောက်ရှိသည်။ အရှည်ကြီးတွေ မဟုတ်လား။ ကျော်စီကဖြင့် ဂက်စ်အိုးကြီးတွေကိုလည်း အံ့ဩတာပဲ၊ သံဃာတွေများတော့ ကျောင်းကဝေယျာဝစ္စတွေလည်း ပိုင်းလုပ်တာပဲ၊ ကျောင်းတိုက်မှာချည်းပဲ၊ ဆရာတော့်လုပ်ငန်းမပြီးသေး၍ နှစ်ပတ်ခန့်နေခဲ့ရသည်။

ထားဝယ်ရောက်တော့–

"မုန်းရုက်တာလေ ဂတ်အိုးအကီးကီးတွေနော့ ရုက်တာ" ဒီလို ပြန်ပြောနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းချက်တာ ဂက်စ်အိုးအကြီးကြီးတွေနဲ့ချက်တာ"

ဒီလိုဆိုလိုတာပေါ့။

ထားဝယ်တွေက ထမင်းကို 'မှန်း'တဲ့၊ ဟင်းကို 'ဟမ်း'တဲ့၊ ထင်းကို 'ထမ်း'တဲ့၊ စိန်နားကပ်ကိုတော့ 'စိန်နားပန်'တဲ့၊ ဆံပင်ကိုတော့ 'ဆပန်'တဲ့၊ အိမ်ကို'အီ'၊ သိမ်ကို'သီ' ထဘီကို'ဖီ'၊ အင်္ကျီကို 'အန်းကီ'၊ ကျော်စိန်ကိုလည်း 'ကျော်စီ'ခေါ်သလား မသိတော့ပါဘူး။

ကျော်စီပြန်ပြောသည့် ဂတ်အိုးကိုလည်း မြင်ဖူးသူ ထားဝယ်သားကပင် ပြင်ပေးပုံမပေါက်တော့ပါပေ။ ထိုသို့ဖြင့် ကျော်စီ အလုပ်ရ၊နေထိုင်စရာကိုတွေးပြီး ဆရာတော်က မြို့ထဲသို့မခေါ်ခင် ကျော်စီအားမေးသည်။

"ကျော်စီ ဒီကျောင်းမှာ တောထွက်ဦးပဇင်းကြီးနှစ်ပါး ရှိတယ်၊ ဦးပဇင်းငယ်နှစ်ပါးကတော့ တခြားကျောင်းမှာ စာသွားသွားသင်ရတယ်၊ ကိုရင်နှစ်ပါးကိုတော့ ငါပဲ စာချရတယ်၊ အဲဒါ ငါမှအပ အားလုံးဆွမ်းခံရတယ်၊ နင်ကော ဒီကျောင်းမှာ ကိုရင်ဝတ်ပြီး ဆွမ်းခံမလား၊ ဒါမှမဟုတ် မြို့ထဲကဒကာတွေဆီမှာ အလုပ်,လုပ်မလား"

သည်လိုမေးတော့ ကျော်စီက–

"ဘုန်းကြီးမဝတ်ချင်ဘူး၊ အလုပ်,လုပ်မယ်"

ဆိုသည်။ ထိုသို့ဖြင့် ဒကာ,ဒကာမများဖြစ်ကြသော ကိုဘာရှိန်–မတင်မြတို့အိမ်သို့ရောက်သည်။

"ငါ့အစ်မကြီးရဲ့မြေးပဲ၊ ဒီမှာခိုင်းစရာရှိတာခိုင်းပြီး အလုပ်



www.burmeseclassic.com

www.burmeseclassic.com



သင်ပေးပေါ့၊ အိပ်စရာနဲ့ ထမင်းစားရဖို့ဆို ပြီးတယ်၊ နာမည်က ကျော်စီတဲ့၊ ဆယ့်ရှစ်နှစ်ရှိပြီ၊ သူ လှေလှော်တတ်တယ်၊ လှည်း မောင်းတတ်တယ်၊ ထန်းလဲတက်တယ်ကွယ့်"

ထိုသို့လာအပ်တော့–

"တန်ပါဘုရား တန်ပါဘုရား"

ဟုဆိုကာ ဝမ်းသာအားရခေါ်ထားလိုက်ကြသည်။ ကျော်စီ ကို ခေါ်ထားလိုက်ကြသော ကိုဘာရှိန်–မတင်မြတို့နေတာက ထားဝယ်မြို့ ဒေါင်းငူရပ် 'တံငါရပ်'ဖြစ်သည်။ အဲဒီမှာ ကျွန်း ကြီးခံနေ၍ မြစ်လိုလို,ချောင်းလိုလိုဖြစ်နေတဲ့ မြစ်ကမ်းနားမှာ ကိုဘာရှိန်တို့ နေကြသည်။

လုပ်ငန်းမှာ လက်လှော်လှေလေးတွေနှင့် ငါးရှာသည့် လုပ်ငန်းကိုလုပ်ကိုင်ကြသည်။ အိမ်မှာလည်း အသက် ၄၀–ခန့် ကိုကြီးသင်နှင့် ကိုစူကီတို့နှစ်ယောက်ကို ခေါ်ထားသည်။ သူတို့ နှစ်ယောက်ကတော့ သူတို့အိမ်သူ့ပြန်အိပ်၊ ပြန်စားဖို့အိမ်နီးသည်။ ကျော်စီကိုတော့ ထိုအိမ်မှာပင် အိပ်,ရှား,နေဖို့အိပ်ရာလည်း ပေးထားသည်။

"ကျော်စီ မှန်းအိုးတယ်ကွယ်"

"ကျော်စီဈေးမှာ မုန့်သွားဝယ်ကွယ်ဟယ်"

"ကျော်စီ သားငယ်တွေမှန်းကျွေးဟယ်"

ဒီလိုခိုင်းလာတော့သည်။ ကျော်စီက ထမင်းကိုလည်း ကော့ နေအောင် ချက်တတ်သည်။ ဒီအိမ်မှာရှိတာက ကိုဘာရှိန်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



မတင်မြရယ်၊ ရှစ်နှစ်ရွယ်သားတစ်ယောက်၊ ငါးနှစ်ရွယ် သား တစ်ယောက်ပဲရှိလို့ ကလေးတွေကိုလည်း ကျော်စီကချစ်တတ်တော့ ဒီအိမ်မှာနေပျော်ပါသည်။

ငါးဟင်း၊ ပုစွန်ဟင်းဆိုတာ ပြတ်သည်မှမရှိဘဲ တယ်လီဗီးရှင်းပင် ကြည့်ရသေး၊ နောက်တော့ ကျော်စီကို ငါးရှာလှေတွေနှင့်ပါ လွှတ်လေတော့၏။ ဟိုလူတွေကိုတော့ နေ့တွက်ပေးရသည်။ ကျော်စီကတော့ အိမ်အလုပ်လည်းလုပ်ရ၊ ငါးရှာထွက်လည်း လုပ်ပေးရာမလိုတော့ မတင်မြတို့မှာ ဟန်ကျလို့။

ကျော်စီကလည်း ကျေနပ်ပါသည်။ သူ့အမေရှိစဉ်က ပထွေးနှင့် သူ့ကလေးစားလို့ကျန်မှ ကျော်စီစားရတာ၊ ဟင်းဆိုတာ တစ်လလုံးလုံး မြင်ရသည်မရှိ၊ ယခု ကိုဘာရှိန်က ကျော်စီကို အဝတ်ကောင်းတွေမှ မနည်းမနောပေးထားတာ၊ ပြောင်ပြောင်ရောင်ရောင်ဝတ်စားလို့ ကျော်စီက ကွမ်းလည်းမစား၊ ဆေးလိပ်လည်းမသောက်တော့ ဘာငွေပိုငွေလျှံမှ မလိုအပ်ဘူး။

ညကို တီဗီချိန်ပြီးတာနှင့် ငါးရှာထွက်သည့် ကိုကြီးသင်နှင့် ကိုစူကီတို့ရှိရာသို့ လှေနှင့်သွားရသည်။ ဟိုမှာရရှိထားသောငါးတွေကို လှေနှင့်တင်ပြီး ပြန်ယူခဲ့ရသည်။ ရလာသည့်ငါးတွေကို ကျော်စီပင်ထမ်းတင်၊ ကိုဘာရှိန်နှင့်အတူ အကြီးအသေးခွဲပြီး ၁၂-နာရီမှာ ကျော်စီအိပ်ရသည်။

တစ်ခါတစ်ရံလည်း ငါးအရနည်းလျှင် ကျော်စီအခေါ် နောင်ကြီးသင်၊ နောင်ကြီးစူကီတို့နှင့်အတူ ပြန်ရသည်။ ထိုသို့ လုပ်ကိုင်နေစဉ်တစ်ညမှာ ကျော်စီတီဗီပြီးလို့ သွားချိန်မှာ လှေရှိရာ



www.burmeseclassic.com

www.burmeseclassic.com



တမ်းနားသို့ဆင်းလာတော့ ကျော်စိုးခြေသံကိုကြားပုံဖြင့် မြစ်ထဲကို ရှုန်းခနဲခုန်ချသံကြီးလဲကြား၊ လူတစ်ယောက်ခုန်ချသွားတာလည်း မြင်လိုက်ရသည်။

လဆန်းရှစ်ရက်လောက်ရှိမည့် လရောင်နှင့် မြစ်ပြင်မှာ အထင်းသား မြင်လိုက်ရသည်။ ဒါကို ကျော်စိုး တွေးကြည့်မိသည်။

ဒီရေဟာ လူတွေရေချိုးတဲ့ရေလဲ မဟုတ်တဲ့၊ ရေင်တွေ ဖြစ်တယ်၊ ပြီးတော့ မြစ်ထဲလှမ်းကြည့်တော့လည်း ရေတွေ ဂယက်ထနေသည်၊ အဲ အဲ ဒါပေမယ့် ခုနခုန်ချသွားသူဟာ လူခုန်ချပုံမျိုးလည်း မဟုတ်ဘူး၊ ဟိုဟို ရန်ကုန်မှာတွေ့ခဲ့သည့် ဂတ်အိုး ဂတ်အိုးပုံမျိုးပဲ၊ လူခုန်ချပုံနဲ့မတူဘဲ ဂတ်အိုးကို လူ တစ်ယောက် တွန်းချလိုက်ပုံမျိုး။

ကျော်စိုး မြင်ရသည်။ ထိုသတ္တဝါပြန်ပေါ်လာဦးမည်လားဟု ကျော်စိုး စေတ္တငြိမ်ပြီး ကြည့်နေသေးသည်။ မလာတော့ပါ၊ မြစ်ပြင်ဟာ ငြိမ်ပြီးတိတ်ဆိတ်နေတော့မှ ကျော်စိုး လှေထဲဆင်းပြီး လှော်ထွက်ခဲ့လေသည်။

ညစဉ်လည်း သည်အတိုင်းပါပဲ၊ တိတ်ဆိတ်နေသောညမှာ ကျော်စိုးလှေလှော်သွားခဲ့ပါသည်။ မြစ်ပြင်မှာလည်း လရောင်လေး ရှိပြီး ရေကငြိမ်သက်နေသည်။

သို့ဖြင့် ဟိုကိုရောက်တော့ ငါးတွေ အတော်ရနေလေပြီ။ ယခုညဆက်ပြီးရှာကြဦးမည်ဖြစ်၏။ ငါးတွေကို ကျော်စိုးလှေထဲသို့ ချပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောင်ကြီးသင်နဲ့ နောင်ရှုကီ ထား;ဝယ်ဆိပ်ကမ်းကို ဆင်းလာတော့လေ"

ကျော်စီက ဒီလိုစကားစသည်။ နောင်ကြီးသင်နှင့် နောင်ရှုကီကလည်း ဘာဆက်ပြောမှာလဲလို့ ဆိုင်းပြီးကြည့်နေကြလို့-

"ဟို ဂတ်အိုး၊ ဂတ်အိုးလိုပဲ၊ အဲဒါ ခြေတွေလက်တွေလဲ မတွေ့ရဘူး၊ အဲဒီလိုအကောင် ရေထဲကို ခုန်ချသွားတယ်၊ ဝုန်းဆို မြုပ်သွားတာပဲ'

"ဟား ဟား ဟား ဟား"နှင့် ရယ်လိုက်သည်။ ပြီးမှ-

"ကျော်စီကတော့ မင်း ရန်ကုန်ကိုတစ်ခေါက်လေး ရောက်ဖူးတာနဲ့ကွာ ဂတ်အိုး,ဂတ်အိုးနဲ့ ဟဲ ဟဲ ဟဲ"နှင့် ပြောပြီး နောင်ကြီးသင်က ရယ်တုန်းပဲရှိသည်။

ရှုကီကတော့ မရယ်ဘဲ စဉ်းစားရင်း လှေထဲကို ငါးတွေ ချလိုက်သည်။ သူတို့နှစ်ယောက်က နာရီပြန်နှစ်ချက်ကမှ ညစာ ထမင်းပါယူလာကြလို့ ဒီညမှာ မိုးလင်းမှ ပြန်လာမည်ထင်သည်။ ငါးတွေကလည်း ယခုပင် အတော်ရလာသည်။ မနက်ကိုတော့ သူတို့အိပ်မှာပေါ့လေ။

ကျော်စီ ငါးတွေနှင့် လှေကိုလှော်ထွက်ခဲ့သည်။ ဒီအချိန်မှာ လရောင်နှင့်မြစ်ပြင်ကလည်း ငြိမ်နေ၍ လှေသွားလှေလာကလည်း ပြတ်တော့ ကျော်စီလှေကို ခပ်ပြင်းပြင်းလှော်လာခဲ့ရာထားဝယ်ဘက်သို့ အတော်နီးလာမှ လှေဦးက ငြိမ့်ခနဲကျသွားသည်။ တစ်စုံတစ်ယောက်က လှေဦးမှာလာတွယ်ပြီး လှေပေါ်သို့ ခုန်တက်မည့်ပုံဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် ကျော်စီလှမ်းကြည့်တော့ မည်းမည်းလုံးလုံးကြီး လှေဦးကိုတွယ်ထားသည်။ လှေဦးကလည်း အောက်စိုက်ပြီး ထော်၍မရတော့။ ကျော်စီက လော်တက်ချပြီး သူ့အနားမှာထား သည့် ဓားရှည်ကိုကိုင်ကာ လှေဦးက မည်းမည်းလုံးလုံးကြီးကို လှမ်းခုတ်တော့သည်။

အဲ အဲဒီတော့ ဒီသတ္တဝါ ဓါရေထဲငုပ်သွားပြီး မှတ်တာပေါ့၊ လှေဦးကထောင်သွားပြီး လှေပဲ့က ငြိမ့်ခနဲဖြစ်သွားပြန်သည်။ လှေဦးကထောင်သွားတော့ ကျော်စီလည်း လှေပဲ့ကိုပြေးပြီး ဓားရှည်နှင့်ရမ်းပြန်သည်။ ခုတ်ပြန်သည်။

သတ္တဝါကလည်း လှေပဲ့ကို အတော်နှင့်မလွှတ်ဘဲဖြစ်လို့ လှေဦးကြီးထောင်နေတော့ရာ ကျော်စီလည်း သူ့လက်ကဓားကို ကျစ်ကျစ်ဆုပ်ပြီး လှေပဲ့နားကို အချက်ပေါင်းများစွာ ရမ်းရမ်းပြီး အချက်ပေါင်းများစွာ ရမ်းခုတ်လို့ အတော်ချွေးပျံလာတော့မှ လှေလည်း ပြန်မတ်သွားပြီး ချာလည်လည်နေတော့ လှေပဲ့ရဲ့ တစ်လံလောက်အကွာကနေပြီး–

"ဟီးဟင်း ဟီးဟင်း ဟီးဟီးဟင်းဟင်း"နှင့် ညည်းတွား သံကြီးက မြစ်ရိုးမှာ 'ဟည်း'ကျန်ခဲ့သည်။ ကျော်စီလည်း လှေကို အားရှိပါးရှိလော်တော့တာပဲ။

ထိုသို့ဖြင့် မကြာခင် ထားဝယ်၊ တံငါရပ်က သူတို့ ဆိပ်ကမ်းကိုဆိုက်တော့၏။ အရိပ်မည်းမည်းကိုမြင်လို့ ဓာဓာလဲ သူ့လှေထွက်ခါနီးက ရေထဲခုန်ချသွားတဲ့ 'ဂုတ်အိုး'လို သတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဒီသတ္တဝါမဲ သူ့လှေကို လိုက်နှောင့်ယှက်သလား
လန့်နေတုန်းပဲ အဲဒီအရိပ်က–

"ဝေ့ ကျော်စီ ငါးများသလား'

ဒီလိုဆီးမေးသည့် ကိုဘာရှိန်ဖြစ်နေသည်။ ကိုဘာရှိန်လည်း
သည်လိုညဥ့်နက်သည့်အခါ ကျော်စီတစ်ယောက်တည်း ပြန်လာ
တတ်၍ ငါးတွေနှင့်အတက်မှာ အဖော်ရဖို့ ဆင်းဆင်းစော
တတ်သည်။

သည်လိုနှင့် ငါးတွေ ကျော်စီပဲ ထမ်းတင်ပြီးမှ အိပ်ရာထ
တော့ နာရီပြန်တစ်ချက်ထိုးမို့ ကျော်စီအိပ်ပျော်သွားတာ နှော
စုကီနှင့် နှောင်ကြီးသင်တို့ ငါးနာရီပြန်ရောက်လာမှ နိုးတော
သည်။

နှောင်စုကီ၊ နှောင်ကြီးသင်တို့ ပြန်အိပ်သည်။ ကိုဘာရှိန်
မတင်မြသို့ ငါးတွေရှိန်ပြီး ဖောက်သည်ပေးသည်။ ကျော်စီ
ရေနွေးအိုးတည်၊ ထမင်းအိုးတည်၊ ကလေးတွေကို မုန့်ဝယ်ကျွေ
ကလေးတွေကျောင်းသွားမှ ထမင်းကြမ်းကိုစား၊ မတင်မြ
ဈေးကပြန်လာတော့ ဝိုင်းကူနှင့် မအားရပါဘူး။

သည်တော့ ညကဖြစ်ပျက်ကြုံတွေ့ခဲ့တာတွေ ပြောမပြဖြစ်
ပြော၍လည်း ယုံချင်မှယုံမှာဟုမှတ်သည်လေ။ ညဘက်မှာ အဖ
ကောင်းမှ အလုပ်ရှင်များလည်း ဝင်ငွေပိုရမှာ၊ နှောင်ကြီးသင်
နှောင်စုကီတို့လည်း နေ့တွက်များများရမှာဟုထင်ပြီး မျှသိပ်ထ
လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





သို့သော် နောင်စူကီနှင့် နောင်ကြီးသင်တို့နှစ်ဦး နေ့လယ်တွင် အလုပ်ဆင်းဖို့လာကြတော့ ကျော်စီက မနေနိုင်တော့၊ နောင်ကြီးသင်တို့ လှေထဲအဆင်းမှာ လှော်တက်ထမ်းပြီး လိုက်ပို့ရင်းက ညကဖြစ်ပျက်ပုံကို ပြောပြတော့သည်။ နောင်ကြီးသင် နောင်စူကီတို့ စဉ်းစားကြပါသည်။

ကျော်စီမရောက်ခင် တစ်နှစ်လောက်ကပေါ့၊ ငါးတွေထမ်းပြီး အိမ်ပေါ်တက်သွားကြပြီး ပြန်ဆင်းလာတော့ ငါးလေးကောင်လောက် ပျောက်သွားသည်။ သည်တုန်းက ကိုဘာရှိန်တို့လည်း အသိမပေး၊ အနားမှာလည်း ဘယ်သူမှမရှိဘဲ ပျောက်တာကို ပျောက်တယ်ပဲထားလိုက်ကြသည်။

ယခု ကျော်စီပြောပုံကို စဉ်းစား၍မရဖြစ်ပြီး ကမ်းနားရောက်တော့ ကျော်စီလှော်တဲ့ လှေဝမ်းဗိုက်ပေါက်ပြီး ရေတွေဝင်နေတာ မြင်ရသည်။

ညက လှုပ်ရှားမှုကြောင့်ပဲဖြစ်မည်။ လှေကပေါက်နေပြီး လှေပဲ့နှင့်လှေဦးမှာလည်း ဓားခုတ်ရာတွေကိုတွေ့သည်။

"အေးလေ၊ မင်းလှေဝမ်းပေါက်နေပြီ၊ ဖာဖို့သာပြင်တော့၊ တို့လဲ ဒီည စောစောပဲပြန်ပါ့မယ်"

ဆိုပြီး နောင်စူကီတို့လှေ ထွက်သွားကြသည်။

ည ၁၀–နာရီတွင်တော့ နောင်ကြီးသင်နှင့် နောင်စူကီ ငါးသိပ်မရလို့ ပြန်လာကြသည်။ ထိုအခါ နောင်ကြီးသင်တို့ ပြန်တော့ ကျော်စီလည်း အိပ်ရာဝင်လိုက်ရာ အိပ်ပျော်နေရင်းမှ ဂယောင်ချောက်ချားနှင့် အိပ်မက်တွေမက်နေစဉ်ပင် မကြာဘူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခွေးအူသံ၊ ဟောင်သံတွေက တစ်ရပ်ကွက်လုံး ဆူညံနေပြီ။ ကျော်စီ လန့်နိုးတော့၏။

"ဟား ဟား ဟား"

ကျော်စီ ထိုသို့အသံထွက်ရယ်ပြီး ထထိုင်လိုက်သည်။

"ဟား ဟား"

ထပ်၍ အော်မိသည်မှာ မြစ်ထဲမှ ကျော်စီ့လှေကိုတွယ်ကာ လာ၍ ကျော်စီစားနှင့်ခုတ်သည့် သတ္တဝါကြီး၏ ညည်းသံကြီး ပါလား။

"ဟီး ဟီး အီး ဟီး ဟီး အီး"နှင့် သန်းခေါင်ယံတိုင်၍ လူခြေတိတ်ဆိတ်နေစဉ်မို့ထင်သည်။

ညည်းသံကြီးက အတော်ကျယ်တာပဲ၊ ပြီးတော့ ခွေးတွေက လည်း စားမတတ် ဝါးမတတ်ဟောင်တော့တာပေါ့၊ ကျော်စီအိပ် ရသည့်နေရာကလည်း အိမ်ဘေးမှာ ဆွယ်ထားသည့် အကာမရှိ သည့် တစ်ဖက်ရပ်အဖီလေးမှာ၊ အိမ်ရှေ့ခြံစည်းရိုးကစည်း ကျိုးတိုးကျဲတဲသာကာထားသည်။ ကျော်စီက သူ၏ထူပိန်းပိန်း မည်းညစ်ညစ်ခြင်ထောင်ကိုလှပ်ပြီး လမ်းမဆီသို့ ကြည့်လိုက် ပါပြီ။

"အို"

ကျော်စီ သည်လိုပဲ အော်မြည်မိသည်။ ခွေးတွေတစီစီဟောင် နေလျက်က သူ့အိမ်ရှေ့မှာ လရောင်နှင့်မြင်ရသည်ကတော့

"ဂတ်အိုး ဂတ်အိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဂတ်အိုး ဂတ်အိုး"

ဟူ၍သာ ကျော်စီဆက်၍အော်တော့သည်။ ဟုတ်ပါသည်။ ဂတ်အိုးပဲ၊ ကျော်စီ ရန်ကုန်မှာတွေ့ခဲ့သည့် ဂတ်အိုးအလုံးအထည်၊ အရုပ်အမောင်းနှင့် မည်းမည်းသတ္တဝါက လှုပ်ယမ်းလှုပ်ယမ်းနှင့် ထန်းမီးပူဖောင်း၏ပုံဖြင့် လူးလာတုံ့ပြန် ခြံရှေ့တွင် လမ်းသလား နေပါလား။

"အဲ တပဟီးဟီး တအီးအီး" ညည်းတွားသံကြီးကိုလည်း ထွက်ထုတ်နေသေးသည်။

"ဂတ်အိုး ဂတ်အိုး ဂတ်အိုး"

ကျော်စီ ဘယ်အထိ အသံကုန် ဟစ်အော်နေသည် မသိ၊ ကိုဘာရှိန်-မတင်မြနှင့် ကလေးတွေပါနိုးလာပြီး တံခါးတွေဖွင့်၊ ကျော်စီအနားကိုရောက်လာကြတာပဲ။

"ဂတ်အိုး ဂတ်အိုး ဂတ်အိုး"

ကျော်စီကလည်း ခြံရှေ့ကို လက်ညှိုးထိုးပြီး အသံကုန်အော် လစ်ရင်းက ကြာတော့ အသံပျောက်သွားပြီး တုံးလုံးလဲသွားတော့ သည်။ သူ့တစ်ကိုယ်လုံးမှာလည်း ချွေးတွေက ရေချိုးထားသလို ရွဲနစ်နေသည်။

ကိုဘာရှိန် ခြံဝကိုကြည့်တော့လည်း ဘာမျှမမြင်ရ။ သို့ဖြင့် အနည်းငယ်လျှောက်သွားလို့ရသည့်နေရာတွင် နေကြသော ဆိုကြီးသင်နှင့်ရှုကီကို သွားခေါ်၍ နှိုးခဲ့သည်။ အိမ်နားက လူ တချို့လည်း ခွေးသံတွေကြား၍ ထွက်လာမေးသည်။

ခုအချိန်မှာ ခွေးတွေက ကမ်းနားဘက်သို့ ဟောင်ပြီး ဆင်း



www.burmeseclassic.com

www.burmeseclassic.com



သွားကြ၏။ ကိုကြီးသင်နှင့် စူကီတို့ရောက်လာတော့ ချွေးရွှဲနေသည့် ကျော်စီကို အဝတ်လဲပေးကြသည်။

ခေါင်းမှီးတော့မထူးဘူး၊ ရေသောက်ဖို့ရေတိုက်တော့ မသောက်ဘူး၊ ထပြီး ဟိုသည်သွားမည်ပြုပြီး ပါးစပ်ကတော့–

"ဂတ်အိုး ဂတ်အိုး ဂတ်အိုး"လို့တတွတ်တွတ်မြည်တမ်းပြီး အော်ဟစ်နေသည်။ နောင်ကြီးစူကီနှင့် နောင်ကြီးသင်က ဖက်ဆွဲထားတော့ ကျော်စီ ငြိမ်သွားပြန်သည်။

ထိုအခါတွင်မှ ရန်ကုန်တွင် ဂက်စ်မီးဖိုကိုထည့်သည့် ဂက်စ်အိုးကို တွေ့ခဲ့ကြောင်း၊ ဟိုညကလည်း ဂက်စ်အိုးပုံမျိုး ရေထဲခုန်ချသွားသည့် သတ္တဝါလိုလိုအကောင်ကိုလည်းမြင်ကြောင်း၊ နောက်တစ်ချီ လှေနှင့် ငါးတွေတင်ပြီး ပြန်လာတော့လည်း ဘာသတ္တဝါမှန်းမသိရသော အကောင်က လှေဦးကိုဆွဲလိုက်၊ လှေပဲ့ကိုဆွဲလိုက်နှင့် ပါသည့်ဓားနှင့် ပြေးခုတ်တော့မှ လွတ်ခဲ့ကြောင်းတွေ၊ ကိုကျော်စီနှင့် ကြုံခဲ့ကြောင်းတွေ၊ ကိုကြီးသင်နှင့်စူကီတို့က ပြောပြကြသည်။ သည်လိုနှင့် ကျော်စီသည် နေ့လယ်လောက်တွင် ကိုယ်ပူရှိန် တအားတက်လာသည်။

ပါးစပ်ကလည်း မကြာခဏ "ဂတ်အိုး ဂတ်အိုး"ခေါ်ပြီး ထထပြေး၍ ဆွဲထားရသည်။ သို့ဖြင့် ဆရာဝန်ကို ပင့်ကြသည်။ ဆရာဝန်က ဆေးထိုး,ဆေးတိုက်ပြီး ပြန်သွားသည်။ သို့သော် ဆေးကို ကျော်စီက မသောက်ပေ။

"ဂတ်အိုး ဂတ်အိုး"ဆိုပြီး ထပြေး၍ ဖမ်းချုပ်ထားရသည်။ သို့အတွက် ဆရာနောက်နေ့လာတော့ ဆေးပဲထိုးရသည်။ ဆေး



www.burmeseclassic.com

www.burmeseclassic.com



မသောက်၊ ရေမသောက်၊ ဘာမျှမစားဘဲ ကိုယ်ပူရှိန်ကလည်း မကျ၊ ခြစ်ခြစ်တောက်ပင်ပူလာသေးသည်။ သတိလည်း မရှိ သလိုပင် အသက်ဆောင့်၍ ဆောင့်၍ ရှူလာသည်။ အိပ်ရာထဲကို ဆီးတွေ ပေါက်ချတဲ့အထိဖြစ်လာသည်။

သို့အတွက် နှစ်ညအိပ်တွင် ကိုယ်ပူရှိန်ကလည်း တက်ဆဲမို့ ကိုဘာရှိန်က သူ့ဦးကြီးဘုန်းကြီးကို သွားပြီး ပင့်လာခဲ့သည်။

နောင်ကြီးသင်နှင့် စုကီတို့ကလည်း ကျော်စီဖြစ်ပျက်ခဲ့တာ တွေကို ဘုန်းကြီးအား လျှောက်ကြသည်။

"အေးလေ၊ ငါ့ကျောင်းကို ခေါ်သွားမယ်၊ မြင်းလှည်းခေါ် ပါကွယ်"

ဟု အမိန့်ရှိလို့ နောင်ကြီးသင်၊ နောင်စုကီ၊ ကိုဘာရှိန်တို့ပါ ကျော်စီကို မြင်းလှည်းပေါ်ပွေ့တင်ပြီး ဘုန်းကြီးနှင့် လိုက်သွား ကြသည်။

ကျောင်းကိုရောက်တော့ ဘုရားစင်ရှေ့မှာ ဖျာတစ်ချပ်ခင်း ပြီး ကျော်စီကိုချသည်။ သင်္ကန်းတစ်ထည် ကျော်စီကိုခြုံပေး သည်။ ကျောင်းရှိ သံဃာတော်များကိုခေါ်ပြီး-

"ဘုရားကုပဲ ကုရတော့မှာပဲ ဦးပဇင်းတို့ရေ"

ဟု အမိန့်ရှိပြီးတော့ ကျော်စီကို ဝိုင်းရံထားပြီး မြတ်စွာ ဘုရားရှင်ထံတော် အပ်နှံကြသည်။ ပြီးမှ ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုဘုရားကန်တော့ကြသည်။ ပြီးတော့မှ 'သမ္ဗုဒ္ဓေ စက္ကဝဠ လေသု' အစချီပြီး ပရိတ်ကြီးဆယ့်တစ်သုတ်ကို တစ်ညလုံး အလှည့်ကျဖြင့် ရွတ်ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက် ၃–နာရီမှာ ဆွမ်းချက်ကုလားတက်ခေါက်သည်။ ထိုညက စူကီကို ထိုကျောင်းတွင်အိပ်ဖို့ ကိုဘာရှိန်က ထားပြီး ညနေမှ ပြန်သွားတော့ ထိုကျောင်းတွင် စူကီရှိနေသည်။ ၄–နာရီမှာ ဦးဇင်းတစ်ပါးက ဆန်ပြုတ်ပြုတ်ပြုတ်ပြီးယူလာ ကျော်စီကို ဆရာတော်ကိုယ်တိုင်ပဲ ဆွဲပွေ့ထူပြီးတိုက်တော့ ပါးစပ်ဟ,ပေးသည်။ အသက်ရှုလည်း မှန်လာသည်။ ဆန်ပြုတ် ငါးဇွန်းသောက်ပြီး အိပ်ရာမှာ ပြန်လှဲချသည်။

ဦးဇင်းနှစ်ပါးကို ပရိတ်ကြီးများကိုလည်း မပြတ်ရွတ်နေစေသည်။ ဆရာတော်ကတော့ ကျောင်းပရဝဏ်ထဲမှာ အားလုံးသော ပုဂ္ဂိုလ်အပေါင်းတို့ကို မေတ္တာပို့၊ အမျှဝေသည်။

နေ့ခင်းမှာ အဖျားအပူရှိန်ကျသွားပြီး ဆီးကိုလည်းထပေါက်သည်။ ဆန်ပြုတ် တိုက်တော့ ငါးဇွန်းသောက်ပြီး အသက်ရှုမှန်မှန်ဖြင့် သက်န်းကို ကိုယ်နှင့်မကွာအောင် ဆွဲခြုံပြီး အိပ်လေသည်။

ကိုဘာရှိန်လည်း နေ့လည်တိုင်း လာကြည့်သည်။ လာလျှင် ငှါးခြောက်ငါးခြမ်း မုန့်များပါလာတတ်သည်။ နောင်ကြီးသင်နှင့် နောင်စူကီတို့လည်း အားသည့်အချိန်တွင် ရောက်ရောက်လာပါသည်။

သို့ဖြင့် ကျော်စီ ၁၀–ရက်နေမှ ထမင်းနည်းနည်းစားသည်။ ထမင်းစား၍ ၅–ရက်ရှိတော့ ကိုဘာရှိန်က–

"ကျော်စီ အိမ်ပြန်လိုက်ခဲ့လေ၊ ဟမ်းကောင်းကောင်းနဲ့ မှန်းကျွေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သည်လိုခေါ်သည်။ ဆရာတော်က ကြည့်နေသည်။ ကျော်စီ ခေါင်းခါလိုက်သည်။ ဆရာတော့်ဘက်သို့လှည့်ကာ–

"ဟိုကိုပြန်သွားရင် ဂတ်အိုးလိုအကောင်က အိမ်ရှေ့အထိ လာလို့ တပည့်တော် ဒီလိုဖြစ်တာ၊ မလိုက်တော့ဘူး ဆရာတော်၊ တပည့်တော်ကို သင်္ကန်းဝတ်ပေးပါတော့ဘုရား၊ တပည့်တော် သင်္ကန်းနဲ့ပဲ နေပါတော့မယ်ဘုရား"

ဟု ဆိုလေတော့သည်။

တစ်လခန့်တွင် ကျော်စီ ကိုရင်ဝတ်လိုက်တော့သည်။ ကျောင်းအနီးအနားက ရပ်ကွက်မှာပင် ဆွမ်းခံသည်။ ကျောင်းဝေယျာဝစ္စအကုန်လုပ်သည်။ ကိုဘာရှိန်တို့အိမ်တွင် အကြောင်းရှိ၍ ဆရာတော်က လွှတ်သည်ကိုပင် ကျော်စီမသွားတော့ပေ။ သူ့နယ်၊ သူ့မြေမှာတော့ အေးချမ်းသာယာနေပါသတည်း။ ။

တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်မြို့ချစ်နှင့် ဆိုခဲ့သည့်

ည



င်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



# ဒေါ်မြို့ချစ်နှင့်ဆုံခဲ့သည့် ည

မောင်ညိုမှိုင်း [သန်လျင်]

ယခုအခါ ရေးသားဖော်ပြမည့်အကြောင်းအရာသည် ကျွန်တော့်မိတ်ဆွေ ကားဒရိုင်ဘာ ကိုချစ်ဖွယ်ကိုယ်တိုင် ကိုယ်တွေ့ကြုံခဲ့ရသည့် ထူးဆန်းအံ့ဩဖွယ်ဖြစ်ရပ်မှန် ဖြစ်ပါသည်။ သူက သူ့အသက်(၄၅)နှစ် သက်တမ်းတစ်လျှောက် ဤအဖြစ်အပျက်လောက် အံ့ဩဆန်းကြယ်သည့် တိုက်ဆိုင်မှုမျိုး မကြုံဘူးပါဟု ဆိုလာခဲ့ပါသည်။ ယင်းဖြစ်ရပ်အား သူပြောပြသည့်အတိုင်း ပြန်လည်ရေးသားဆင့်ပွားလိုက်ရပါသည်။

[၁]

"အမေရေ...အောင်မလေးအမေရဲ့ နာလိုက်တာနော်၊ အီး... အီး...မရောက်သေးဘူးလား၊ အမလေး သေပါပြီ၊ အမေရဲ့ အီး... အီး...အင်း...အင်း"

ကားပေါ်မှာ ပါလာသည့် နေ့စဉ်လစဉ် ကိုယ်ဝန်ဆောင်ရဲ့ အော်ဟစ်ညည်းညူသံကြောင့် ကိုယ်ချင်းစာနာစိတ်နှင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကားလီဗာကို မြှင့်ချင်ပါသော်လည်း ဆေးရုံအတက်လမ်းသည် ကျင်းချိုင့်များ ပွယောင်းထနေ၍ ကားဆောင့်မည့်ဒဏ်ကြောင့် သူမ ပိုနာကျင်မည်ကို စိုးရိမ်ကာ မှန်မှန်သာမောင်းနေမိသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးကား ကျွန်ဘော်အိမ်ညာဘက် သုံးအိမ်ကျော်မှ ရေနံချက်စက်ရုံစာရေးကြီး ဦးလှမြင့်ဦးရဲ့ဇနီး ဖြစ်သည်။ အချိန်ကား ည (၁၂)နာရီခန့်ရှိနေသည်။ ဝန်းကျင်သည် အိပ်မောကျနေကြ၏။

သူမရဲ့ နာကျင်စူးရှစွာ အော်ဟစ်ပြောဆိုသံကြောင့် ကားပေါ်မှာ ပါလာသည့် အမေလုပ်သူနှင့် အရပ်လက်သည်မိန်းမကြီးမှာ ချော့မော့၍ ရောက်တော့မည်ဖြစ်ကြောင်း နှစ်သိမ့်အားပေးကြသည်။ သူ့ယောကျ်ား ကိုလှမြင့်ဦးက 'မြန်မြန်မောင်းပါ ကိုချစ် ဖွယ်ရာ'ဟု အသံကြီးနှင့် ကိုက်တွန်းနေသည်။

ကုသိုလ်ကံဆိုးချင်တော့ ဆေးရုံရောက်ခါနီး ကုန်းအတက် ရင်ခွဲရုံ ရေခဲတိုက်အရှေ့သို့ အရောက်တွင် ကျွန်တော့်ဘတ်စကားသည် ကုန်းကို လုံးဝမတက်နိုင်တော့ဘဲ စက်ပါထိုးရပ်သွားခဲ့သည်။ ရင်ခွဲရုံရှေ့မှာဖြစ်တော့ သူတို့အားလုံး ပို၍ စိုးရိမ်ထိတ်လန့်သွားကြပြီး ဝန်းကျင်ကို မငဲ့မရဲငဲ့ကြည့်ကာ 'ဖွ…ဖွဲ့'တွေ လုပ်ကြတော့သည်။

ကျွန်တော် ကားပေါ်မှဆင်း၍ စက်ခေါင်းအဖုံးကိုဖွင့်ကာ အမျိုးမျိုးကလီပါသော်လည်း စက်က နှိုးကြည့်လိုက်လျှင် လုံးဝ မနိုးတော့။ ကျွန်တော့်ထက် ကိုလှမြင့်ဦးက စိုးရိမ်သောကများနှင့် ချွေးပျံနေ၏။ နောက်ဆုံး ကိုလှမြင့်ဦးက ရှေ့မှာမြင်နေရသည့်



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံဝန်းထဲသို့ ခြေကုန်သုတ်ပြေးသွားပြီး တာဝန်ကျဆရာဝန်ကို သွားအကြောင်းကြားလိုက်သည်။

ထိုစဉ် ကိုယ်ဝန်ဆောင် မလှရှင်ကလည်း နာကျင်လွန်း၍ အော်ဟစ်ရုန်းကန်ရင်း နီးရာလူကို ကုတ်ဖဲ့သည်၊ ဆွဲသည်၊ ထုရိုက်သည်၊ အသံမြည်အောင် အံကြိတ်၍ ညည်းသည်၊ အော်သည်၊ သူခံစားနေရသည့် သားဦးဒုက္ခဝေဒနာကိုကြည့်ရင်း ကျွန်တော်ပင် ချွေးများ စို့ပျံလာခဲ့ရသည်။ မိခင်လုပ်သူနှင့် အရပ်ထက်သည် အဒေါ်ကြီးမှ အံမကြိတ်ရန်၊ ဒေါသမကြီးရန်၊ ခါးကိုမလိမ်ရန် သတိပေးထိန်းချုပ်နေစဉ်မှာပင် ဆေးရုံမှ ဝန်ထမ်းအမျိုးသမီး အချို့သည် ဘီးတပ်အိပ်စင်လက်တွန်းလှည်းကို ခပ်မြန်မြန်တွန်းရင်း ရောက်ရှိလာကြသည်။

အားလုံးရဲ့အကူအညီနှင့် အသည်းအသန်ခံစားနေရသည့် မလှရှင်ကို တွန်းလှည်းပေါ် ပွေ့တင်လှဲအိပ်စေပြီး ဆေးရုံလမ်း အတိုင်းမှသည် ကော်ရစ်တာတစ်လျှောက် တွန်းယူသွားကြသည်ကို ခပ်မှိန်မှိန်မီးရောင်အောက်မှ လှမ်းမြင်နေရသည်။

ယခုအခါ ရင်ခွဲရုံရှေ့ လမ်းနံဘေးဇရပ်အိုလေးအနီးမှာ ကျွန်တော်နှင့် ဒုက္ခပေးသော ဘတ်စကားအိုသာ ကျန်တော့သည်။ ကျွန်တော်သည် လူကိုမကြောက်သော်လည်း သရဲတစ္ဆေတော့ အလွန်ကြောက်သည်။ ထိုထိုသော နာနာဘာဝများနှင့် နဖူးတွေ့ ဒူးတွေ့ မကြုံဘူးပါသော်လည်း သွယ်သွယ်ဝိုက်ဝိုက် အခြောက် အလှန့် မကြာခဏခံရဖူး၍ နည်းနည်းတော့ ကြောက်စိတ်စ,ပေါ် လာခဲ့သည်။ မတတ်နိုင်။ ဒီညအဖို့တော့ ဒီကားအိုကြီးစောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



နိုးအောင်လုပ်မှ။ နို့မို့ ဒီည ရင်ခွဲရုံရှေ့က ဇရပ်အိုပေါ်မှာ ညအိပ်ရပေလိမ့်မည်။ သို့နှင့်ကားစက်ခေါင်းအဖုံးကို ပြန်ဖွင့်ပြီး ဖယောင်းတိုင်မီးထွန်း၍ ဆီရေလိုင်းအစုံကို စေ့စေ့စပ်စပ်လိုက်ကြည့်သည်။ အတန်ကြာ တစ်ယောက်တည်း ချို့ယွင်းချက်ကိုရှာ၍ ဟိုဖြုတ် ဒီနှိုက်လုပ်သည့်တိုင် ကားစက်လုံးဝမနိုးသောအခါ ကိုလှမြင့်ဦးတို့ ပြန်လာမည့်အချိန်ကိုမျှော်လင့်ရင်း ဒီဇရပ်အိုပေါ်မှာ ထိုင်စောင့်ရုံမှလွဲ၍ ဘာမှမတတ်နိုင်တော့။

ကားကို ပစ်သွားလို့လည်းမဖြစ်။ မတော်ပစ္စည်းဖြုတ်ယူသွားခဲ့လျှင် ပိုဒုက္ခရောက်မည်။ ဤသို့နှင့် ဆေးပေါ့လိပ်ကို မီးညှိဖွာပြီး သမ္ဗုဒ္ဓေဂါထာကို (၉)ခေါက်ရွတ်ဆိုလိုက်သည်။ မကြာခင် အိပ်ငိုက်လာသဖြင့် ဇရပ်တိုင်ကိုမှီပြီး မှိန်းနေလိုက်ရာ--

"လူကလေး"

"ဟော့...လူကလေး"

အနားနားကပ်၍ ခေါ်လိုက်သံကြောင့် မှေးစနဲအိပ်ပျော်ရာမှ ဖြုန်းခနဲလန့်နိုးပြီး မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ရုတ်ခြည်း မြင်လိုက်ရသောမြင်ကွင်းကြောင့် လိပ်ပြာလွင့်မတတ် လန့်သွားတော့၏။

အချိန်အခါကလည်း ညကြီးသန်းခေါင်ကျော်။

ပတ်ဝန်းကျင်ကလည်း မီးရောင်မှုန်ပျပျနှင့် ချောက်ချားဖွယ်ကိတ်ကိတ်သည့် သမယ။

နေရာက လူသေကောင်များထားသည့် ရင်ခွဲရုံရှေ့။

တွေ့မြင်လိုက်ရသည်ကား အသက် (၈၀)ခန့် အမယ်အို



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ဦး။ ဆံပင်တွေက ဖွာလံကျဲလို့။ ပါးရေနားရေများက တွန့်လိပ်လျော့ရဲလျက်။ မှိန်ပျပျအလင်းရောင်အောက်မှာ အမယ်ကြီး၏ နားပေါက်ကျယ်တွဲတွဲကြီးကို တွေ့နေရသည်။ အင်္ကျီက အဖြူ၊ ထဘီကအနက်၊ ခါးကလည်း ကုန်းသမှ ထက်ပိုင်းကျိုးနီးပါး။ အမေကြီးက ကျွန်တော့်ရှေ့မှ သွားဗလာ သွားဖုံးကြီးနှင့် ပြုံးပြုံးကြီး ရပ်နေသည်။ ကျွန်တော် ကြောက်လွန်း၍ ထပြေးမည်ပြုလိုက်သောအခါ...

"မကြောက်ပါနဲ့ သားရယ်၊ အမေ ဆေးလိပ်မီးတတို့လောက်လိုချင်လို့ပါ"

"အ...အမေ...ကြီးက...လူ...လူ...အစစ်..."

"ဟား...ဟား...ဟား...ဟား...သားရယ်၊ လူစကားပြောနေမှတော့ လူအစစ်မဟုတ်လို့ ဘာဖြစ်ရမလဲ သားရဲ့၊ ခြစ်မှဖြစ်ရပလေကွယ်...ဘုရား...ဘုရား...ဘုရား..."

"အမေကြီး...ဒီ အချိန်မတော် ဘယ်...ဘယ်...က...လာတာလဲ...ဟင်..."

"အမေကြီးလား၊ ဟို မွေးခန်းထဲက လာခဲ့တာပါသားရဲ့။ ဆေးလိပ်သောက်ချင်လွန်းလို့ပါ၊ အဲဒီမှာက ဆေးလိပ်လုံးဝမသောက်ရဘူးလေ၊ ဒီမှာ မီးခြစ်ကလည်းမရှိ၊ မင်းကားဆီက မီးရောင်လေးလှမ်းမြင်ရလို့ ထွက်လာခဲ့တာသားရေ၊ ဆေးလိပ်လေးတစ်အောင့်သောက်ပြီးရင် ပြန်သွားမှာပါ၊ ငါ့သားက ဒီမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ"

ပြောရင်းဆိုရင်းပင် အမေကြီးက ကျွန်တော့်အနီးမှာ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်သည်။ လူအစစ်ပါဆို၍ ကြောက်စိတ်တော့ အနည်းငယ် ပြေသွားသည်။ စောစောကလို တစ်ယောက်တည်းနေရတာနှင့် စာလျှင် အခုလို အဖော်တစ်ဦးနှင့် စကားပြောနေရသည်က ကြောက်စိတ်ကို ပိုလျော့ပါးနိုင်သည်မို့ ကျွန်တော်က မီးခြစ်ကို ထုတ်ခြစ်ပေးလိုက်သည်။ သည်တွင် မီးခြစ်ရဲ့မီးရောင်ကြောင့် ပိုမိုထူးခြားစွာ မြင်လိုက်ရသည်ကား အမေကြီး၏ညာဘက် မျက်လုံးပေါ်မှ ဆီးသီးလုံးခန့်ရှိ မှဲ့သီးကြီးဖြစ်သည်။ အမေကြီး စကားပြောလိုက်တိုင်း မျက်ခုံးပေါ်မှ မှဲ့သီးကြီးက လိုက်၍ လှုပ်နေ၏။

အမေကြီးက သတင်းစာနှင့်လိပ်သည့် ဆေးပေါ့လိပ်ကြီးကို မီးတောက်အောင်ဖွာရှိုက်ရင်း အရသာကို ခံစားနေသည်။

"သား နာမည်က ဘယ်လိုများခေါ်သတုံး"

"မောင်ချစ်ဖွယ်လို့ ခေါ်ပါတယ် အမေ"

"ဒီမြို့ကပဲလားကွယ်"

"ဟုတ်တယ်ခင်ဗျ"

"အချိန်မတော်ကြီး ငါ့သားကရော ဒီလိုနေရာမျိုးမှာ ဘာ လုပ်နေတာလဲ၊ ပြောပါဦးသားရဲ့"

"မွေးလူနာတစ်ဦးလာပို့တာ အမေ၊ ဒီရင်ခွဲရုံရှေ့ကျမှ ကားက ထိုးရပ်သွားလို့၊ သူတို့ကတော့ ဆေးရုံကဝန်ထမ်းတွေ အကူအညီ နဲ့ ရောက်သွားကြပါပြီခင်ဗျ၊ ကျွန်တော်ကတော့ ကားဒရိုင်ဘာ ဆိုတော့ ကားပစ်သွားလို့မရတာနဲ့ စောင့်နေခဲ့ရတာပါ၊ ဒါနဲ့ အမေ့နာမည်ကရော"



www.burmeseclassic.com

www.burmeseclassic.com



"အမေ့နာမည်က ဒေါ်မြို့ချစ်တဲ့။ (----) အပိုင်(---) ဆိုတဲ့ ရွာကပေါ့။ ဒါနဲ့ မင်းသား အကြီးကောင် ညနေက ဖိနပ် ပျောက်တာ ပြန်တွေ့ရဲ့လားကွယ့်"

"ခင်...ဗျာ"

ကျွန်တော် အံ့ဩသွားမိသည်။ ကျွန်တော့်သား အကြီး ကောင်ကို တစ်နေ့က သူ့အမေ ပိန်းတန်းဖိနပ်အသစ်ဝယ်ပေး ခဲ့သည်။ ညနေက သူငယ်ချင်းများနဲ့ကစားရင်း ဖိနပ်ပျောက်သွား ခဲ့သဖြင့် မအေက တစ်ညနေလုံးရှာရင်း မတွေ့၍ ဆူဆဲရိုက်ပုတ် ခဲ့သည်။ ဒီကိစ္စကို အမေကြီးက ဘယ်လိုလုပ်သိနေတာပါလိမ့်။

"နေ...နေပါဦး...အမေ၊ ကျွန်တော့်သားဖိနပ်ပျောက်တာကို အမေ ဘယ်လိုလုပ်သိနေတာလဲ...ဟင်...ဟင်...လို့..."

"အမေ့ အာရုံထဲမှာ မြင်ခဲ့ရလို့ပါကွယ်"

"ခင်ဗျာ...အမေက အကြားအမြင်ပုဂ္ဂိုလ်လား ဟင်...ဟင် အမေ..."

"ဘယ်လိုပြောရမလဲ သားရယ်၊ မင်းနဲ့စကားပြောနေရင်းမှာပဲ မျက်လုံးထဲ အလိုလိုပေါ်လာသလိုရှိလို့ ပြောမိတာပါ၊ အင်း... မပူပါနဲ့၊ မရိုက်ပါနဲ့ သားရယ်၊ မနက်မိုးလင်းရင် ထင်းပုံတစ်ခု အကြားကနေ ပြန်ရပါလိမ့်မယ်၊ သွားကြည့်လိုက်ပါ၊ အခြား မဟုတ်ပါဘူး၊ သူ့သူငယ်ချင်းတွေ ချစ်လို့ နောက်တာပါကွယ်"

ကျွန်တော် အမေကြီးကိုကြည့်ရင်း နည်းနည်းတော့ အံ့ဩ ချင်သလိုဖြစ်သွားသည်။

"အမေ...အခု...အသက် ဘယ်လောက်ရှိပြီလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အမေ့အသက်လား (၈၅)နှစ်ကွယ့်"

"အမေ ကျန်းမာတယ်နော်၊ နားရော၊ မျက်စိရော၊ ခြေထောက်ရော အားလုံးကောင်းနေတယ်"

"အင်း...အနဲ့အနဲ့ ငါးပါးရဲ့ ဂုဏ်ကျေးဇူးကြောင့်နဲ့ တူပါရဲ့ကွယ်၊ ဒါပေမယ့် တစ်ချက်တစ်ချက် ရင်ထဲနဲ့ခေါင်းထဲမှာ မကောင်းဘူး သားရဲ့၊ ရင်တွေတုန်တယ်၊ မူးတယ်၊ မူးလာရင် အသက်များ ချက်ချင်းထွက်သွားမလားလို့ မှတ်ရတယ်သားရေ၊ ကဲ...ကဲ...အချိန်လဲကြာသွားပြီ၊ အမေသွားမယ်၊ သမီးက မိုက်ခွဲမွေးနေရလို့ စောင့်ပေးနေရသကွယ်၊ ငါ့သားရော"

"ကားစက်ပျက်နေတော့ ဒီကားကို ပစ်ပြီးသွားလို့ မဖြစ်ဘူး အမေ၊ ခြင်ပဲကိုက်ကိုက်၊ ကျားပဲဆွဲဆွဲ ဒုက္ခခံစောင့်ရတော့မှာပဲ"

"ဩော်...ဒီလိုလား၊ ကဲ...ကဲ...ကဲ...အမေကူညီပါ့မယ် သားရယ်၊ လာ လာ"

အမေကြီးက တုန်တုန်ချည့်ချည့်နှင့်ထလာ၍ ကျွန်တော့်လက်ကိုဆွဲကာ ဖေးကာ ကားဆီသို့ခေါ်သွားသည်။ သူ ကူညီမည်တဲ့။ အမေကြီးက ဘာလုပ်ပေးနိုင်မှာလဲ။ သူ့ကိုယ်ခန္ဓာပိန်လှီလှီကလေးက လေတိုက်ရင်တောင် လဲကျသွားနိုင်သည်။ အင်းလေ ဘာပဲဖြစ်ဖြစ် ဒီမေကြီးက နည်းနည်းတော့ ထူးဆန်းသည်မို့ ကျွန်တော် ရောယောင်၍ ခေါင်းညိတ်လိုက်သည်။

ကားရှေ့သို့ရောက်သောအခါ အမေကြီးက ကားစက်ခေါင်းပေါ်သို့ သူ့ညာလက်ကို မှောက်တင်လိုက်ပြီး နှုတ်မှ တစ်စုံတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



သော ဂါထာကိုရွတ်ဆိုလိုက်သည်။ (၃)ခေါက်ခန့် ရွတ်ဆိုပြီး သောအခါ ကားခေါင်းကို လက်နှင့် သုံးကြိမ်ပုတ်လိုက်ပြီး–

"အမေ သွားတော့မယ် သား၊ တစ်အောင့်နေရင် မင်းကားကို စက်နှိုးတော့၊ နောင် ကြုံကြိုက်ခဲ့ရင် အမေ့ကိုလည်း တင်ခေါ်ပါ၊ လိုက်ပို့ပါ သားရယ် နော်"

"ဟုတ်...ဟုတ်ကဲ့ပါ အမေ"

သို့နှင့် အမေကြီးသည် မကြောက်မရွံ့နှင့် လုပ်လီလုပ်လဲ့ ကိုယ်ကိုထိန်းရင်း ရင်ခွဲရုံဘေးမှဖြတ်၍ သားဖွားဆောင်ရှိရာသို့ တစ်လှမ်းပြီးတစ်လှမ်း ထွက်ခွာ၍သွားလေသည်။

တစ်အောင့်လောက်ကြာလျှင် ကားကို စက်နှိုးလိုက်ပါဟု ပြောသွားခဲ့သည်။ ဟုတ်ပါ့မလား။ မိမိလို စက်နှင့် အနှစ် နှစ်ဆယ်ခန့် ပေါင်းသင်းလာသည့်လူတောင် ဒီကားကို စက်နှိုး အောင် လုပ်လို့မရခဲ့။ ဤအမယ်အိုကြီး သူ့လက်ဝါးပိန်ပြားပြား နှင့် သုံးချက်ပုတ်သွားရုံနှင့် ဒီကား စက်နှိုးရမတဲ့လား။ ကျွန်တော် မယုံနိုင်ခဲ့။ သို့သော်လည်း ထူးဆန်းသည်မို့ မယုံရဲယုံရဲနှင့် ဒရိုင်ဘာထိုင်ခုံမှာဝင်ထိုင်ရင်း ကားသော့ကို လှည့်နှိုးလိုက်သည်။

"ဝူး...ဝူး"

"အမလေး...သောက်ခွေး"

တိတ်ဆိတ်ငြိမ်သက်နေခိုက် ရုတ်တရက် ကားစက်နိုးသွား၍ လန့်ယောင်ပြီး ရေရွတ်မိလိုက်သည်။ အံ့ဩစရာပါကလား၊ သည့်နောက် ကားလီဗာကို အသာနင်းကြည့်လိုက်သည်။

"ဝူး...ဂျုတ်...ဂျုတ်ဂျုတ်...ဝူး...ဝူး"



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား၊ အံ့ဖွယ်သူရဲပါလား။ ကားသည် စက်နိုးသွား၍ မကာ မြင်းရိုင်းတစ်ကောင်လို စွတ်ပြေးချင်သည့် ဓောမျိုးနှင့် ခုန်ကြွ၍နေသည်။ စောစောတုန်းကထက်ပို၍ ကျွန်တော် အံ့ဩနေပါသည်။ လီဗာကိုဖိနင်း၍ စီယာတိုင်ကို လှည့်လိုက်သော အခါ ကားသည် စိုင်တမော့ဆေးရုံကုန်းကို ခေါင်းထိုး၍ တက်သွားတော့သည်။

[၂]

ညက အမှန်အိပ်ရေးပျက်ခဲ့သော်လည်း ထုံးစံအတိုင်း ဂိတ်ဝင်နေကျမို့ မနက်ငါးနာရီမှာ နိုးနေမိသည်။ သည့်နောက်ကားကို မောင်းပြီး ဂိတ်မှာ ထိုးထားလိုက်လေသည်။ မကြာခင် ဂိတ်မှူး ရောက်လာပြီး--

"ချစ်ဖွယ်၊ မင်းကားအပါအဝင် ဘတ်စကားငါးစီး ဒီနေ့ လယ်(၁)နာရီ အသုဘပို့တာဝန်"

"ဘယ်ရပ်ကွက်လဲ ဂိတ်မှူး"

"ရပ်ကွက်မဟုတ်ဘူး၊ နယ်ကမို့ ဆေးရုံရင်ခွဲရုံရှေ့ စရပ်မှာ စုရပ်တဲ့"

ဤသို့နှင့် မနက်ပိုင်း ကျွန်တော် လိုင်းပြေးဆွဲလိုက်သည်။ နေ့လယ် ၁ နာရီထိုးရန် (၁၅)မိနစ်အလိုမှာ(-----)ဆေးရုံရှိ ရင်ခွဲရုံရှေ့သို့ ကားကိုမောင်း၍ ထွက်လာလိုက်သည်။

ရင်ခွဲရုံဇရပ်ဝန်းကျင်မှာ အသုဘပို့မည့်သူများ အများအပြား ရောက်ရှိနေကြသည်။ လူအချို့က ရပ်တားသည်။ ကားပေါ်သို့ တက်နေကြသည်။ ကာယကံရှင်များဖြစ်ဟန်တူသူ



www.burmeseclassic.com

www.burmeseclassic.com



အချို့က ကားများရဲ့ ဝဲယာဘော်ဒီအိမ်မှာ စာရွက်များ လိုက်ကပ်နေသည်။ ယပ်တောင်များလည်း လိုက်ဝေသည်။ ကျွန်တော့်ကားမှာသည်း လာကပ်သည်။ ယပ်တောင်တစ်ခုကို လားပေးသဖြင့် အွယ်လွန်သူအမည်ကို ဖတ်ကြည့်လိုက်သောအခါ ကျွန်တော်ချက်လုံးပြူးသွားခဲ့သည်။

"ဒေါ်မြို့ချစ် အသက်(၈၅)နှစ် (သုံးခွမြို့)တဲ့"

ဘုရား၊ ဘုရား တိုက်ဆိုင်လှချည်ကလား၊ ဒေါ်မြို့ချစ် အသက်(၈၅)နှစ်၊ သုံးခွမြို့။ ကျွန်တော် ဒီအမည်၊ လိပ်စာ၊ ဒီအသက်အရွယ် အမေကြီးနှင့် ညသန်းခေါင်ကျော်အချိန်က ဇရပ်ထဲမှာ စကားအတူထိုင်ပြောဖူးခဲ့သည်။ နာရီဝက်ခန့်ကြာလိမ့်မည်။ အဲဒီအမေကြီးများပေလား၊ ရင်ထဲမှာ တုန်လှုပ်၍လာသည်။ အုံသြ စရာကောင်းလွန်း၍ ကာယကံရှင်ဖြစ်ဟန်တူသူ အဒေါ်ကြီးတစ်ဦးကို မေးကြည့်လိုက်သည်။

"အဒေါ်၊ ဒေါ်မြို့ချစ်က ဘာရောဂါနဲ့ဆုံးတာလဲဟင်"

"အမေက သူ့သမီးအငယ်မ ဒီဆေးရုံမှာ မိုက်ခွဲမီးဖွားရလို့ ဟို သုံးခွ(---)ရွာကနေ စိတ်မချလို့ လိုက်လာပြီး လူနာစောင့် လုပ်နေတာကွယ်၊ လွန်ခဲ့တဲ့သုံးရက်က လူနာစောင့်လုပ်ရင်း ရုတ်တရက် ရင်အောင့်တယ်၊ မူးတယ်ဆိုပြီး ဖြုန်းခနဲမူးလဲကျသွားရာကနေ အသက်ပါ ပါသွားတာပဲ ငါ့တူရယ်၊ သိပ်သဘောကောင်းတဲ့မိခင်ကြီး၊ ဘုရား တရားမြတ်တဲ့ သီလမြဲတဲ့ သူတော်ကောင်းမကြီးပါကွယ်၊ လူတိုင်းကို အမေက ကူညီပေးလေ့ရှိသမို့ လူချစ်လူခင်လည်း များသကွယ်၊ ခုတော့ အို..အမေ



www.burmeseclassic.com

www.burmeseclassic.com



သူတော်ကောင်းမကြီးရဲ့၊ သမီးတို့ကို ပစ်သွားခဲ့ပြီ လား...အမေရဲ့ ဟီ...ဟိ...ဟီး...ဟီး"

အဒေါ်ကြီးက ပြောဆိုနေရင်းမှ ဟာစ်၍ငိုလိုက်ရာ ရင်ခွဲတိုက်ထဲမှ ခေါင်းတလားထုတ်လာသည့် အချိန်နှင့်တိုက်သဖြင့် ကျန်သားသမီးဆွေမျိုးများကလည်း ဝိုင်းအော်ဟစ်၍ ငိုကြလေတော့သည်။ ၎င်းနောက် ရွှေထီး(၄)လက်မိုးတော့သည်။ ကားပေါ်သို့ ခေါင်းကိုတင်လိုက်ကြပြီး ညောင်သုံးပင်သုသာန်သို့ ပို့ကြတော့သည်။

သုသာန်ရောက်တော့ ဇရပ်ပေါ်က အုတ်ခုံမှာ ခေါင်းကိုတင်ကြသည်။ သံဃာတော်များက အသုဘတရားရှုကြသည်။ ရေစက်ချ၍ အမျှဝေပြီးသောအခါ ကျောက်တလားပေါ်မှ ဒေါ်မြို့ချစ်ရဲ့ခေါင်းကို သားချင်းများက ဝိုင်းမ,၍ မြေမြှုပ်မည့်နေရာသို့ သယ်သွားကြသည်။ ရင်ထု၍ အော်ငိုသံများ၊ ငိုရင်းတက်သွားသူများ၊ မြေမှာလှိမ့်၍ ငိုနေသူများကိုကြည့်ပြီး မိမိပါ ငိုချင်သလိုဖြစ်လာခဲ့ရသည်။ ကျင်းဝသို့ရောက်သောအခါ အုန်းသီးခွဲ၍ မျက်နှာသစ်ကြရန် လုပ်ကြသည်။ ကျွန်တော်လည်း နဂိုတိုက်ဆိုင်မှုများကြောင့် စိတ်ဝင်စားရင်းရှိနေသည်နှင့် လူအုပ်ကို တွန်းဖော့ရင်း အနီးကပ်၍ ဝင်ကြည့်လိုက်သည်။

လူတစ်ယောက်က အခွံကျွတ်အုန်းသီးတစ်လုံးကို လက်ဝါးပေါ်တင်၍ ဓားလက်မှဓားနှင့်ခွဲရန် အသင့်ပြင်နေသည်။ ကျန်တစ်ယောက်က ခေါင်းဖုံးကိုဖွင့်လိုက်ပြီး သေသူဒေါ်မြို့ချစ်ရဲ့ မျက်နှာမှာ အုပ်ထားသည်။ အဝတ်စပဝါကို ဖယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစွာ ကျွန်တော်မြင်လိုက်ရသည်ကား–

ညာဘက်မျက်ခုံးပေါ်မှ ဆီးသီးလုံးသာသာခန့်ရှိနေသော မှဲ့နက်သီးကြီးတစ်လုံး။ ကျွန်တော် ပါးစပ်ဟသွားခဲ့ရသည်။ လူလည်း ကြက်သေသေသွားသကဲ့သို့ဖြစ်သွားသည်။ ဒေါ်မြို့ချစ်၊ အမေကြီးဒေါ်မြို့ချစ်။ ညတုန်းက သန်းခေါင်ကျော်မှာ ကျွန်တော့်ထံမှ မီးခြစ်တောင်း၍ စကားတွေထိုင်ပြောခဲ့ပြီး အပြန်မှာ ကားစက်နှိုးအောင် ထူးခြားဆန်းကြယ်စွာ စီရင်ပေးသွားခဲ့သည့် အမေကြီး ဒေါ်မြို့ချစ်အစစ်။

လူတစ်ယောက် လာထိတော့မှ ကျွန်တော့်အသိစိတ်များ ပြန်ဝင်လာခဲ့ရသည်။ ရင်ထဲမှာတော့ တုန်လှုပ်ချောက်ချားအံ့သြနေဆဲ။ ဒီအကြောင်း သူများကိုရော အမေကြီးရဲ့သားသမီးများကိုရော ပြောပြလျှင် ယုံချင်မှယုံကြမည်။ ဪ...အမေကြီး ဒေါ်မြို့ချစ်ကား သူတစ်ပါးကို ရိုင်းပင်းကူညီချင်သည့် သူတော်ကောင်းမကြီးတဲ့။

သူ ကျွန်တော့်ကို သေပြီးသည့်ဘဝရောက်သည်တိုင် ဝိညာဉ်တန်ခိုးနှင့် လာကူညီသွားခဲ့သေးသည်။

သားသမီးဆွေမျိုးများက နောက်ဆုံးကန်တော့ခြင်းဖြင့် ကန်တော့ကြပြီး ခေါင်းပေါ်သို့ မြေကျ[illegible]ခဲတစ်ခဲစီ ပစ်တင်ပေးကြသည်။ ကျွန်တော်လည်း အမေဒေါ်မြို့ချစ်ရဲ့ကျေးဇူးရှိခဲ့ဖူးသည်မို့ ရိုသေစွာ လက်အုပ်ချီပြီး မြေကြီးတစ်ခဲကို ပစ်တင်လိုက်သည်။

"အမေရေ...အမေ ကျွန်တော့်ကားကို စီးခွင့်မကြုံခဲ့ရပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို ကျွန်တော်လိုက်ပို့ခွင့် ကြုံခဲ့ရပါပြီ အမေ၊ အမေဒေါ်မြို့ချစ်ကောင်းရှာသုဂတိဘုံသို့ ရောက်ပါစေ…အမေ ရောက်ပါစေ… ရောက်ပါစေ…"

*[စာကြွင်း။ ။ညနေ အိမ်သို့ပြန်ရောက်သောအခါ သားအကြီးကောင်ရဲ့ဖိနပ် ပြန်တွေ့သည်ဟုသိရပါသည်။ ဘယ်က တွေ့သလဲဟု ကျွန်တော်က မေးလိုက်သောအခါ လမ်းထိပ်လက်ဖက်ရည်ဆိုင်ရှေ့က ထင်းပုံကြားမှ ပြန်ရသည်ဟု သိရပြီး သားရဲ့သူငယ်ချင်းများက နောက်ထားတာဖြစ်သည်ဟု သိရသောအခါ…)*

မောင်ညီမှိုင်း (သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တွေ့ကြုံဖူးသော လူဝင်စားမိန်းကလေးတစ်ဦး

ဦးငွေအောင်မွန်

(၁)

၁၉၇၄-ခုနှစ်ကဖြစ်ပါသည်။

ရောဝတီတိုင်းတောင်ပိုင်း ဒေးဒရဲမြို့နယ် ခနန်းကုန်းကျေးရွာအုပ်စု နေရောင်ကာကျေးရွာ၌ ထိုခေတ်က ကျေးရွာကောင်စီဥက္ကဋ္ဌ ဦးစောထွန်းခင်နှင့်ဇနီး နော်မေမြရီတို့ မိသားစုသည် နေရောင်ကာချောင်းဘေး အုန်းခြံဓနိခြံထဲတွင် နေထိုင်ကြသည်။

နေရောင်ကာကျေးရွာတွင် ခရစ်ယာန်ဘာသာကိုးကွယ်ကြသော ကရင်တိုင်းရင်းသား အများစုနေထိုင်ကြပါသည်။ ဦးစောထွန်းခင်တို့မိသားစုသည်လည်း ကရင်အမျိုးသားခရစ်ယာန်ဘာသာဝင်များဖြစ်ကြပါသည်။ ဘိုးဘွားမိဘများ လက်ထက်ကစ၍ လယ်ပိုင်ခြံပိုင် အတော်အတန်ချမ်းသာကြွယ်ဝကြသော တောရွာ



www.burmeseclassic.com

www.burmeseclassic.com



လူရည်တတ်များဖြစ်ကြပါသည်။ လယ်ယာနှင့်အုန်းခြံ စိုက်ခြံ လုပ်ငန်းတို့ကို စာရင်းငှားအလုပ်သမားတို့နှင့်လုပ်ကိုင်၍ တစ်ဖက်ကလည်း ကျေးရွာကောင်စီဥက္ကဋ္ဌလူကြီးအဖြစ် တာဝန်ထမ်းဆောင်သည်။

ဦးစောထွန်းခင်နှင့် နော်မေမြရီတို့တွင် သားစောလယ်ထူး၊ စောထူးဒီနှင့် သမီး နော်ထူးကပေါ၊ နော်ပုလဲဝါးဟု သားသမီး (၄)ယောက်ထွန်းကားသည်။

သူတို့အိမ်ရှေ့ရှိ နေရောင်ကာချောင်းမကြီးမှ သူတို့အိမ်အနီးသို့ လှေသမ္ဗာန်များ အဝင်အထွက်ပြုလုပ်ရန် တူးဖော်ထားသော ရေမြောင်းခွဲကလေးတစ်ခုရှိသည်။ ချောင်းမကြီးမှ ရေများထိုမြောင်းခွဲကလေးအတွင်းသို့ ဝင်ရောက်နေ၍ အကျယ် (၆) ပေခန့်နှင့် အနက် (၄)ပေခန့်ရှိပါသည်။

တစ်နေ့နံနက်အချိန်တွင် အသက်(၆)နှစ်ခန့်အရွယ်ရှိ သမီးကြီး နော်ထူးကပေါသည် ထိုရေမြောင်းကလေးကိုဖြတ်၍ တင်ထားသော ပျဉ်ပြားကိုလျှောက်၍ အခြားတစ်ဖက်သို့ကူးသွားပြီး အဒေါ်ဖြစ်သူ နော်ဝါးဖောတို့အိမ်သို့သွားသည်။ သူမ၏နောက်မှ အသက်(၄)နှစ်အရွယ်မျှသာရှိသေးသော နော်ပုလဲဝါး လိုက်လာသည်ကို မသိလိုက်ပါ။ နော်ပုလဲဝါးသည် ပျဉ်ပြားပေါ်မှ ခြေချော်ကျသဖြင့် လူကြီးတွေမသိခိုက်မှာပင် ရေနစ်သေဆုံးသွားသည်။ အတော်ကြာမှ သူမကိုမတွေ့ရသဖြင့် ရှာဖွေကြရာ ရေမြောင်းထဲတွင် အလောင်းကိုတွေ့ကြရလေသည်။

ဦးစောထွန်းခင်နှင့် နော်မေမြရီတို့သည် သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



နော်ပုလဲဝါးအတွက် အလွန်နှမြောတသယူကြုံးမရဖြစ်ကြ၏။ သူတို့၏ ခရစ်ယာန်ဓလေ့ထုံးစံအရ သူမ၏အသုဘတွင် ဝေ်ပြုဆုတောင်းကာ သင်္ဂြိုဟ်လိုက်ကြသည်။

ထိုနောက် အချိန်တို့သည်တရွေ့ရွေ့ ကုန်လွန်သွားခဲ့ပါသည်။ အချိန်ကာလ(၁)လမျှကြာခဲ့ပါပြီ။

(၂)

ထိုနေရောင်ကာရွာမှ အနောက်မြောက်ဘက်မိုင် (၃၀) ကျော်ခန့်ဝေးကွာသော ကျိုက်လတ်မြို့နယ်မှ မဲဇလီစုကျေးရွာတွင် လယ်သမားခြံပိုင်ရှင် ဦးခင်လှိုင်နှင့်ဒေါ်သန်းမေတို့နေထိုင်ကြသည်။ တစ်ညတွင် ဒေါ်သန်းမေသည် အိပ်မက်တစ်ခုမြင်မက်သည်။ ကရင်သင်တိုင်းဝတ် ကလေးမကလေးတစ်ဦးက သူမတို့အိမ်တွင်နေလိုသည်ဟု ခွင့်တောင်းသဖြင့် ခွင့်ပြုလိုက်သည်ဆို၏။ မကြာမြင့်မီတွင် ဒေါ်သန်းမေ၌ ပဋိသန္ဓေတည်လာ၍နောက် ကိုးလခန့်အကြာတွင် မိန်းကလေးတစ်ဦးကို မွေးဖွားသည်။

ဦးခင်လှိုင်နှင့် ဒေါ်သန်းမေတို့မှာ ဗုဒ္ဓဘာသာဝင် ဗမာလူမျိုးများဖြစ်ကြသည်။ သမီးကလေး၏နာမည်ကို ခင်မျိုးလွင်ဟု နာမည်မှည့်ခေါ်ကြသည်။ သမီးကလေး ခင်မျိုးလွင်သည် စကားပြောတတ်စအရွယ်ရောက်လျှင် စကောကရင်စကားကို စတင်ပြောသည်ဟုဆိုပါသည်။ အဖေကို အပါး၊ အမေကို အမိုးဟုခေါ်တတ်သည်ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့သမီး၊ ငါတို့က ဗမာတွေ၊ ကရင်စကား နားမလည်ဘူး၊ ဗမာစကားပြောပါ"

ထို့နောက်တွင် သူမအား ဗမာစကားကိုတဖြည်းဖြည်း သင်ပေးကြသည်။ ဗမာစကားပြောတတ်သောအခါ သူမ၏ ပြောပြချက်အရ သူမသည် ကရင်မိန်းကလေးဘဝမှ လူဝင်စားဖြစ်ကြောင်း တစတစသိရှိလာကြသည်။

ခင်မျိုးလွင် အသက်(၄)နှစ်အရွယ်တွင် သူမသည် လက်ရှိမိဘများဖြစ်ကြသော ဦးခင်လှိုင်နှင့် ဒေါ်သန်းမေတို့အား ပူစာသည်။

"အဖေတို့ အမေတို့၊ နေရောင်ကာရွာကို သွားချင်တယ်၊ လိုက်ပို့ပေးပါ"တဲ့။

ထိုစကားကိုကြားလျှင် ဦးခင်လှိုင်နှင့် ဒေါ်သန်းမေတို့မှာ အံ့သြသွားကြသည်။

ဦးခင်လှိုင်ကမေးလိုက်သည်။

"သမီး၊ နေရောင်ကာရွာဆိုတာသိလို့လား၊ အဲဒီရွာဟာ ဒီကနေမိုင်(၃၀)ကျော်ဝေးတယ်ကွယ့်၊ အဖေတို့လဲ တစ်ခါမှ မရောက်ဖူးဘူး"

"သမီးသိပါတယ်၊ သမီးရဲ့အဖေအမေတွေ အဲဒီရွာမှာ ရှိတယ်၊ အစ်ကိုနှစ်ယောက်နဲ့ အစ်မတစ်ယောက်တို့လဲရှိကြတယ်"

"အလို...ဟုတ်ရဲ့လား၊ ဘယ်လိုသိသလဲ၊ ဘယ်ပုံ ဘယ်နည်းနဲ့ငါတို့ဆီမှာ လူဝင်စားဖြစ်လာရတာလဲ၊ ပြောပြစမ်းပါဦး"

"ဟို...နေရောင်ကာရွာက ဦးစောထွန်းခင်ဆိုတာ ...



www.burmeseclassic.com

www.burmeseclassic.com



အဖေ၊ အမေက နော်မေမြရိတဲ့၊ သူတို့ဆီကိုသမီးသွားချင်တယ် လိုက်ပို့ပေးပါနော်"

သို့နှင့် ဦးခင်လှိုင်နှင့်ဒေါ်သန်းမေတို့က သဘောတူလိုက်ကြရတော့သည်။

"အေးကွယ်...သမီးရယ်၊ ဒါလောက်တောင်သွားချင်လှတယ်ဆိုတော့ ငါတို့လိုက်ပို့ပေးရမှာပေါ့"

နောက်တစ်နေ့နံနက်တွင်ဦးခင်လှိုင်သည် ပေါင်းမိုးတပ်ဆင်ထားသော ဘောက်တူလှေကြီးတစ်စီးကိုပြင်ဆင်ကာ လမ်းခရီးတွင် ချက်ပြုတ်စားသောက်ရန် ထမင်းအိုးဟင်းအိုးနှင့် ဆန်ဆီ စသည်တို့ကို ယူငင်ကြ၍ သမီးကလေးခင်မျိုးလွင်နှင့်အတူ ဖျာပုံမြစ်ကြောင်းအတိုင်း အောက်ဘက်သို့ခရီးထွက်ခဲ့ကြသည်။ ဖျာပုံမြို့သို့ရောက်လျှင် ငင်းမှတစ်ဆင့် အရှေ့ဘက် နောက်ပြန်ထိုးချောင်းအတွင်းသို့ဝင်ရောက်လှော်စော်ကြကာ အရှေ့တောင်ဘက်ရှိ နေရောင်ကာကျေးရွာဆီသို့ စုံစမ်းမေးမြန်းကြ၍ တစ်ရွာဝင်တစ်ရွာထွက်ဖြင့် သွားရောက်ကြသည်။

နေရောင်ကာချောင်းအတွင်းသို့ ရောက်ကြလျှင် ခင်မျိုးလွင်က ဘောက်တူလှေ၏ဦးပိုင်းမှ မတ်တပ်ရပ်လိုက်လာပြီး ဝမ်းသာနေသည်။

"ဟော...ရောက်လာပြီ၊ ဟိုရှေ့က နေရောင်ကာရွာပေါ့။ ရွာအလယ်က ချောင်းဘေး၊ ရေဆင်းတံတားရဲ့အနောက်ဘက်က အိမ်ကိုသွားပါ၊ အဲဒီအိမ်ဟာ ဦးစောထွန်းခင်ရဲ့အိမ်ဖြစ်တယ်" ဟု လက်ညှိုးညွှန်ပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

ညနေ (၃)နာရီအချိန်ခန့်တွင် သူတို့သည် ဦးစောထွန်းခင်တို့အိမ်ရှေ့တွင် လှေသမ္ဗန်ဆိုက်ကပ်ကြ၍အိမ်ပေါ်တက်ကြ၏။ အိမ်ရှင်တို့ကို နှုတ်ဆက်ကာ အကျိုးအကြောင်းပြောပြကြသည်။

အိမ်ပေါ်တွင်ဦးစောထွန်းခင်ဇနီးမောင်နှံ သားသမီး (၃)ဦးတို့အပြင် အခြားဆွေမျိုး(၄)ဦးတို့လည်း ရှိနေကြသည်။ ထိုနေ့မှာ တက်ခွနေ့ဖြစ်၍ သူတို့ကျေးရွာ ဘုရားရှိခိုးကျောင်းမှ ဘုရားရှိခိုးအစမ်းအနားအပြီးတွင် အနားယူပိုင်းဖွဲ့စကားပြောနေကြခြင်းဖြစ်သည်။

ဦးခင်လှိုင်က...

"ဟောဒီသမီးကလေးက ဘဝဟောင်းမိဘတွေအိမ်ကိုသွားချင်တယ်လို့ပူဆာတယ်၊ အခုရောက်လာပြီ၊ ကဲ...သမီးရေ ဘဝဟောင်းက သမီးရဲ့မိဘတွေကို ဒီလူအုပ်ထဲက ဘယ်သူတွေလဲဆိုတာ လက်ဆွဲပြပါလား"ဟုဆိုလိုက်သည်။

ထိုအခါ မခင်မျိုးလွင်က ရုတ်တရက်ထသွားပြီး လူအုပ်ကြားထဲမှာဝင်၍...

"အဲဒါ အပါး(အဖေ)၊ အဲဒါ အမိုး(အမေ)"ဟု ဘဝဟောင်းက အဖေနှင့်အမေတို့ကိုလက်ဆွဲကိုင်ပြသည်။ အစ်ကိုအစ်မတို့ကိုလည်း လက်ညှိုးညွှန်ပြသည်။ ကြည့်နေသူအားလုံးက တအံ့တဩဖြစ်နေကြသည်။

ထိုနောက် သူမဘဝဟောင်းက အိပ်ခဲ့သော နေရာကိုပြ၏။ သူမ၏ အဝတ်အစားသေတ္တာတွေကိုလည်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဤအကြိမ် ယခုဘဝတွင် နေရောင်ကာရွာသို့ ပထမဆုံးအကြိမ်ရောက်ဖူးသော်လည်း မိဘဟောင်းများနှင့် အစ်ကိုအစ်မတို့အားမှတ်မိနေခြင်း၊ သူမ၏အိပ်ယာနေရာနှင့် အဝတ်အစားသေတ္တာတို့ကို ညွှန်ပြနိုင်ခြင်းမှာ ထူးခြားချက်ဖြစ်သည်။

ထိုနောက်ဘဝဟောင်းက မိဘများနှင့် ဘဝသစ်ကမိဘများသည် ရယ်ရယ်မောမော စကားစမြည်ပြောဆိုကြ၏။

ဦးစောထွန်းခင်က မေးလိုက်သည်။

"သမီး ရေနစ်သေဆုံးသွားတဲ့နောက် ဘယ်လိုနည်းနဲ့ မဲဇလီစုရွာမှာ လူဝင်စားဖြစ်လာရတာလဲ၊ ပြောပြပါဦး"

"ဟုတ်ကဲ့၊ သမီး ရေမြောင်းထဲ ချော်ကျလို့ရေနစ်သွားတော့ အိမ်ရှေ့ကချောင်းထဲမှာ သမ္ဗန်ကြီးတစ်စင်းနဲ့ စဥ့်အိုးရောင်းတဲ့ ဈေးသည်တွေ အော်သံကိုကြားလိုက်ရတယ်။ ဒါနဲ့ ရေနစ်မွန်းသွားပြီး စိတ်အာရုံက အဲဒီသမ္ဗန်မှာ ကပ်လိုက်ပါလာခဲ့တယ်။ စဥ့်အိုးသည်တွေ မဲဇလီစုရွာကိုရောက်တော့ အခုဘဝအမေဖြစ်တဲ့ ဒေါ်သန်းမေဟာ မြစ်ကမ်းနားဆင်းပြီး စဥ့်အိုးဝယ်တဲ့အခါ ပူးဝင်လိုက်တယ်"

ဒေါ်သန်းမေက ပြောပြန်သည်။

"အဲ...ဟုတ်ပြီ၊ ကျွန်မတို့ စဥ့်အိုးဝယ်ပြီးနောက် မကြာမီမှာ ကျွန်မကိုယ်ဝန်ရှိလာတယ်။ ကိုးလကြာတော့ ဒီသမီးလေး ကို မွေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



(၄)

ဦးခင်လှိုင်နှင့်ဒေါ်သန်းမေ၊ သမီးခင်မျိုးလွင်တို့သည် ဦးစောထွန်းခင်တို့အိမ်တွင်(၃)ရက်ခန့်နေကြသည်။ ဘဝဟောင်းကမိဘများနှင့် ဘဝသစ်ကမိဘများ ချစ်ခင်ရင်းနှီးသွားကြသည်။

ထိုနောက် ဦးခင်လှိုင်မိသားစုသည် မိမိတို့ရွာသို့ပြန်မည်ပြုကြစဉ် မခင်မျိုးလွင်က မိဘဟောင်းတို့အိမ်တွင် ခေတ္တဆက်၍နေလိုသေးကြောင်း ပြောသဖြင့် သူ့မကိုထားခဲ့ကြရာ (၁)လမျှကြာခဲ့သည်။

ဦးခင်လှိုင်နှင့် ဒေါ်သန်းမေတို့ကလည်း သမီးနှင့်ခွဲခွာနေသည်ကို လွမ်းဆွတ်သဖြင့် လာရောက်ခေါ်ယူကြပြန်သည်။

ဤသို့ဖြင့် မခင်မျိုးလွင်သည် ဘဝဟောင်းကမိဘများနှင့် ဘဝသစ်ကမိများအိမ်တွင် (၂)လ၊(၃)လ စသည်ဖြင့် အလှည့်ကျနေထိုင်ကြီးပြင်းလာရာ အသက်(၅)နှစ်အရွယ်ရောက်လာသည်။

ဦးခင်လှိုင်တို့နေရာ မဲဇလီစုကျေးရွာတွင် အစိုးရမူလတန်းကျောင်းသာရှိသဖြင့် မခင်မျိုးလွင်သည် ထိုမူလတန်းကျောင်းတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့သည်။

၁၉၈၅–ခုနှစ်တွင် စတုတ္ထတန်းအောင်သောအခါ ဒေးဒရဲမြို့နယ် စနွန်းကုန်းကျေးရွာအုပ်စု နေရောင်ကာရွာရှိ ဘဝဟောင်းက မိဘများဖြစ်သောဦးစောထွန်းခင်နှင့် နော်မေမြရီက ခေါ်ယူကာနေရောင်ကာအလယ်တန်းကျောင်းတွင် ပဥ္စမတန်းမှ စ၍ ပညာသင်စေကြသည်။

ထိုအချိန်က စာရေးသူကျွန်တော်သည် ထိုအလယ်တန်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်း၏ ကျောင်းအုပ်ဆရာကြီးအဖြစ်နှင့် ကြုံကြိုက်နေ၍ ကိုယ်တွေ့သိရှိနေပါသည်။

စာရေးသူကျွန်တော်သည် မခင်မျိုးလွင်၏ဘဝဟောင်းက မိဘနှစ်ပါးနှင့် ဘဝသစ်က မိဘနှစ်ပါးတို့ကို တွေ့ဆုံမေးမြန်းခွင့်ရပါသည်။ သိလိုသမျှ အချက်အလက်တို့ကို မေးမြန်းကာ ဤအကြောင်းအရာကို ရေးသားခြင်းဖြစ်ပါသည်။

မခင်မျိုးလွင်သည် ယခုဘဝတွင် ဗုဒ္ဓဘာသာဝင်မိဘများမှ ဆင်းသက်ပေါက်ဖွားသဖြင့် ဗုဒ္ဓဘာသာဝင်ဖြစ်သွားပါသည်။

မခင်မျိုးလွင်သည် ကျွန်တော်တို့အုပ်ချုပ်သည့် နေရောင်ကာ အလယ်တန်းကျောင်းတွင် ၁၉၈၆–ခုနှစ်မှစ၍ စတင်ပညာသင်ကြားရာ နှစ်စဉ်အတန်းမှန်မှန်အောင်သဖြင့် ၁၉၉၁–ခုနှစ်တွင် အခြေခံပညာအလယ်တန်း(အဌမတန်း) အောင်မြင်ပါသည်။

ထိုနောက် ဦးခင်လှိုင်–ဒေါ်သန်းမေတို့က သူတို့၏ဆွေမျိုးများရှိရာ ကျိုက်လတ်မြို့သို့ပို့ထား၍ အထက်တန်းပညာများကို သင်ယူစေရာ ၁၉၉၃–ခုနှစ်တွင်အခြေခံပညာအထက်တန်း(ဒသမတန်း)စာမေးပွဲကို အောင်မြင်သွားသည်ဟု ကြားသိရပါသည်။

စာရေးသူ ကျွန်တော်သည် ၁၉၉၄–ခုနှစ်တွင် ရာထူးတိုးမြှင့်ခံရ၍ မွန်ပြည်နယ်သံဖြူဇရပ်မြို့သို့ပြောင်းရွှေ့ အမှုထမ်းရသောကြောင့် မခင်မျိုးလွင်တို့နှင့် အဆက်ပြတ်ခဲ့ရပါသည်။

(လူနာမည်တွေကို အနည်းငယ်ပြောင်းလဲထားပါသည်။ နေရပ်အမည်နှင့် အဖြစ်အပျက် အကြောင်းအရာတို့မှာ အမှန်အတိုင်းဖြစ်ပါသည်။)

ဦးငွေအောင်မှုန်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အသုဘချမည့်နေ့က လိုက်လာခဲ့သည့်လူဝင်စား

တင်တင်ဝင်း(မိုလ်မျိုးမြေ)

လောကတွင် လူဝင်စားတကယ်ရှိ,မရှိနှင့်ပတ်သက်၍ အငြင်းပွားခဲ့ကြ၏။ အချို့လူများက မယုံကြည်ကြ၊ ၎င်းမယုံကြည်သောသူများထဲတွင် စာရေးသူလည်း တစ်ယောက်အပါအဝင်ပင်ဖြစ်ခဲ့၏။

အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ဘုရားဟောသော စာပေများကို တကယ်တမ်းလေ့လာဖတ်ကြားမှတ်သားဖန်များလာသောအခါမှ ကောင်းမှုပြု၍ ကောင်းကျိုးများရပုံ၊ မကောင်းမှုတွေပြုကြသဖြင့် မကောင်းသောအကုသိုလ်၏ အကျိုးဖြစ်သော အငြသလဝိပါက်များကို ဘဝနှင့်ချီ၍ ပေးဆပ်ကြရပုံနှင့် ရှေ့ဘဝ, နောက်ဘဝတွေ ဆက်စပ်ဖြစ်ပျက်ကာ သံသရာ၌ ကျင်လည်ရပုံတို့ကို အထောက်အထားများနှင့်တကွ များစွာတွေ့ရှိလာသည့်အခါမှ တစ်စ,တစ်စယုံကြည်လာတော့၏။

ထို့ပြင် ယခုလက်ရှိမိမိနှင့်နီးစပ်ရာပတ်ဝန်းကျင်တွင်လည်း ဘဝပြောင်းမှဖြစ်လာခဲ့သော အဖြစ်အပျက်များနှင့်တကွ မိဘ,

www.burmeseclassic.com



ဆွေမျိုး၊ညီအစ်ကို၊မောင်နှမမှအစပြု၍ တစ်ခုမှမကျန်ရအောင် လုံးစေ့၊ ပတ်စေ့ ပြန်ပြောနိုင်သော လူဝင်စားများကို လက်တွေ့ ကျကျတွေ့လာရသဖြင့်လည်း ဤဆောင်းပါးကိုရေးဖြစ်လာခြင်း ဖြစ်၏။

များသောအားဖြင့် လူဝင်စားများသည် သူတို့စွဲလမ်းရာ တို့၌ဝင်စားကြသည်ကများ၏။ လူဝင်စားအမျိုးမျိုးရှိကြရာတွင်–

လူ့ဘဝမှသေဆုံးပြီး ဘဝအသစ်၌ လူ့ဘဝကိုပင် ပြန်ရသူ

လူ့ဘဝမှသေဆုံးပြီး ဘဝအသစ်၌ တိရစ္ဆာန်ဘဝကို ရောက်သွားသူ

တိရစ္ဆာန်ဘဝမှသေဆုံးပြီး ဘဝအသစ်၌ လူ့ဘဝကို ရောက်သွားသူ

တိရစ္ဆာန်ဘဝမှသေဆုံးပြီး ဘဝသစ်၌ တိရစ္ဆာန်ဘဝကိုပင် ပြန်ရသူ

အမျိုးသားဘဝမှသေဆုံးပြီး ဘဝအသစ်၌ အမျိုးသားဘဝ ကိုပင်ပြန်ရသူ

အမျိုးသားဘဝမှသေဆုံးပြီး ဘဝအသစ်၌ အမျိုးသမီးဘဝ ကို ရောက်သွားသူ

အမျိုးသမီးဘဝမှသေဆုံးပြီး ဘဝအသစ်၌ အမျိုးသားဘဝ ကို ရောက်သွားသူ

အမျိုးသမီးဘဝမှသေဆုံးပြီး ဘဝအသစ်၌ အမျိုးသမီးဘဝ ကိုပင် ပြန်ရသူ

အချို့ဘုရားဟောဒေသနာများတွင် ကာမဂုဏ်ဘုံ၌



www.burmeseclassic.com

www.burmeseclassic.com



မှောက်မှောက်မှားမှား ကျူးလွန်ဖောက်ပြန်သူများဆိုလျှင် အမျိုးသားမမည်၊ အမျိုးသမီးမမည် ဘဝကိုရကြသည်ဟု တွေ့ဖူး၏။

ယခုစာရေးသူတင်ပြမည်ဖြစ်သော လူဝင်စားမစိန်မြင့်သည် အမျိုးသမီးဘဝမှ သေဆုံးပြီး အသုဘချမည့်နေ့မှာပင် ဘဝသစ်တွင် ဖခင်တော်စပ်ရမည့် ညောင်ဦးမြို့နယ် (မိုလ်ချိုမြေ)ခေါ် ငါ့သားရောက်အုပ်စုနေ့ာတွင်းရွာမှ မြန်မာသမားတော်ဆရာကြီး ဦးဘနှင့်လိုက်လာကာ ၎င်း၏ဇနီးဒေါ်သက်ဥထံတွင်ဝင်စားပြီး မစိန်မြင့်လေးဖြစ်လာခဲ့၏။

မစိန်မြင့်ကိုမွေးဖွားပြီး စကားပြောတတ်ကာစမှာပင် ရသစ်ရွာကိုသွားချင်တယ်၊ ရသစ်ရွာကိုလိုက်ပို့ပါဟု ပြောလာခဲ့၏။ ကလေးကပြောသောစကားမို့ အလေးမထားခဲ့ပေမယ့် ပြောဖန်များသဖြင့် ထူးဆန်းသလိုတော့ရှိနေကြောင်း သတိထားမိကြ၏။

မိဘကလေးများညှိလာမှဖြင့် မစိန်မြင့်လေးသည် လွမ်းအားတွေပိုနေသည့်ပုံစံမျိုးလေးဖြင့် မှိုင်တွေတွေလေးနေလေ့ရှိ၏။ အိမ်နီးချင်းဘကြီးတော်သူထံသွား၍ သမီးကို ရသစ်ရွာကို လိုက်ပို့ပေးပါဟု မကြာခဏဆိုသသို ပူဆာလေ့ရှိ၏။

မစိန်မြင့်လိုက်ပို့ခိုင်းနေသော ရသစ်ရွာသည် တောင်သာမြို့နယ်တွင်ရှိပြီး ယခုဘဝသစ်၌ လူလာဖြစ်ရသော ငါ့သားရောက်နှင့် ၈–မိုင်ခန့်သာဝေးသော်လည်း ကားလမ်းမပေါက်သဖြင့် တစ်ရွာနှင့်တစ်ရွာ ကူးသန်းသွားလာမှုကား အတော်ပင်နည်းပါးခဲ့၏။

တောင်သာမြို့နယ်တွင်းရှိ ပုထိုးဘုရားပွဲတော်ကျင်းပသော



www.burmeseclassic.com

www.burmeseclassic.com



နတ်တော်လကျမှသာ ၎င်းပွဲတော်သို့ ငါသားရောက် ယခုအခေါ် သေရောက်မှလူများသွားသည့်အခါမှသာ ရသစ်ရွာသားများနှင့် ဘုရားပွဲတော်မှာတွေ့ဆုံတတ်ကြသည်။

ကူးလူးဆက်ဆံမှုနည်းပါးခြင်းကြောင့် မစိန်မြင့် တစ်ယောက် ရသစ်ရွာကို ဘယ်လိုပင်ရောက်ချင်နေပေမယ့် မရောက်နိုင်ဘဲဖြစ်နေခဲ့၏။ (၅)နှစ်သမီးအရွယ်လောက် ရောက်လာသည့်အခါ သူ၏မိခင်သည် ဒေါ်ဘွားသုံဖြစ်ပြီး သူ၏နာမည်မှာ မရွှေဖြစ်ကြောင်း၊ မောင်လေးမောင်မြိုင်ကို သူမအတွေ့ချင်ဆုံးဖြစ်ကြောင်း၊ သူသေခါနီးအထိမောင်မြိုင်သည် သူစားလိုသော ထန်းလျက်ကိုကျွေး၍ ရေခပ်တိုက်ခဲ့ပြီး သူအချစ်ရဆုံး မောင်လေးဖြစ်ကြောင်းနှင့် ပုထိုးဘုရားပွဲတော်ကိုသွားလျှင် သူ့ကို ခေါ်သွားပါက ရသစ်ရွာကိုသွားစရာမလိုဘဲ ပုထိုးပွဲတော်ကိုလာမည့် အမေနှင့်ဆုံနိုင်ကြောင်းတို့ကို ပြောရှာတော့၏။

သူ၏ဖခင်ဆရာဘက လိုက်ပို့ရန်လည်း စက်ခဲနေသောကြောင့် "သမီးကမှတ်မိပေမယ့် ဟိုကမမှတ်မိလျှင် ဘယ်လိုလုပ်မလဲ၊ သူတို့နှင့်တွေ့ရတော့ဘာဖြစ်လာမှာတုန်း၊ ဒီမှာလဲ မိဘတွေရှိနေသားပဲ၊ ကလေးဆိုတာ ကလေးစကားပြောရတယ်၊ မဆိုင်တာတွေမပြောနှင့်၊ မအားကြတဲ့ထဲမှာ ဘယ်လိုမှမလိုက်ပို့နိုင်ဘူး၊ နောက်ထပ်မပြောနှင့်"ဟုစိတ်မရှည်သည့်လေသံဖြင့် အော်ငေါက်မိရာ—

"အဖေ့ကို အစက သဘောကောင်းတယ်ထင်ပြီး အသုဘာချပြီးတောင် မအောင့်ခဲ့ဘဲ အဖေ့မြင်းအမြီးကိုဆွဲပြီးလိုက်လာခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းကတော့ အဖေပဲသနားပါတယ်ဆို၊ ဒီကောင်မလေး ငယ်ငယ်ရွယ်ရွယ်နှင့်သေရရှာတယ်။ ငါလာတာနောက်ကျတယ်။ မသေခင်ကသာဒီရွာကိုရောက်လာခဲ့ရင် ဆေးကုပေး ချင်ပါရဲ့လို့ အဖေ့ပါးစပ်ကပြောသေးတယ်လေ။ အဲဒီနေ့က အပြန်မှာ မိုးတွေမိလိုက်တာ တစ်လမ်းလုံး ရွှံ့ရွှံ့ကိုနစ်နေတာပဲ။ လမ်းတစ်ဝက်လောက်အရောက် တောထဲမှာအဖေလေ မိုးရေတွေစိုနေတဲ့ ပုဆိုးကြီးကိုချွတ်ပြီး ရေတွေညှစ်သေးတယ်လေ။ ဘယ်သူမှမရှိဘူး အထင်နှင့်ပုဆိုးကြီးကိုချွတ်ညှစ်တာ၊ အဲဒီအနားမှာ သမီးရှိနေတယ်လေ"

"ဟဲ့ ဟဲ့ ကောင်မလေး၊ တောင်ပြောမြောက်ပြောမပြော ရဘူး"ဟုသာ ဟန့်တားထားရပေမယ့် အမှန်တကယ်ပုဆိုး ချွတ်၍ ညှစ်ခဲ့မိသည်မှာ အမှန်ဖြစ်သဖြင့် ရှက်ကိုးရှက်ကန်းဖြစ်နေရှာပြီး လွန်ခဲ့သော (၆)နှစ်ကျော်က ရသစ်ရွာကိုရောက်ခဲ့စဉ်က သူတည်းခို သောအိမ်နှင့် မလှမ်းမကမ်းအိမ်တွင် ၁၆ နှစ်သမီးလေး ဆုံးပါး သဖြင့် အသုဘချမည်ဖြစ်ကြောင်းကြားသိရသဖြင့် စိတ်မကောင်း ဖြစ်မိကာ အပြန်လမ်းတွင် အသုဘချနေသည့်ဘေးနား ဖြတ်ပြီး မြင်းစီး၍ပြန်လာရင်းက အရောက်နောက်ကျလိုက်တာ၊ ငါသာဆေး ကုပေးရလျှင် အခုလို သေချင်မှသေရမှာဟုညည်းညူမိကြောင်းနှင့် တောကြီးအလယ်မှာ မိုးရေတွေစိုသဖြင့် ပုဆိုးချွတ်ပြီး ညှစ်မိတာ ဟုတ်မှန်ကြောင်း သူ၏ဇနီးအားပြောပြကာ သမီးလေးကိုလည်း "လိုက်ပို့ပေးပါ့မယ်"ဟု ကတိပေးကာနှစ်သိမ့်ခဲ့ရ၏။

နောက်များမကြာမီ ရက်ပိုင်းအတွင်းတွင် ဇေယျာမြို့မှ



www.burmeseclassic.com

www.burmeseclassic.com



ယောဖက်ကုန်သည် မဗန်းဆိုသူသည် မစိန်မြင့်တို့ရွာသို့ ယောဖက်ရောင်းရန်ရောက်လာခဲ့ရာ ၎င်းမစိန်မြင့်ကလေးက မဗန်းကိုမြင်လိုက်သည်နှင့် "မဗန်း...မဗန်း"ဟု နောက်ကနေလိုက်ခေါ်ပြီး အိမ်သို့ခေါ်လာကာ သူဟာ ရသစ်ရွာမှ မဖွားသုံ၏သမီးမရွှေဖြစ်ကြောင်း၊ ပုထိုးဘုရားပွဲတော်တွင် မဗန်း၏ ယောဖက်ဆိုင်တွင် နှစ်စဉ်ယောဖက်ဝယ်တိုင်း သူ့အမေနှင့်အတူ လိုက်ပါခဲ့၍ မဗန်းကို တရင်းတနှီးသိကျွမ်းပြီးသားဖြစ်ကာ ယခုဘဝထိ မှတ်မိနေခြင်းဖြစ်ကြောင်းနှင့် ရှေ့လာမည့်ပုထိုးပွဲတော်တွင် ယောဖက်ဆိုင်ထွက်ပါက သူ၏အမေဒေါ်ဖွားသုံတစ်ယောက် ယောဖက်လာဝယ်မည်ဖြစ်ကြောင်း၊ သည်အခါမှာ သေရောက်တွင် မရွှေနှင့်တွေ့ခဲ့ကြောင်း ပြောပေးရန် မှာကြားလိုက်ရာ–

ယောဖက်ကုန်သည် မဗန်းမှာလည်း အရွယ်မတူသူလေးက "မဗန်း...မဗန်း"ဟု တရင်းတနှီးခေါ်ခြင်းနှင့် ၎င်းကလေးအား တစ်ခါမျှမမြင်ဖူးခြင်းတို့ကြောင့် အလွန်ပင်အံ့ဩသွား၏။

သည်အခါမှာ မစိန်မြင့်လေးသည် ရသစ်ရွာက ဒေါ်ဖွားသုံ၏သမီးလေး မရွှေကို ကောင်းကောင်းမှတ်မိသွားကာ မဗန်း၏ပွဲတော်ဈေးတွင်ထွက်သောဆိုင်သို့ သားအမိနှစ်ယောက် နှစ်စဉ်လာရောက်၍ ယောဖက်ဝယ်ကြရင်းက ခင်မင်ကာ အသက်အရွယ်အားဖြင့်မကွာလှသော မဗန်းနှင့်မရွှေတို့ ရင်းနှီးကြကာ မဗန်း၊မရွှေဟု ခေါ်ခဲ့ကြကြောင်း မဗန်းတစ်ယောက်သတိရလာတော့သည်။

ဆေးဆရာကြီးဦးဘသည် သူ၏သမီးလူဝင်စားဖြစ်သည်ကို အကြွင်းမဲ့ယုံကြည်သွားကာ သူ၏မိခင်ဒေါ်ငွေနှင်းနှင့်စနီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ မသက်ဥတို့နှင့်အတူ မစိန်မြင့်လေးအား နွားလှည်းငှား၍ ဆွေမျိုးများအား ဝေငှပေးရန် ထန်းလျက်များတင်ပေးလိုက်၍ လိုက်ပို့စေရာ ရသစ်ရွာတံခါးမဝင်မီက နွားလှည်းကိုရပ်နိုင်းပြီး သွားနေကျကျင်လည်ပြီးသားနေရာဒေသကဲ့သို့ လှမ်းရှေ့က လမ်းပြရင်းဝင်သွားပြီး "အမေရေ့ မောင်လေး မောင်မြိုင်ရေ"ဟု အော်ခေါ်ကာ အိမ်တစ်အိမ်ထဲသို့ ဝင်သွားတော့၏။

မိခင်ဖြစ်သူ ဒေါ်ဖွားသုံရော မောင်မြိုင်ပါ ၎င်း၏အိမ်တွင် အဆင်သင့်တွေ့ရသဖြင့် "မရွှေပြန်လာပြီအမေရဲ့၊ အခုသမီး သေရောက်ရွာရောက်နေတယ်"ဟုပြောကာ အားရပါးရ ဖက်ပြီး ငိုနေသဖြင့် နှစ်ဘက်စလုံးလူကြီးများလည်း မျက်ရည်မဆည် နိုင်အောင်ဖြစ်ကြရ၏။

အကြောင်းစုံကို ဒေါ်ငွေနှင်းနှင့် ဒေါ်သက်ဥတို့ကရှင်းပြ သည်အခါ အိမ်ထောင်ကျပြီး အိမ်ခွဲသွားသော အစ်ကိုအစ်မများနှင့် တကွ ဆွေမျိုးများပါမကျန် ကြားသမျှလူအပေါင်းက လာရောက် ကြည့်ရှုမေးမြန်းကြ၏။

"အမေ မောင်းစင်ကြီးကို ဘာလို့နေရာရွှေ့ပြစ်တာလဲ၊ ယခင်နေရာကမှ အရိပ်ရသေးတယ်။ အခုနေရာထားတာ မကောင်း ပါဘူး၊ အမေတို့သားအမိနှစ်ယောက်တည်းနေတော့ ဒီနွားတွေနှင့် ဒီလယ်တွေယာတွေ ဘယ်လိုလုပ်နိုင်နင်းမှာတုန်း၊ အစ်ကို အစ်မ တွေကလာပြီး ကူညီလုပ်ပေးကြရဲ့လား" အစရှိသည်ဖြင့်မေး တော့၏။

ဆွေမျိုးမှအစ တစ်ရွာလုံးလောက်နီးနီး လာရောက် တွေ့ဆုံ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သူမမြတ်နိုးတွယ်တာခဲ့ရသူ ကိုတန်ခူးတစ်ယောက် ရောက်မလာသဖြင့် ဘယ်သူ့ကိုမှလည်းမမေးဘဲ၊ တစ်ယောက် ယောက် လိုနေသလိုရှာကြည့်ရာ မတွေ့နိုင်သည့်အဆုံးမှ ရှက်နိုး သောအမူအယာလေးဖြင့် "ကိုတန်ခူးတစ်ယောက် မမြင်ပါလား" ဟု မေးလေရာ-

မရွှေ၏အရင်းနှီးသူငယ်ချင်းက စိတ်မကောင်းတော့ မဖြစ် နှင့်ကလေးရယ်၊ ကိုတန်ခူးတစ်ယောက်တော့ ဟိုဘက်ရွာသူနဲ့ အိမ်ထောင်ကျပြီး သူ့ဇနီးရဲ့ရွာကို လိုက်သွားပြီးဖြစ်ကြောင်း ပြောပြသည့်အခါ သူ့အဖို့မှာ အားလုံးကို စွန့်လွှတ်ရပြီးသားပါဟု ပြောရှာသည်။

အပျိုဘော်ဝင်ကာစ ချစ်သွေးတွေဝင်လာပြီး စိတ်လှုပ်ရှား တတ်လာကာစအရွယ်လေးများ ဝေလေ့အရ အရူးအမူးချစ်ခဲ့ရ သော ကိုတန်ခူးတစ်ယောက် အိမ်ထောင်ကျသွားပြီဟုသိရသော အခါ မစိန်မြင့်မျာ ငလေးအရွယ်သာရှိသေးသော်လည်း ဇာတာ အချိန်လေးအတွင်း ပြုံးပျော်နေသည့် အမူအယာတွေ လွှင့်စင် သွားကာ ညှိုးညှိုးငယ်ငယ်လေးဖြစ်သွားသည်ကို အကဲခတ်နေ သည့် ပရိသတ်တို့ စိတ်မကောင်းဖြစ်ကြရ၏။

မစိန်မြင့်လေးက လာသမျှအားလုံးတို့အား ထန်းလျက်များ ဝေငှပေးသလို၊ အပြန်တွင် သူတို့ဒေသထွက် အသီးအနှံများ ပေးလိုက်သည်မှာ လှည်းနှင့်အပြည့်တိုက်ပြီး ပြန်လာခဲ့ရသည်။

အပြန်လမ်းတွင် မိခင်ရော မောင်လေးတော်သူမောင်မြင့် ပါ ငသရောက်သို့အလည်လိုက်လာကြပြီး ဘဝဟောင်းမှဆွေမျိုး



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ဘ၀သစ်မှဆွေမျိုးတို့သည် ဆွေမျိုးရင်းချာပမာ တစ်ရွာနှင့်တစ်ရွာ အဆက်မပြတ်ကူးလူးဆက်ဆံနေတော့၏။

မစိန်မြင့်နှင့်မောင်မြိုင်တို့မှာ ယခင်ဘ၀က မစိန်မြင့် ၁၆ နှစ်သမီးမှာ သေဆုံးခဲ့စဉ်က မောင်မြိုင်မှာ ၁၃ နှစ်အရွယ် ကျန်ရစ်ခဲ့သူဖြစ်၍ ယခုဘ၀တွင် ပြန်ဆုံသည့်အခါ မစိန်မြင့်မှာ ၇ နှစ်သမီးအရွယ်နှင့် မောင်မြိုင်မှာ အသက် ၂၀ အရွယ်လောက်ဖြစ်နေသော်လည်း မောင်မြိုင်ဟုသာ တစ်သက်လုံး ခေါ်သွားပြီး မင်းနှင့်ငါနှင့်သာသုံးပြီး ခေါ်သွားခဲ့ပါသည်။

ယခုဘ၀တွင် အစ်ကိုကြီး ကိုအုံးကျော်၊ မောင်တော်သူ ကိုအုံးမော်၊ ကိုအုံးဘော်၊ ကိုညီမောင်တို့နှင့် မောင်မြိုင်ယှဉ်လိုက်လျှင် မောင်မြိုင်အပေါ် ကရုဏာပိုနေတတ်၏။ သူမအရင်ဘ၀က တတ်ကျွမ်းလာသည့် ရက်ကန်းပညာဖြင့် ပုဆိုးများယက်ပေးသည့်အခါ မောင်မြိုင်ကိုယက်ပေးသည်က ပိုကောင်းနေတတ်၏။

မောင်မြိုင်ကလည်း အသက်(၇၀)လောက်ရှိသည့်တိုင် မစိန်မြင့်အိမ်သို့ တကူးတကအကြောကြီးလာနေလေ့ရှိသဖြင့် ရွာတွင်းရွာမှ လူများနှင့်ပင် ခင်မင်နေတော့သည်။

စာရေးသူဒေသသည် မြေပဲနှမ်း ပြောင်းနှင့် ပဲအမျိုးမျိုးတို့ကိုသာ စိုက်ပျိုးလေ့ရှိခဲ့၏။ မစိန်မြင့်အိမ်ထောင်သည်ဖြစ်လာသည့်အခါမှ သူ၏အမျိုးသား ကိုဖိုးဉာဏ်က သူ၏နည်းပေးလမ်းပြမှုဖြင့် ယခင်ဘ၀က ရသစ်ရွာတွင် စိုက်ပျိုးလာခဲ့သော ရေတွင်းတူး မောင်းဆင် ရေသွင်းပြီး ကြက်သွန် အာလူး၊ ဂေါ်ဖီ



www.burmeseclassic.com

www.burmeseclassic.com



ခုံလာ မုံညှင်း မေမြို့ပန်း ဒေါနပန်း အစရှိသည်တို့ ထူးထူး ခြားခြားစိုက်ပျိုး၍အသက်မွေးသွားခဲ့၏။

ယခုအခါ ဦးဖိုးညက်ရော ဒေါ်စိန်မြင့်ပါကွယ်လွန်ခဲ့ပြီး သားအငယ်ဆုံးမောင်စိုးဝင်းလည်းဆုံးရှာပြီ။ သမီးဖြစ်သူ မမြကြည်နှင့် မခင်ဥသာရှိပါတော့သည်။ ဒေါ်စိန်မြင့်သည် စာရေးသူ၏ အဘွားလေးဖြစ်ပြီး ယခင်ဘဝကနာမည်သာ မမှတ်မိ၍ ဒေါ်ဖွားသုံး, ဒေါ်ရွှေဟုပေးထားသော်လည်း မစိန်မြင့်၊ မောင်မြိုင်မှစ၍ ကျန်သောနာမည်အားလုံး အမှန်များဖြစ်ပါကြောင်း ဖြစ်ရပ်မှန် လူဝင်စားတစ်ဦးအကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ရပေသည်။

တင်တင်ဝင်း(ဗိုလ်ချိုမြေ)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ကောင်းတုံထိပ်ခေါင်တင်၊ သားတော်ထိပ်တင်ကလေး။
သမီးတော် ထိပ်တင်မကြီး

www.burmeseclassic.com

www.burmeseclassic.com

မင်းတုန်းမင်း၏ သမီးတော် ပင်တိုင်စံ သီရိသုမြတ်စွာ ရတနာဒေဝီ
စလင်းမြို့စား စုဘုရား



www.burmeseclassic.com

www.burmeseclassic.com

## ကုန်းဘောင်ဆက်လှုဝင်စားများ

မောင်သန်းဆွေ(ထားဝယ်)

စာရေးသူရန်ကုန်ရောက်လျှင် လူဝင်စားများအကြောင်း စာအုပ်များရေးသားထုတ်ဝေနေသည့် စာရေးဆရာတိုးထက်နှင့် လူဝင်စားသုတေသီကိုမြင့်အောင်တို့အိမ်ကို လာလေ့ရှိပါသည်။ သည် တစ်ခေါက်လာစဉ် ကိုမြင့်အောင်ကထူးထူးခြားခြားမေးခွန်း မေးခဲ့သည်။

"ဆရာသုတေသနပြုနေတဲ့ ကုန်းဘောင်အလွန်က ကုန်းဘောင်ဆက်တွေထဲမှာ လူဝင်စားတွေမရှိဘူးလား ဆရာ"

"ရှိတာပေါ့၊ အများကြီး တွေ့ရ ကြုံရ သိရဖူးတယ်"

"ဘယ်သူတွေလဲဆရာ"

"ဘယ်သူတွေလဲလို့ ပြောရရင်တော့ ကုန်းဘောင်အလွန် မတိုင်မီ မင်းတုန်းမင်းတရားကြီး လက်ထက်တော်ကတည်းက သမီးတော် စလင်းစုဖုရားကစပြီး ပြောရလိမ့်မယ်ထင်တယ်"

"ဒီအရင်ကရော ကုန်းဘောင်ဆက်ထဲမှာ လူဝင်စားတွေ မရှိဘူလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိမှာပေါ့၊ ဒါပေမယ့် လက်လှမ်းမှီရာကစပြီး ပြောရတာ လေ"

"ပြောပြပါဆရာရယ်"

"ပြောရရင်တော့ အရှည်ကြီးပေါ့"

"ဒီလိုလုပ်ပါလားဆရာ၊ ဒီအကြောင်းကို စာရေးပေးပါ လား"

ဟု ဆရာတိုးထက်ကဝင်ပြောပါသည်။ သို့ဖြစ်၍ ဆရာ တိုးထက်နှင့် ကိုမြင့်အောင်တို့သိချင်သည့် ကုန်းဘောင်ဆက် လှုဝင်စားများအကြောင်းကို မင်းတုန်းမင်းတရားကြီး လက်ထက် တော်၊ သမီးတော် စလင်းစုဖုရားမှစ၍ ပြောရမည်ဖြစ်ပါသည်။

မင်းတုန်းမင်းတရားကြီးတွင် လင်ပန်းတိုက်စား မိဖုရား ဟုရှိခဲ့သည်။ မင်းသားဘဝကတည်းက (၁၂၀၈)ခုနှစ်တွင် သိမ်း ပိုက်ခဲ့သည်။ မဂ်လာအိမ်တော်ပါဖြစ်သည်။ ၎င်းလင်ပန်းတိုက် စား မိဖုရားသည် ပုဂံမင်းလက်ထက်တော်၊ ကနောင်၊ မြန်အောင် မြို့သူကြီး(နောင်နှစ်မြို့ဝန်)စည်သူရာဇ ရွှေတောင်ဘွဲ့ခံဦးသာ ဖြူ၏သမီးဖြစ်သည်။ ညီမတော်အရင်းမှာ မင်းတရားကြီး၏ သက်ပန်းရွာစားမိဖုရားဖြစ်လာသည်။ မောင်တော်အရင်း နှစ်ယောက်ရှိခဲ့ရာ မင်းလှသမိန်ထောရာဇာဘွဲ့ခံ ရေနံ့သာမြို့စား ကသည်းမြင်းဝန် ဦးရွှေမောင်နှင့် စလင်းနှင့်ကျပင်း နှစ်မြို့ဝန် မင်းကြီး မဟာသမိန်လောတို့ဖြစ်သည်။ မင်းတုန်းမင်းတရား ကြီး၏ မြောက်နန်းတော်မိဖုရားကြီး (ခင်သဲ)သည်လည်း လင်ပန်း မိဖုရားနှင့် ဖအေတူမအေကွဲ အစ်မဖြစ်သည်။ မင်းတုန်းမင်း



www.burmeseclassic.com

www.burmeseclassic.com



တရားကြီး၏ သရစိမ်းတိုက်စား မိဖုရားသည်လည်း လင်ပန်း မိဖုရားနှင့် မအေတူ ဖအေကွဲညီမဖြစ်ပြန်သည်။

မင်းတုန်းမင်းတရားကြီး အထွဋ်အမြတ်သို့ရောက်သော အခါ လင်ပန်းမိဖုရားသည် ပထမသီရိသုစိတ္တစန္ဒာမဟေသွဲ့နှင့် မိဖုရားလတ်အဆင့်ဖြစ်လာပြီး နောက်သူ့သီရိစန္ဒာဒေဝီဘွဲ့ဖြင့် ဒေဝီအဆင့်မိဖုရားဖြစ်လာသည်။ မင်းတုန်းမင်းတရားကြီးနှင့် လင်ပန်းမိဖုရားတို့၌ သားတော် သမီးတော်(၅)ပါး၊ ထွန်းကား ခဲ့ရာ စလင်းစုဖုရားမှာ အကြီးဆုံးဖြစ်၍ (၁၂၀၉)ခုနှစ်ဖွားဖြစ် သည်။ ၎င်းအောက် မောင်တော်နှစ်ပါး အဖတ်မတင်ခဲ့ပေ။ (၁၂၁၅)ခုနှစ်တွင် မောင်တော်ကျပင်းမင်းသားနှင့်(၁၂၁၈)ခုနှစ် တွင် မောင်တော်ရနောင်မင်းသားတို့ကိုဖွားမြင်ခဲ့သည်။ စလင်း စုဖုရား၏ငယ်မည်မှာ မယ်မျိုးမွန်ဖြစ်သည်။ မင်းတုန်းမင်းတရား ကြီး ရတနာသီယံမြို့တော်၌ မင်းကေရာဇ်အဖြစ်ရောက်တော် မူသောအခါ သမီးတော်ကို ရွှေကူမြို့ကိုအသုံးကံကျေးပေးသည်။ သီရိသုရတနာဝတီဘွဲ့ရသည်။ နောက်ပိုင်းတွင် ရွှေကူမြို့နှင့်လဲ၍ စလင်းမြို့ကို သနားတော်မူခြင်းခံရသည်။ မယ်တော်လင်ပန်း မိဖုရား၏ အစ်မတော်မြောက်နန်းမိဖုရားကြီး၊ သားတော် သမီး တော် မထွန်းကားသည့်အတွက် စလင်းစုဖုရားကို သမီးတော်အဖြစ် မွေးစားခဲ့သည်ဟုဆိုသည်။ အရပ်သူမိဖုရားမှဖွားမြင်သော သမီးတော်ဖြစ်လင့်ကစား မင်းသွေးပါသောမိဖုရားများမှ ဖွားမြင် တော်မူသော သမီးတော်များနည်းတူ "စုဖုရား"ဟု ခေါ်ဝေါ်ခြ ရသဖြင့် စလင်းစုဖုရားဟုတွင်ခြင်းဖြစ်သည်။ စလင်းစုဖုရားကို



www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီးက သူ၏မယ်တော်ဝင်စားသည်ဟု အယုံအကြည် ရှိသည်ဆိုသည်။ အခြားသမီးတော်များထက် သာလွန်ထူးမြတ် လွန်ကဲသော"သုသီရိမြတ်စွာရတနာဒေဝီ"ဟူသောဘွဲ့ကို ဆော သနားတော်မူ သည့်အပြင် ညီတော်အိမ်ရှေ့မင်း နတ်ရွာစံတော် မူပြီးနောက် မင်းတစ်ဆက်လျှင် တစ်ပါးသာမြောက်စားမြဲဖြစ်သည့် ပင်တိုင်စံမင်းသမီးအဖြစ် ထားတော်မူခြင်းခံရသည်။ "ပင်တိုင်စံ" အဓိပ္ပာယ်မှာ မင်းတရားကြီး၏ အရိုက်အရာကိုဆက်ခံသည့် နောက်မင်းနှင့် ထီးဖြူအောက်တွင် အတူယှဉ်တွဲကာ မိဖုရား ခေါင်ကြီးအရာကိုယူရမည့်သူဟု ကြိုတင်သတ်မှတ်ကြေညာ ထားခြင်းပင်ဖြစ်သည်။ (၁၂၃၈)ခုနှစ်တွင် နေရဥ္ဆရွာကို ထီးမိုးယဉ်စံပေးသည်။ ဤကဲ့သို့လွန်ကဲစွာအရေးပေးခြင်းခံရ မှုကြောင့် သူ၏သမီးတော်များကိုသာ မိဖုရားခေါင်ကြီးဖြစ်ရန် မှန်းထားသော အလယ်နန်းမိဖုရားကြီး (ထိုစဉ်က ဆင်ဖြူမရှင် ဘွဲ့မခံရသေး)နှင့် အခြားသမီးတော်ကြီးကြီးမားမားရှိကြသည့် မိဖုရားကြီးများက စလင်းစုဖုရားအပေါ်အတွင်း ကြိတ်ခါ မလိုမုန်း ထားရှိကြသည်။

စလင်းစုဖုရားကို မင်းတုန်းမင်းတရားကြီးက သူ၏ မယ်တော် (သာယာဝတီမင်း၏ တောင်ဆောင်တော်မိဖုရား) ဝင်စားသည်ဟု ယုံကြည်သည်နှင့်ပတ်သက်၍ အရာကြီး ဦးမြဖေ တို၏ "သီလရှင်ထိပ်ထား"စာအုပ်တွင် ရေးသားဖော်ပြခြင်း အချို့မှာ စကြာဒေဝီမိဖုရားခေါင်ကြီးက လုပ်ကြံထားသည့်ရောင် ဖြစ်နေပါသည်။ စကြာဒေဝီမိဖုရားခေါင်ကြီးက မင်းတုန်းမင်း



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးထံတော်မှ မယ်တော်ဘုရားကြီး၏ လက်ဝတ်ရတနာ ဆာ်များ၊ ဝတ်လဲတော်များကို စလင်းစုဖုရားအား တိတ်တဆိတ် ပြထားတော်မူပြီးမှ နောက်ပိုင်းအများရှေ့တွင် မယ်တော်ဘုရား ကြီး၏ဝတ်လဲတော်များနှင့် လက်ဝတ်ရတနာတော်များကို အလား တူအခြားပစ္စည်းများမှ စလင်းစုဖုရားက ရွေးထုတ်ပြသရလေဟန်၊ ဤသို့ဖြင့် အခြားမိဖုရားများနှင့် သမီးတော်များက စလင်းစုဖုရား၏ အပြုအမူများကို ရင်သပ်ရှုမောအံ့သြကြပြီး မယ်တော်မိဖုရားကြီး ဝင်စားတော်မူသည်ဆိုသည်ကို ယုံကြည်ကြရလေဟန် ရေးသား ထားသည်ကို ဖတ်ရှုရပါသည်။

စလင်းစုဖုရား၊ မင်းတုန်းမင်းတရားကြီး၏မယ်တော် မိဖုရားကြီးဝင်စားသည်ဆိုသည်မှာ လုပ်ကြံမှုမဟုတ်ပါ။ မင်းတရား ကိုယ်တော်တိုင် ယုံကြည်ခဲ့ခြင်းဖြစ်သည်။ ယုံကြည်ရန်လည်း အထောက်အထားများစွာရှိသည်ဟုဆိုပါသည်။ စလင်းစုဖုရား ဆောင်းပန်တော်မူ၍ ရေးရသည်ဆိုသော ယောမင်းကြီး ဦးဖိုးလှိုင် ရေးသည့် "ကာယနုပဿနာ"ကျမ်းအဆုံးတွင် ယောမင်းကြီးက စလင်းစုဖုရားသည် ဇာတိဿရဉာဏ်ရသည်ဟု အတိအလင်း ရေးသားဖော်ပြထားသည်ကို တွေ့ရပါသည်။ ဇာတိဿရဉာဏ် ရသည်ဟုဆိုသည်မှာ လူဝင်စားဖြစ်သည်ဆိုသည်ကိုဆိုလိုခြင်း ပင်ဖြစ်သည်။ စလင်းစုဖုရား မင်းတုန်းမင်းတရားကြီး မယ်တော် ကြီး၏ လက်ဝတ်ရတနာတော်များ၊ ဝတ်လဲတော်များကို မှတ်မိ တော်မူ၊ ရွေးချယ်တော်မူပြသည်ဆိုသည်မှာ လုပ်ကြံဖန်တီးမှု မဟုတ်။ အမှန်တကယ်ဖြစ်ကြောင်း သိမြင်သူများပြောကြသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြားရဖူးပါသည်။ ယောမင်းကြီး ဦးဖိုးလှိုင်ကဲ့သို့သော ပညာရှိကြီးတစ်ဦး၏ ရေးသားမှုကို အထူးဂရုပြုရပါမည်။

မင်းတုန်းမင်းတရားကြီးသည် သားတော်များအနက် စလင်းစုဖုရား၏မောင်တော် ကျပင်းမင်းသားကို အချစ်ဆုံးဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် လက်ထက်တော်ကြီး (မင်းတုန်းမင်းတရားကြီး၏လက်ထက်တော်)က နန်းတော် အသိုင်းအဝိုင်းတွင် "သားကျပင်း၊ သမီးစလင်း"ဟူသောအဆို တစ်ရပ်ပင်ဖြစ်ခဲ့ဖူးပါသည်။ ကျမင်းမင်းသားကို တမာပင် တိုက်စားမိဖုရားသီရိပဘာမဟေတွင်မြင်သည့် ကွပ်ရွာထိပ်ခေါင် တင်နှင့်စုံဖက်ပေးတော်မူရာ သားတော်လေးတစ်ပါး ဖွားမြင်ခဲ့သည်။ စလေမြို့ကိုစားရသည့် စလေမြို့စားမင်းသားလေးဖြစ်သော်လည်း "ဘိုးတော်ချစ်"ဟုသာအမည်တွင်သည်။ အကြောင်းမှာ မင်းတုန်းမင်းတရားကြီးက မြေးတော်များအနက် အချစ်ဆုံးဖြစ်၍ဟုဆိုသည်။ လင်ပန်းတိုက်စားမိဖုရားမှ ဖွားမြင်တော်မူသော သမီးတော်၊ သားတော်နှင့် မြေးတော်မိသားတစ်စုအပေါ်တွင် မင်းတရားကြီး၏မေတ္တာတော်ထူးကဲစွာစုပုံနေခြင်းမှာစဉ်းစားစရာပင်ဖြစ်တော့သည်။ မင်းတရားကြီးက သူ၏မယ်တော်ဝင်စားသည်ဟု ယုံကြည်တော်မူ၍ အချစ်ဆုံးဖြစ်ရသည့် သမီးတော် စလင်းစုဖုရားနှင့်နွယ်ပြီး ၎င်းမိသားစုအပေါ်တွင် မေတ္တာတော်ထူးကဲစွာစုပုံနေခြင်းပေလားဟုလည်း တွေးတောစရာဖြစ်သည်။ သို့ကြောင့်ပင် သက္ကရာဇ်(၁၂၄၀)ခုနှစ်၊ သီပေါမင်းနန်းတက်သည့် အရေးအခင်းတွင် ဤမိသားစုသည် ဒုက္ခပင်လယ်ဝေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီးနတ်ပြည်စံပြီးနောက် အလောင်းတော်ကို အုတ်နန်းပြာသာဒ်၌ ဝူသွင်းသဂြိုဟ်တော်မူပြီးသည်နှင့် စလင်းစုဖုရားသည် ရည်ရွယ်ရင်းရှိသည့်အတိုင်း သူ၏အပျိုတော်များနှင့် သီလရှင်ဘဝသို့ကူးပြောင်းတော်မူလိုက်သည်။ ပင်တိုင်နန်းမှ ဆင်းကာ သူ၏ကုသိုလ်တော် စလင်းကျောင်းဝင်းအတွင်း ဇရပ်တစ်ဆောင်တွင် သွားရောက်နေထိုင်တော်မူသည်။ ဤသို့ပြုမူဆောင်ရွက်လိုက်ခြင်းသည် ထိုအချိန်က နန်းတွင်းရေးအရ ၎င်းအတွက် အကောင်းဆုံးဆောင်ရွက်လိုက်ခြင်းပင်ဖြစ်တော့သည်။ သို့သော် မယ်တော် လင်ပန်းမိဖုရားနှင့် မောင်တော် ကျပင်းမင်းသားတို့မှာ အချုပ်အနှောင်စံကြရသည်။ မောင်တော်အရင်း ရနောင်မင်းသားနှင့် မြောက်သားတော်ကြီးညှပ်မင်းသမီး၊ ၎င်းတို့၏ သမီးတော်နှစ်ပါး၊ သားတော်နှစ်ပါးသည်လည်းကောင်း၊ ဦးရီးတော် ရေနံ့သာစားမင်းသား ဦးရွှေမောင်သည်လည်းကောင်း ဖျောက်ဖျက်စီရင်ခြင်းခံကြရသည်။ စလင်းစုဖုရားသည် သက္ကရာဇ် (၁၂၄၁)ခု၊ နတ်တော်လတွင် ကံကုန်တော်ရှာသည်။ သက်တော် (၃၃)နှစ်သာရှိပါသေးသည်။ စလင်းစုဖုရား၏ လှုပ်ဝင်စားမှုကိစ္စတွင် ယခင်ဘဝကဝင်စားသူမှာ မင်းတုန်းမင်းတရားကြီး၏ မယ်တော် (သာယာဝတီမင်း၏တောင်ဆောင်တော်မိဖုရား) ဖြစ်ပြီး ယခုဘဝတွင် မင်းတုန်းမင်းတရားကြီး၏ သမီးတော်လာဖြစ်ရလေသည်။

စာရေးသူသိသော ကုန်းဘောင်ဆက်လှုပ်ဝင်စားထဲမှ အံ့ဩဖွယ် လှုပ်ဝင်စားမှုမှာ အိမ်တော်ဆက်ထဲမှဖြစ်ပါသည်။ ယခင်ဘဝမှ



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားသူမှာ အိမ်ရှေ့စံကနောင်မင်းနှင့် မြောက်ဆောင်ခင် ကျေးရွာတို့၏ ဒုတိယသမီးတော် တောင်ညိုမင်းသမီးဖြစ်ပြီး ယခုဘဝတွင် အိမ်ရှေ့စံကနောင်မင်း၏ မြေးတော် ကောင်းတုံထိပ်တင်မကြီး ဖြစ်လာပါသည်။ ကုန်းဘောင်ဆက်မဟာရာဇဝင် တော်ကြီးတွင် အိမ်ရှေ့စံကနောင်မင်း၏ သမီးတော်(၅၂)ပါး ရှိသည်ဟုပြထား ပါသည်။ အိမ်ရှေ့သမီးတော်များ အရေအတွက်နှင့်ပတ်သက်၍ မှုကွဲအမျိုးမျိုးရှိသည်။ ဤအရေအတွက်များတွင် ငယ်စဉ် ကတည်းက ကံကုန်တော်မူသွားကြသူများလည်းပါသည်။ သက်ရှိ ထင်ရှားရှိသည်မှာ (၃၉)ပါးသာဖြစ်ပါသည်။ ၎င်းတို့ အနက်မှ ယခုဖော်ပြမည့်လူဝင်စားမှုသည် အိမ်ရှေ့မင်း၏ သမီးတော် တောင်ညိုထိပ်ခေါင်တင်နှင့် ကောင်းတုံထိပ်ခေါင်တင်တို့နှင့် ပတ်သက်နေပါသည်။ အိမ်ရှေ့စံ ကနောင်မင်း၏ ကိုယ်လုပ်တော် များထဲတွင် အိမ်ရှေ့မိဖုရား လှိုင်ထိပ်ထားအောက် (အခြား ကိုယ်လုပ်တော်များထဲတွင်အဆင့်အမြင့်ဆုံး) ကိုယ်လုပ်တော် မြောက်ဆောင်ခင်ကျေးဟုရှိသည်။ ခင်ကျေးသည် ဒီပဲယင်း မြို့ဝန် ဦးမှန်း၏ သမီးဖြစ်သည်။ တက်သေးအင်းထဲတွင်ရှိသော သာယာကုန်းဟုခေါ်သည့် တံငါရွာကလေးကို အသုံးကံကျေး ခံရသည်။ သို့ဖြစ်၍ ခင်ကျေးကို သာယာကုန်းသခင်ကြီးဟု လည်းခေါ်သည်။ ထို့ကြောင့် အိမ်ရှေ့မင်း၏ အခြားကိုယ်လုပ် တော်တစ်ပါးဖြစ်သော ဥယျာဉ်တော်သခင်က သာယာကုန်း သခင် ခင်ကျေးကို "သူစားရတာကာ မြေးကိုးလုံးပါအေ" ဟု နှိမ်၍ချိုးချိုးဖဲ့ဖဲ့ပြောခဲ့ခြင်းဖြစ်သည်။ သို့သော်သာယာကုန်းသခင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးခင်ကျေးသည် သီရိသုဓမ္မ မဟေသီ ဘွဲ့ခံရသည်။ အိမ်ရှေ့စံ ကနောင်မင်းထီးနန်းဆက်ခံသည့်အခါ မြောက်နန်းမိဖုရားဖြစ်မည် ဟု သတင်းပြေးနေသူလည်းဖြစ်သည်။ အိမ်ရှေ့မင်းနှင့် ခင်ကျေး တို့မှ သားတော်သမီးတော် (၅)ပါးထွန်းကားသည်။ ပတိမ်းမြို့စား မင်းသား၊ တောင်ညိုမြို့စားမင်းသမီး၊ ပထမ ရန်အောင်မြင်မြို့စား မင်းသမီး၊ စမွယ်နဂိုရ်မြို့စားမင်းသမီးနှင့် တိုင်တားမြို့စား မင်းသမီးတို့ဖြစ်သည်။

ဒုတိယသမီးတော် တောင်ညိုထိပ်ခေါင်တင်သည် သီရိ သုဓမ္မဒေဝီဘွဲ့ခံသည်။ မင်းတုန်းမင်းတရားကြီး၏ သားတော်ကြီး မြင်ကွန်းမြို့စားမင်းသား သီရိဓမ္မရာဇာနှင့်စုံဖက်ခဲ့သည်။ သမီးတော် နှစ်ပါးထွန်းကားရာ သမီးတော်ကြီးမှာ ငယ်ကလွန်သည်။ သမီး တော်ကလေး(ငယ်နာမည်မခင်လေး)သည် ခေါင်ဖုရားဖြစ်လာ သည်။ (မြင်းခုံတိုင်မင်းသားနှင့် ကိုယ်လုပ်တော်ခင်လေးဖုရားတို့၏ သားတော်ကြီး ထိပ်တင်ကြီးနှင့်ပြန်လည် စုံဖက်သည်။) (၁၂၂၈)ခု၊ မြင်ကွန်းမြင်းခုံတိုင်အရေးကြောင့် မြင်ကွန်းညီနောင် အောက်ပြည် အောက်ရွာသို့ထွက်ပြေးရသောအခါ မြောက်သားတော် တောင်ညို ထိပ်ခေါင်တင်သည် သမီးတော်ကလေးနှင့်အတူ မန္တလေး နန်း ထက်တွင်ကျန်ခဲ့သည်။ မြင်ကွန်းမြင်းခုံတိုင်အရေးကြောင့် အိမ်ရှေ့စံ ကနောင်မင်း နတ်ရွာစံရလေရာ အိမ်ရှေ့တော်ဆက်များသည် ထိုမင်းသားနှစ်ပါးအား အလွန်မုန်းတီးနာကျည်းသည်ဟုဆိုသည်။ တောင်ညိုထိပ်ခေါင်တင်မှာမူ လင်သားဖြစ်နေ၍ အောက်ပြည် အောက်ရွာတွင် မြင်ကွန်းမင်းသား ဘေးရန်ကင်းဝေးစေရန်



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်း လေ့ရှိသည်ဟုဆိုပါသည်။ ဤသို့တောင်ညို ထိပ်ခေါင်တင်၏အပြုအမူကို အိမ်ရှေ့မင်းသမီးတော်များက ကိုယ့်ခမည်းတော် သတ်သူအား ဘေးရန်ကင်းဝေးအောင် ဆုတောင်းရပါမည်လားဟု မကျေမနပ်ရှိကြသည်။ ထိုသူများအထဲတွင် ကောင်းတုံ ထိပ်ခေါင်တင်သည် အကဲဆုံးဟုဆိုသည်။

တောင်းတုံထိပ်ခေါင်တင်ဆိုသူမှာ အိမ်ရှေ့စံကနောင်မင်းနှင့် ဆောင်ရကိုယ်လုပ်တော်သခင်ကြီး ခင်ဖုံတို့မှဖွားတော်မူသော သမီးတော်ဖြစ်သည်။ ကောင်းတုံမြို့ကို အသုံးကံကျေးခံရပြီး သုသီရိသာမာဝတီဘွဲ့မည်ခံသည်။ ငယ်မည်မှာ မယ်ဆွေဂုံဟုခေါ်သည်။ တောင်းတုံတိပ်ခေါင်တင်သည် အစ်မတော် တောင်ညို ထိပ်ခေါင်တင် အဆောင်သို့လာပြီး–

"အမလေး...အနှစာတသတ်မကြီးရဲ့၊ ကိုယ့်ခမည်းတော်သတ် သူကိုများ ဘေးရန်ကဝေးအောင် ဆုတောင်းနေရသေးသတဲ့လား" ဟုရန်တွေ့ပြော ပြောလေ့ရှိသည်ဟုဆိုပါသည်။ အစ်မတော်ကြီးများဖြစ်သည့် ပထမရန်အောင်မြင်မင်းသမီး၊ စမ္ဗယ်နဂိုရ်မင်းသမီး၊ ဆားလင်းကြီးမင်းသမီး၊ မင်းပြင်မင်းသမီးတို့က ဤကဲ့သို့မပြောမဆို၊ ရန်မတွေ့ရလေအောင်ဆုံးမသော်လည်း မရဟုဆိုပါသည်။ သို့နှင့်ပင်တောင်ညိုထိပ်ခေါင်တင် သီရိသဒ္ဒါဝတီသည် ခမည်းတော်အတွက်လည်းစိတ်မကောင်း၊ လင်သားအတွက်လည်းပူဆွေးရနှင့် စိတ်ထောင်းကိုယ်ကြေဖြစ်ကာ မြင်ကွန်းမြင်းခုံ တိုင်အရေးတော်ပုံဖြစ်ပြီး (၂)နှစ်ခန့်အကြာ (၁၂၃၀)ပြည့်နှစ်တွင် ကံကုန်တော်မူသွားပါသည်။

ရန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပါတော်မူပြီးနောက် အိမ်ရှေ့ဘုရားသမီးတော် ကောင်းတုံထိပ်ခေါင်တင်သည် အရုပ်သားဦးခင်ဆိုသူနှင့်လက်ဆက်ခဲ့သည်။ (၁၂၅၁) ခုနှစ်တွင် သမီးတော် ကောင်းတုံထိပ်တင်မကြီးကို ဖွားသည်။ ကောင်းတုံထိပ်တင်မကြီးအောက် ကောင်းတုံထိပ်တင်ကလေးဟုခေါ်သော သားတော်တစ်ပါးဖွားသေးသည်။ ကောင်းတုံထိပ်တင်မကြီးသည် သမီးဦးဖြစ်ပေရာ ဖခင်ဦးခင်နှင့် မယ်တော်ကောင်းတုံထိပ်ခေါင်တင်တို့ကအလွန်အလိုလိုက်ခဲ့သည်ဟုဆိုပါသည်။ ထိုစဉ်က မောင်တော်ကောင်းတုံထိပ်တင်ကလေးလည်း မမွေးသေးပေရာ ကောင်းတုံထိပ်တင်မကြီးမှာ ကစားဖော်မရှိဘဲ တစ်ဦးတည်းကစားရသည်ဟုဆိုပါသည်။ မိဘများက တစ်ဦးတည်းသော သမီးတော်လေးကို အတိုင်းအဆမရှိ မုန့်ပဲသားရေစာစားရန်ပေးသော်လည်း ရုတ်တရက်မစားဘဲ "ဒါက ပုတိမ်းနောင်တော်အတွက်တစ်ပုံ၊ ဒါက စမ္ဗူယ်နဂိုရ်ကလေး အတွက်တစ်ပုံ၊ ဒါက တိုင်းတားမောင်တော်လေးအတွက်တစ်ပုံ" စသည်ဖြင့် ဝေပုံချပြီးမှ သူ့ဘာသာသူ စားလေ့ရှိသည်ဟုဆိုပါသည်။ ဤအခြင်းအရာကိုမြင်ရသော လူကြီးများနှင့် ဆွေတော် မျိုးတော်များက "ဩော်...ကောင်းတုံထိပ်တင်မကြီးဟာ တောင်ညို့ထိပ်ခေါင်တင်ဝင်စားတာပါလား၊ အရင်ဘဝက ကောင်းတုံထိပ်ခေါင်တင် ညီမတော်လေးက သူ့ကိုသွားပြီး ရန်တွေ့နေသည်ကိုစွဲကာ သည်ညီမတော်လေး၏ ဝမ်းတွင်မှ လာဝင်စားရလေတယ်" ဟုကောက်ချက်ချတော်မူကြသည်ဟုဆိုပါသည်။ ဖော်ပြပါ ကောင်းတုံထိပ်တင်မကြီး၏ လှုဝင်စားမှုကိစ္စတွင် ဖခင်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



က ဝင်စားသူမှာ တောင်ညိုထိပ်ခေါင်တင်ဖြစ်ပြီး ယခုဘဝတွင် တူမတော်အဖြစ် ကောင်းတုံထိပ်တင်မကြီးဟုလာဖြစ်ရလေသည်။ နှစ်ဘဝလုံး ကုန်းဘောင်မင်းဆက်ပင်ဖြစ်သည်။ ကောင်းတုံထိပ်တင်မကြီးသည် (၁၃၁၂)ခု၊ သီတင်းကျွတ်လဆန်း(၂)ရက်နေ့တွင် ကံကုန်တော်မူသည်။

ကုန်းဘောင်မင်းဆက်လူဝင်စားထဲမှ စာရေးသူ သိသော တတိယလူ ဝင်စားမှုမှာလည်း အိမ်ရှေ့တော်ဆက်ထဲမှပင်ဖြစ်ပါသည်။ ထိုလူဝင်စားမှာ အိမ်ရှေ့စံကနောင်မင်း၏ သားတော် မြင်းမှူးမင်းသားကြီးထိပ်တင်ကိုယ်တော်စိုး၏ သားတော်အငယ်ဆုံး ထိပ်တင်ဆွေပင်ဖြစ်ပါသည်။ မြင်းမှူးမင်းသားကြီးထိပ်တင်ကိုယ်တော်စိုးဆိုသူမှာ အိမ်ရှေ့စံကနောင်မင်းနှင့် ဆောင်ရသခင်ကြီး သုသီရိသဉ္ဇာခင်သဲအူ (ရွှေဘိုမြို့သူကြီး ဦးရွှေရေးသမီး) တို့၏ တစ်ပါးတည်းသောသားတော်ဖြစ်ပါသည်။ ထိပ်တင် ကိုယ်တော်စိုးသည် အိမ်ထောင်ဆက်များသည်။ သူ၏ ပထမဆုံး အိမ်ထောင်ဘက်မှာ အိမ်ရှေ့မင်းသမီးတော် ထိပ်ခေါင်တင်ခင်ဖြစ်သည်။ ထိပ်ခေါင်တင်ခင်က ဖဲအလွန်ကစားသည်ဟုဆိုသည်။ ရွှေမန်းကျီးတောင့်နှင့်ဖဲရိုက်သည်။ သို့ဖြင့် လင်မယား အဆင်မပြေဖြစ်ကာ သမီးလေးနှစ်ပါး အမွှာမွေးပြီး လင်မယားကွဲကြသည်။ သမီးလေးနှစ်ပါးလည်း ငယ်ငယ်နှင့်ပင်လွန်သည်။ ထိပ်တင်ကိုယ်တော်စိုး၏ ဒုတိယအိမ်ထောင်မှာ အစ်မတော် စမွယ်နဂိုရ်မင်းသမီး၏ အပျိုတော် ခင်ခင်ခဆိုသူဖြစ်သည်။ တတိယအိမ်ထောင်ဆက်မှာ ရေနံချောင်းမင်းကြီး ဦးစို၏ မြေး မခုန်းပွင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသူဖြစ်သည်။ စတုတ္ထအိမ်ထောင်ဆက်မှာ အရပ်သူ ခင်ခင်ရွှေ ဖြစ်ပါသည်။ ထိပ်တင်ကိုယ်တော်စိုးနှင့် မြောက်သားတော် ခင်ခင်ရွှေတို့တွင် သားတော်သမီးတော် (၉)ပါးထွန်းကားရာ သားတော်အငယ်ဆုံး ထိပ်တင်ဆွေသည် လှူဝင်စားဖြစ်သည်။ ထိပ်တင်ဆွေသည် (၁၂၇၈)ခု၊ တပေါင်းလပြည့်ကျော်(၁၅) ရက်ဖွားဖြစ်ပါသည်။

မြင်းမှူးမင်းသားထိပ်တင်ကိုယ်တော်စိုး၏ ပထမဆုံး အိမ်ထောင် ထိပ်ခေါင်တင်ခင်မှာ အိမ်ရှေ့စံကနောင်မင်းနှင့် ကိုယ်လုပ်တော်ဆောင်ရ သခင်ကြီး ခင်ဖွားကြီး(ပုဂံမင်းလက်ထက် သံတော်ဆင့်မဟာဇမင်းလှကျော်စွာ၏သမီး)တို့၏ သမီးတော် အငယ်ဖြစ်သည်။ အိမ်ရှေ့မင်းနှင့်ခင်ဖွားကြီးတို့တွင် သမီးတော် (၅)ပါးထွန်းကားရာ (၃)ပါးမှာ ငယ်ကလွန်၍ ထိပ်ခေါင်တင် ကောင်းနှင့်ထိပ်ခေါင်တင်ခင်ဟူ၍ သမီးတော်နှစ်ပါးသာ အဖတ် တင်ပါသည်။ အိမ်ရှေ့စံကနောင်မင်း နတ်ရွာစံပြီးနောက် ခင်ဖွား ကြီးသည် မတ္တရာဝန် ဦးဖိုးသော့နှင့် နောက် အိမ်ထောင်ပြုသည်။ ထိုအိမ်ထောင်နှင့် ခင်မောင်ကြီးဟုခေါ်သော သားတစ်ယောက် ထွန်းကားပြန်သည်။ ကြီးပြင်းလာသောအခါ ခင်မောင်ကြီးသည် မြို့အုပ်ဖြစ်လာသည်။ ထိပ်ခေါင်တင်ခင်နှင့် ခင်မောင်ကြီးတို့သည် မအေတူဖအေကွဲမောင်နှမဖြစ်ရာ ထိပ်တင်ကိုယ်တော်စိုးနှင့် ခင်မောင်ကြီးသည် သမီးယောက်ဖတော်သည်။ ထိုမြို့အုပ် ခင်မောင် ကြီးကွယ်လွန်သောအခါ ယောက်ဖတော်သူ ထိပ်ဘင်ကိုယ်တော် စိုး၏ စတုတ္ထအိမ်ထောင်ခင်ခင်ရွှေတွင် သားတော်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တင်ဆွေအဖြစ် လာရောက်ဝင်စားခြင်းဖြစ်သည်။ ယခင်ဘဝမြို့အုပ်ဦးခင်မောင်ကြီး၏ အမူအကျင့်များအားလုံး ယခုဘဝထိပ်တင်ဆွေတွင် ပါလာသည်ဟုအဆိုရှိပါသည်။ ထိပ်တင်ဆွေသည် ပတိမ်းထိပ်တင်မကြီးဆိုသူနှင့်အိမ်ထောင်ကျသည်။ ပတိမ်းထိပ်တင်မကြီးမှာ အိမ်ရှေ့စံကနောင်မင်း၏သားတော်ကြီး ပတိမ်းမင်းသားနှင့် လှိုင်ထိပ်ခေါင် တင်ဖွားတို့စုံဖက်၍ရသော ပတိမ်းထိပ်တင်ကလေးနှင့် ကျိုက်ပဒိုင်သူ ဒေါ်နှင်းမြတို့၏သမီးကြီးဖြစ်သည်။ ထိပ်တင်ဆွေနှင့် ပတိမ်းထိပ်တင်မကြီးတို့သည် သားသမီးများထွန်းကားသော်လည်း ငယ်စဉ်ကပင်ဆုံးပါးသွားကြသည်။ ပတိမ်းထိပ်တင်မကြီးသည်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် ကံကုန်သွားရှာသည်။ ထိပ်တင်ဆွေ၏ လူဝင်စားမှုကိစ္စတွင် ယခင်ဘဝကဝင်စားသည်မှာ ဖခင်ဖြစ်သူ၏ ယောက်ဖ မြို့အုပ်ခင်မောင်ကြီးဖြစ်ပြီး ယခုဘဝတွင် ယောက်ဖတော်၏ စတုတ္ထအိမ်ထောင်မှ သားတော်လာဖြစ်ရလေသည်။

စာရေးသူသိသော စတုတ္ထလူဝင်စားမှုမှာ အိမ်ရှေ့တော်ဆက်ထဲမှပင်ဖြစ်သည်။ ထိုလူဝင်စားမှာ အထက်၌ဖော်ပြခဲ့သောလူဝင်စားထိပ်တင်ဆွေ၏ မြောက်သားတော် ပတိမ်းထိပ်တင်မကြီး၏မောင်အငယ်ဆုံးဖြစ်သည်။ ပတိမ်းထိပ်တင်ကလေးနှင့်ဒေါ်နှင်းမြတို့မှ သားသမီး(၅)ယောက်ထွန်းကားသည်။ ထိပ်တင်ညွန့်၊ ထိပ်တင်မကြီး၊ ထိပ်တင်လှ၊ ထိပ်တင်မလေးနှင့် ထိပ်တင်စောတို့ဖြစ်သည်။ အကြီးဆုံးထိပ်တင်ညွန့်ကှ် အငယ်ဆုံးထိပ်တင်စောတို့သည် ယောကျ်ားလေးများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပတိမ်းထိပ်တင်ကလေး၏ မြောက်သားတော် ဒေါ်နှင်းမြ၏ ညီမ ဒေါ်ရီသည် သူဌေးကြီးဆာဖိုးသာ၏ဇနီး လေဒီသာဖြစ်သည်။ ဒေါ်နှင်းမြနှင့်ဒေါ်ရီ(လေဒီသာ)တို့၏ဖခင်သည် ကွယ်လွန်သော အခါ ဒေါ်နှင်းမြဝမ်းတွင် လာဝင်စားပြီး ထိပ်တင်စောဖြစ်လာ သည်။ ထိပ်တင်စော လေးငါးနှစ်အရွယ်က ရန်ကုန်ရှိ လေဒီသာ၏ အိမ်တွင် ရှေ့နေတစ်ဦးနှင့် လေဒီသာတို့ဧည့်ခန်းတွင်ကိစ္စတစ်ခု ကိုဆွေးနွေးနေကြသည်ဆိုသည်။ ထိပ်တင်စောသည်အနားတွင် လာရပ်၍နေ၏။ မိခင်ဖြစ်သူဒေါ်နှင်းမြက ကလေးအရာမဟုတ် ၍ ခေါ်ထုတ်ရာမလိုက်ဘဲ ဇွတ်ပေ၍နေသည်။ လက်ကိုအတင်း ဆွဲ၍ခေါ်ရာ–

"မရီကို စိတ်မချဘူး၊ စိတ်မချဘူး"

ဟုအော်ဟစ်ကာ ရုန်းကန်၍ငိုတော့သည်ဆိုပါသည်။ ဤသို့ဖြစ်ပျက်ပြီးသည့်နေ့မှစ၍ ဆက်မေးကြည့်ရာမှ ထိပ်တင်စော သည် ဒေါ်နှင်းမြနှင့် လေဒီသာတို့၏ဖခင်ဝင်စားသည်ဟုသိရ တော့သည်။ ထိုအချိန်မှစ၍ ထိပ်တင်စောကို ဒေါ်နှင်းမြနှင့် လေဒီသာတို့က "အဖေကြီး"ဟုခေါ်ရာမှ အစ်မများကလည်း လိုက်ခေါ်ကြရာ ထိပ်တင်စောငယ်မည် "အဖေကြီး"ဟု တွင် သွားတော့သည်။

ထိပ်တင်စောသည် အသက်(၇၁)နှစ်တွင် လူ့ဝတ်ကြောင်ကို စွန့်၍ ရဟန်းပြုသွားသည်။ ယခုထိသက်ရှိထင်ရှားရှိပါသေးသည်။ ပတိမ်းထိပ်တင်စော၏ လူဝင်စားမှုကိစ္စတွင် ယခင်ဘဝက မိခင် ဘက်မှ အဘိုးဖြစ်ပြီး ယခုဘဝတွင် မြေးလာဖြစ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာတွင် ဘဝသံသရာကို ယုံကြည်မှုရှိပေရာ ဤယုံကြည်ယူဆချက်သည် အကျိုးမယုတ်ပေ။ ကောင်းသော အကြောင်းတရားနှင့် အကျိုးရှိသောယုံကြည်မှုပင်ဖြစ်သည်။ ဤသည်မှာ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ဓလေ့ပင်ဖြစ်သည်။ ထို့ကြောင့် "ပျောက်သောသူရှာလျှင်တွေ့၊ သေသောသူကြာလျှင်မေ့"ဟူ သောစကားတွင် "သင်ယုံကြည်မှု၊ သေသူကိုပြန်လည်တွေ့"ဟူ၍ပင် ဖြည့်စွက်လိုက်ချင်ပါတော့သည်။

[သည်ဆောင်းပါးဖြစ်ပေါ်ရေးအတွက် ကူညီသော အိမ်ရှေ့တော်ဆက်များနှင့် ထိပ်တင်ကိုယ်တော်စိုး၏ မြေးသမက်တော် ဦးစိန်မောင်ဦးတို့အား ကျေးဇူးတင်ရှိပါသည်။]

မောင်သန်းဆွေ(ထားဝယ်)



www.burmeseclassic.com